
www.burmeseclassic.com

# ဂမ္ဘီရနှင်းဆီတစ်ပွင့်

နှင့်

## သူတို့ရေးသောဂမ္ဘီရဝတ္ထုများ




မား၊ ဆွေမြင့်၊ မော်ဝန်းကြည်မြတ်၊ မောင်သွေးရင့်၊ ရန္တာမိုးကြယ်၊ မောင်မြင့်မား

ကိုမောင်သန်းဝင်း၊ ဇလွန်ကျော်ဦး၊ ဓနုတ်ဟိတ်ထားဇော်၊ မောင်ညီထုံ၊ လူလေး

www.burmeseclassic.com

www.burmeseclassic.com

**စိစစ်သူ**

မောင်သွေးရှင်

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | ကံကောင်း |
| ဒီဇိုင်း | အောင်မျိုး (Rays) |
| အဖုံးအလင်း | Eagle |
| အတွင်းအလင်း | ထက်အာကာကျော် |
| ကွန်ပျူတာ | Deep Blue |
| စာအုပ်ချုပ် | ရွှေမိသားစု |
| ထုတ်ဝေသည့်ကာလ | ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ |
| တန်ဖိုး | (၉၀၀) ကျပ် |

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၇၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၃၀၆၀၈ .. အရ ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက် (၀၇၈၉၅)၊ အမှတ် (၁၁၇)၊ လမ်း ၄၀၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးပုံနှိပ်၍ ဦးရဲမြင့်၊ ချမ်းသာပုံနှိပ်တိုက် (၀၆၁၀၃)၊ အမှတ် (၅၃)၊ ၅၅ လမ်း၊ ရန်ကုန်မြို့မှ အတွင်းစာသားရိုက်နှိပ်ပြီး ဦးရဲမြင့်၊ ချမ်းသာစာပေ (၂၉၉)၊ ဖျဉ်းမဖြိုင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ ပထမအကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

**ဖြန့်ချိရေး**

ဆောင်းစာပေ

တိုက် (၅၇)၊ အခန်း (၄-F)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

နမောဗုဒ္ဓါယ

ဝါသနာစာပေ စာစဉ် (၁၀)

# ဂမ္ဘီရနှင်းဆီတစ်ပွင့်

နှင့်

## သူတို့ရေးသော ဂမ္ဘီရဝတ္ထုများ

**ဝါသနာစာပေ**

အခန်း(၂)၊ ဗိုလ်တထောင် အ.ထ.က(၆) ရှေ့အိမ်၊
ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၇၀၃၇၇၊ ၃၇၀၃၇၈၃

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | ကလောင်အမည် | စာမူအမည် | စာမျက်နှာ |
| --- | --- | --- | --- |
| ၁။ | ဆရာကြီးအရိန္နမာ | ဗားမဲ့ဆရာတော်၏ အံ့ဩဘနန်းဖြစ်ရပ်ဆန်း | ၆ |
| ၂။ | ဓဆွမြင့် | ဂမ္ဘီရနှင့်ယှဉ်သော အလွမ်းသမားဇော်ဖြစ်ရပ် | ၃၁ |
| ၃။ | မျှော်ဝန်းကြည်မြတ် | အိပ်မက်အလွန် | ၄၈ |
| ၄။ | ရန္တာမိုးကြယ် | ဂန္ဓာရီဆရာ မြနှင့်ယတြာကုထုံး | ၇၆ |
| ၅။ | မောင်သွေးရှင့် | ဂမ္ဘီရနှင်းဆီတစ်ပွင့် | ၉၁ |
| ၆။ | မောင်ညိုမှိုင်း(သန်လျင်) | နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံရစဉ်က | ၁၀၈ |
| ၇။ | မောင်မြင်မား(အိုကလေး) | ကျွန်ုပ်နှင့် ထူးဆန်းသောလူပုလေးများ | ၁၂၂ |
| ၈။ | ကိုမောင်သန်းဝင်း | ဆန်းကြယ်တဲ့ညဉ့် | ၁၃၇ |
| ၉။ | ဇလွန်ကျော်ဦး | ခြတောင်ပို့နှင့်ဖြစ်ရပ်ဆန်း | ၁၅၄ |
| ၁၀။ | နေတိုးဟိန်းဇော် | ရုမ္မက်မီးလျှံနှင့်ရေသူမကျိန်စာ | ၁၇၅ |
| ၁၁။ | မောင်တည်တံ့(ယင်းတော်) | သက်သေ | ၁၈၆ |
| ၁၂။ | လူလေး(မြစ်ဝကျွန်းပေါ်) | လူဝင်စားမောင်သန်းစိန် | ၁၉၉ |


# အမှာ

သုတ ရသ ခံစားမှုများကိုပေးစွမ်းနိုင်သော ဂမ္ဘီရဝတ္ထုများသည် စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

သို့ရှိလည်း စာဖတ်သူများ နှစ်သက်စွာ အားပေးကြခြင်း ဖြစ်ပါလိမ့်မည်။

သို့သော်...

စာဖတ်သူများသည် ဂမ္ဘီရစာရေးဆရာများကိုကား မြင်ဖူးကြသူ နည်းလှပေလိမ့်မည်။

ယခု ဤစာအုပ်တွင် စာဖတ်သူများအား စာရေးသူများ၏ ဓာတ်ပုံ၊ လက်ရေး လက်မှတ်များနှင့်တကွ မိတ်ဆက်ပေးထားသည်ဖြစ်ရာ ကျေနပ် နှစ်ခြိုက်ကြလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း...။

မောင်သွေးရှင့်

(ဝါသနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးအရိန္ဒမာ

ဟားမဲ့ဆရာတော်၏
အံ့ဩဘနန်းဖြစ်ရပ်ဆန်းများ

၁၉၃၁-ခုနှစ်၊ နိုဝင်ဘာလ ထုတ် [illegible]

(ဆရာကြီးအရိန္ဒမာ)

BURMESE CLASSIC

## ဟားမဲ့ဆရာတော်၏ အံ့ဩဘနန်းဖြစ်ရပ်ဆန်းများ

<၁>

မြန်မာ့လောကီဂန္ဓာရီနယ်ပယ်တွင် နေဘာစ်ဆူ၊ လဘာစ်ဆူ ကဲ့သို့ ထင်ရှားခဲ့သော ဟားမဲ့ဆရာတော်အကြောင်းကို အကျွန်ုပ်ငယ်စဉ်တောင်ကျေးဘဝက မိဘဘိုးဘွားများက ဒဏ္ဍာရီပုံပြင်သဖွယ် ပြောပြခဲ့၍ သိခဲ့၊ ကြားခဲ့၊ မှတ်သားခဲ့ရဖူး၏။

အကျွန်ုပ် လူလားမြောက်လာပြီး မိမိ၏ဝါသနာအလျောက် မြန်မာ့ဂမ္ဘီရသိပ္ပ ဝိဇ္ဇာမရ လောကီပညာရပ်များကို စူးစမ်းလေ့လာကြည့်ရှုသောအခါ ဟားမဲ့ဆရာတော်ကြီး၏ ထက်မြက်သည့်စွမ်းရည်တို့ကို သိရှိခဲ့ရ၏။

ယင်းသို့သိရှိခဲ့ရသောနှစ်မျိုးကို စုစည်းပေါင်းစပ်တင်ပြပါအံ့။

▶▶ ◀◀



www.burmeseclassic.com

www.burmeseclassic.com



< ၂ >

## ရှင်နန္ဒသာရ

ဘားမဲ့ဆရာတော်သည် ရခိုင်ပြည်နယ်စပ်၊ တားမဲ့တောင်ခြေရွာတွင် သက္ကရာဇ်(၉၃၃) ခုနှစ်၌ ဖွားမြင်တော်မူခဲ့သည်ဆို၏။ ဟံသာဝတီပြည်၌ ရှင်သာမဏေပြုသည်။ စာပေပိဋကတ်တို့ကို သင်ကြားတတ်မြောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ 'ရှင်နန္ဒသာရ'ဖြစ်၏။

## ကြေးနီပုရပိုက်

တစ်နေ့သ၌ ဟံသာဝတီမြစ်ကမ်းနားသို့ ဒေသစာရီကြွချီတော်မူခိုက် သူရူးတစ်ယောက်နှင့် ကြုံတွေ့သည်။ ထိုစဉ်ဝယ် မိကျောင်းတစ်ကောင်သည် ကြေးနီပုရပိုက်ကို ကိုက်ချီပြီး ပေါ်လာကာ ကမ်းခြေသို့ကူးလာ၏။

သာမဏေသည် မိကျောင်းအား တအံ့တဩကြည့်ရှုနေရာမှ သူရူးအား "ကြေးနီပုရပိုက်ကို လုယူပါ" ဟုပြောလေ၏။

သူရူးက သာမဏေစေခိုင်းသည့်အတိုင်း ရေထဲသို့ဆင်းကာ မိကျောင်းပါးစပ်တွင်းမှ ပုရပိုက်ကို လု၍ယူ၏။

သူရူးက သူရရှိခဲ့သော ကြေးနီပုရပိုက်ကို သာမဏေအားပေးအပ်သည်။ သာမဏေသည် ကြေးနီပုရပိုက်ကို ကြည့်ရှုသည်။ အချို့သောပညာရပ်များကိုသိသည်။ အချို့သော ပညာရပ်များကို နားမလည်။ သို့အတွက်ကြောင့် မေးမြန်းစုံစမ်းလေ့လာခြင်းတို့ကို



ပြုလုပ်ခဲ့သည်။ တစ်နှစ်တည်းဟူသော အချိန်ကာလသာ ကုန်လွန်လာခဲ့လေပြီ။

ထို့နောက် ဟံသာဝတီမြို့ ရွှေလေးထပ်ဆရာတော်ကျောင်း၌ ရဟန်းပြုတော်မူသည်။ ကြေးနီပုရပိုက်မှ အတတ်ပညာရပ်များကို မည်သို့မည်ပုံကြံဆရမည် မသိသေးသောကြောင့် အခက်အခဲနှင့်ကြုံတွေ့နေရ၏။

## မဟာသိဒ္ဓိ

ထိုကဲ့သို့ဖြစ်စဉ် တစ်ညသ၌ တားမဲ့ဆရာတော်ဖြစ်လတ္တံ့သော 'ရှင်နန္ဒသာရ' ဘွဲ့အမည်ရှိသော ရဟန်းပျိုသည် အင်ကြင်းပင်အောက်တွင် ဆောက်လုပ်ထားသော ဝါးကျောင်းငယ်လေးဝယ် 'ဗုဒ္ဓနုဿတိ' ကမ္မဋ္ဌာန်းတရားကို ပွားများနေတော်မူ၏။

ယင်းအခိုက်ဝယ် ဒကာယောက်ျားတစ်ယောက်သည် သူသီတင်းသုံးနေရာကျောင်းသို့ ရောက်ရှိလာသည်ဆို၏။ အထူးသဖြင့် ထိုယောက်ျားသည် မွှေးကြိုင်သောရနံ့ရှိသောလူ ဖြစ်လေ၏။

ထိုအခါ ရှင်နန္ဒသာရက "အသင် ဘယ်သူလဲ" ဟု၍ မေး၏။

ဒကာယောက်ျားက...

"တပည့်တော်ဟာ ဝိဇ္ဇာမိုရ်ယောက်ျားပါဘုရား"

"အသင့်ရဲ့ အမည်နာမက..."

"မဟာသိဒ္ဓိလို့ခေါ်ကြောင်းပါဘုရား" ဟု၍ လျှောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက်တွင် တားမဲ့ဆရာတော်လောင်းလျာ ရဟန်းတော် 'ရှင်နန္ဒသာရ' သည် သူသိရှိလိုသော အကြောင်းအရာတို့ကို ဝမ်းသာအားရ အစဉ်တစိုက်မေးမြန်းလေသည်။ ဝိဇ္ဇာမိုရ်ယောကျ်ားကလည်း သူသိရှိလိုသမျှတို့ကို ဖြေကြားသည်။ ယင်းကဲ့သို့ အဖြေပေးသော စကားများထဲတွင် "တပည့်တော်ဟာ ဆေးပင်တွေပေါက်တဲ့ သီရိရုက္ခမည်တဲ့တောင်မှာ နေထိုင်ပါတယ်။ ဒီတောင်ကြီးရဲ့ အနီးအနားမှာ အလွန်ကြီးမားတဲ့ ဂန္ဓာမာနတောင်ရှိပါတယ်။ ဒီတောင်မှာ ကြီးမားတဲ့ ရွှေဂူ၊ ငွေဂူတွေလည်း ရှိပါတယ်။ အဲဒီအနီးအနားမှာ မနောတတ်ရေအိုင်ရှိပါတယ်။ ရေအိုင်ထဲမှာ တန်ခိုးကြီးတဲ့ နဂါး၊ ဂဠုန်တွေမှစပြီး ဝိဇ္ဇာမိုရ်ယောကျ်ားတွေနဲ့ အချို့နတ်တွေဟာ ရေမိုးသုံးသပ်ပြီး သန့်စင်ပျော်ပါး ရေကစားကြပါတယ်" ဟူ၍ ပါရှိ၏။

ထိုအခါ ရှင်နန္ဒသာရက . .

"ခုး . ဒီအရပ်ကို အသင် အဘယ်အကြောင်းနဲ့ ရောက်ရှိလာပါသလဲ"

"အရှင်ဘုရားနဲ့ တပည့်တော်တို့ဟာ လွန်လေခဲ့တဲ့ဘဝတုန်းက ညီအစ်ကိုအရင်းအချာတွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ရွှေပေကို လှူဒါန်းဖို့ လာရောက်ခြင်းဖြစ်ပါတယ်။ ဒီစာပါ ပညာရပ်တွေကို လေ့လာလိုက်စားရင် အလိုရှိသမျှတွေ ပြီးပြည့်စုံတော်မူပါလိမ့်မယ်ဘုရား" ဟူ၍ လျှောက်ထား၏။



## တောင်တော်ရွှေပုဂ္ဂါး

ထိုအခါ ရှင်နန္ဒသာရသည် မိကျောင်းပါးစပ်အတွင်းမှ ရရှိထားသော ကြေးနီပုရပိုက်ကို ပြသပြီး သူမသိ၊ မရှင်းမလင်းသည့် အကြောင်းခြင်းရာတို့ကို မေးမြန်းကြည့်၏။

ထိုအခါ ဝိဇ္ဇာမိုရ်ယောကျ်ားက "တပည့်တော်မှာ အရှင်ဘုရားအား သင်ကြားပြသပေးဖို့ အချိန်မရနိုင်ပါ။ ပုပ္ပားတောင်ရဲ့ အရှေ့ဘက်မှာ ကျောက်လိုဏ်ဂူရှိပါတယ်။ ဒီကျောက်လိုဏ်ဂူထဲမှာ နေတဲ့ အင်းဘီလူးထံကိုသွားရောက်ပြီး အမဲသားအတုံးငယ်လေးတွေပြုလုပ်ကာ 'အင်းဘီလူး . . မင်း အမဲသားစားမလား' လို့ မေးပါဘုရား။ 'စားမယ်' လို့ အဖြေပေးပါလိမ့်မယ်။ ဒီအခါမှာ ခပ်လှမ်းလှမ်းကနေပြီး အမဲသားတုံးလေးတွေကို ပစ်ပြီးပေးပါ။ ဘီလူးရဲ့ပါးစပ်ထဲကိုရောက်ပြီး စားနေတုန်း ကိုယ်သိရှိလိုသမျှတွေကိုမေးမြန်းပါ။ ပြောပါလိမ့်မယ်။ နောက်ဆုံးအမဲသားအတုံးကြီးကြီးကို ပေးထားခဲ့ပြီးရင် အမြန်ဆုံးပြန်ကြွတော်မူခဲ့ပါဘုရား" ဟူ၍ လျှောက်ထား၏။

ဝိဇ္ဇာမိုရ်ယောကျ်ား၏စကားကို တားမဲ့ဆရာတော်လောင်း ရှင်နန္ဒသာရက များစွာအားရနှစ်ခြိုက်တော်မူ၏။

ရှင်နန္ဒသာရက "ကျေးဇူးတင်တယ်ဒကာတော်" ဟူ၍ ပြောပြီး ဆက်လက်၍ "လွန်လေခဲ့တဲ့ဘဝတုန်းက ညီအစ်ကိုတော်စပ်ခဲ့တယ်ဆိုတာတောင် အခုလောက်ကြာမှ လာရောက်ထောက်ပံ့ခြင်းဟာ မေ့လျော့နေလို့ရှိလိမ့်မယ်" ဟူ၍ မိန့်ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝိဇ္ဇာဓိုရ်ယောက်ျားက "မွေ့လျော်နေလို့ မဟုတ်ပါဘူးဘုရား။ လူတွေနေထိုင်တဲ့အရပ်ဒေသကို လာရောက်ရခြင်းဟာ လွန်စွာမှဝန်လေးလှပါတယ်။ ဘုန်းကံကြီးမားတဲ့ လူများထံ ဒါမှမဟုတ် သီလ၊ သမာဓိ စတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့သူတွေထံကိုတော့ အခုလို လာလို၊ ရောက်လိုတဲ့စိတ် ရှိပါတယ်။ အရှင်ဘုရားဟာလည်း သီလသိက္ခာစင်ကြယ်နေလို့သာ တပည့်တော်လာရောက်လိုတဲ့စိတ် အတိုင်း လာရောက်ရပါတယ်ဘုရား" ဟူ၍ အလုံးစုံတို့ကိုလျှောက်ထားတာ နှုတ်ဆက်ပြီး ပြန်သွားပါတော့၏။

ထို့နောက်တွင် တားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရသည် ပုပ္ပားတောင်တော်သို့သွားရောက်ရန် ဆုံးဖြတ်လိုက်သည်။ ဆရာတော်သည် တပည့်ဖြစ်သူ သာမဏေရှင်မုန်ယိုနှင့်အတူ ပုပ္ပားတောင်တော်သို့သွားရောက်၍ ဝိဇ္ဇာဓိုရ်ယောက်ျား မိန့်ဆိုသွားခဲ့သည့်အတိုင်း အင်းဘီလူးနှင့်တွေ့ဆုံကာ ကိစ္စပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြသည်။ ဆရာတော်သည် ဂန္ဓာရီသိပ္ပံ၊ ဝိဇ္ဇာမရေ လောကီပညာရပ်များစွာတို့ကို ရရှိသဖြင့် နှစ်ထောင်းအားရရှိတော်မူ၏။

ထို့နောက်တွင် ဆရာတော်နှင့် တပည့်ဖြစ်သူရှင်မုန်ယိုတို့သည် ပုပ္ပားတောင်တော်မှ ဟံသာဝတီမြို့တော်သို့ ပြန်လည်၍ကြွမြန်းလာခဲ့ကြ၏။

ဆရာတော်သည် ခက်ခဲနက်နဲလှသော ဂန္ဓာရီသိပ္ပံ၊ ဝိဇ္ဇာမရေပညာရပ်တို့ကို လေ့လာလိုက်စားသည်နှင့်အညီ အရပ်ရပ်သော





ထူးထွေဆန်းပြားသည့် လောကီဘက်ဆိုင်ရာ အတတ်ပညာများစွာတို့ကိုလည်း ထမြောက်အောင်မြင်တော်မူ၍ အလွန်ကျော်ကြားထင်ရှားတော်မူ၏။

လောကီပိုင်းဆိုင်ရာ ဂန္ဓာရီသိပ္ပံ အတတ်ပညာရပ်များစွာတို့ကိုလည်း စဉ်ဆက်မပြတ် စမ်းသပ်လုပ်ကိုင်နေသည်။ အစဉ်မပြတ် တွေးတောကြံဆ စူးစမ်းလေ့လာနေသည်။ ထိုကဲ့သို့လုပ်ကိုင်ဆောင်ရွက်နေတော်မူသည်တို့ကို တစ်ယောက်စကား တစ်ယောက်နားဖြင့် ရွှေနန်းရှင်ဘုရင့်နားသို့ ပေါက်ကြားလေတော့၏။

ထိုကဲ့သို့သော လောကီဂန္ဓာရီသိပ္ပံပညာရပ်များကို အရှင်နန္ဒသာရသည် အထူးဝါသနာပါစိုက်၍ လေ့လာလိုက်စားနေကြောင်းကို ငါးဆူဒါယကာမင်းတရားကြီးက ကြားသိတော်မူရာ အထူးပင်စိတ်ဝင်တစားရှိလှ၏။

## နန္ဒသာရကာဝိဇ္ဇ

ဆရာတော်သည် သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ညောင်ရမ်းမြို့သို့ ရောက်ရှိသွားခဲ့ရ၏။ ထိုစဉ်သမယက မင်းရဲနန္ဒမိတ်အမည်ရှိသော 'ညောင်ရမ်းမင်း' သည် ရှင်နန္ဒသာရ၏ ထေရုပ္ပတ္တိနှင့် လောကီဂန္ဓာရီသိပ္ပံပညာရပ်၏ အစွမ်းသတ္တိထက်မြက်မှုများကို စုံစမ်းသိရှိတော်မူလျှင် နှစ်ထောင်းအားရဖြစ်တော်မူလှ၏။

ယင်းအတွက်ကြောင့် ဆရာတော်အား 'နန္ဒာသာရကာဝိဇ္ဇ'

www.burmeseclassic.com



ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ပြီး ကျောင်းဆောက်တာ ကိုးကွယ်တော်မူသည်။ ထိုအခါသမယကစ၍ အရှင်နန္ဒသာရသည် 'တားမဲ့ဆရာတော်' ဟူပြီး ထင်ရှားကျော်ကြားလာတော့၏။

**စကားချပ်။** ။ "ဟံသာဝတီပဲခူးတစ်ဝိုက်၌ 'တား' သို့မဟုတ် 'ဘား' သည် မွန်စကား 'ဖယ်' ဟု အသံထွက်ပြီး မြန်မာဘာသာဖြင့် 'ကျောင်း' ဟုအဓိပ္ပာယ်ရ၏။ ယင်းကျောင်း၌ သီတင်းသုံးသောဘုန်းကြီးကို ကျောင်းအမည်ကိုလိုက်ပြီး ခေါ်ဝေါ်လေ့ရှိသည်။ ကျောင်းအမည်ကိုလည်း ကျောင်းဝင်းအတွင်းရှိ အများသိသောသစ်ပင်မျိုးမည်ကိုလည်းကောင်း၊ ထူးခြားသောအရာကိုလည်းကောင်း အစွဲပြု၍ ခေါ်လေ့ရှိ၏။

| | | |
|---|---|---|
| ၁။ တားမဲ့ | = | ဖယ်မဲ့ (အမဲ့ပင်ကျောင်း) |
| ၂။ တားထီး | = | ဖယ်ထီး (ကေရာဇ်ပင်ကျောင်း) |
| ၃။ တားမြိုက် | = | ဖယ်မရိုက် (ရှောင်ပင်ကျောင်း) |
| ၄။ တားတမော့ | = | ဖယ်တမော့ (ကျောက်စွန်းကျောင်း) |
| ၅။ တားကရာ | = | ဖယ်ကရာ (ခရေပင်ကျောင်း) |
| ၆။ တားတွဲ | = | ဖယ်တွန် (ပထမကျောင်း) |
| ၇။ တားနိုင် | = | ဖယ်နိုင် (အနန်းပင်ကျောင်း) |
| ၈။ တားထော် | = | ဖယ်ထော် (ရွှေကျောင်း) |
| ၉။ တားနိုက် | = | ဖယ်နိုက် (ကန့်ကလာပင်ကျောင်း) |

တားဆရာတော်များမှာ လောကုတ္တရာရေးထက် လောကီရေးကို ဦးစားပေးကြသည်။ လောကီအတတ်ပညာအမျိုးမျိုးတို့ကိုလည်း ကျွမ်းကျင်တတ်မြောက်ကြသည်။ တားမဲ့ဆရာတော်မှာ လောကီပညာရပ်တွင် အထူးကျော်ကြားသည်။ ကျန်တားဆရာတော်ရှစ်ပါးတို့မှာကား တားမဲ့မှ ဆင့်ကဲပြန့်ပွားခြင်းဖြစ်ဟန်တူသည်။ တားမဲ့ဆရာတော်နှင့် တစ်ချိန်တည်းလောက်တွင် တားထီး၊ တားမြိုက်၊ တားတမော့ဆရာတော်များ ပေါ်လာပြီး ကျန်ငါးပါးမှာ နှောင်းခေတ်ကျမှ ပေါ်ပေါက်လာဟန်တူသည်" ဟူ၍ မြန်-စာ-ပြန့်စာအုပ်တွင် ဆရာပါရဂူရေးသားသည့် ဟံသာဝတီခေတ်သာသနာရေးအခြေအနေဆောင်းပါး ဟံသာဝတီမော်ကွန်းတင်စာတန်းများတွင် ဖတ်ရှုခဲ့ဖူး၏။

▸▸ ◂◂



≺၃≻

## ဘုန်းကြီးမည့်နိမိတ်

ထိုနောက်ပိုင်းကာလတွင် တိုင်းရေးပြည်ရေးသည် မငြိမ်မသက်ဖြစ်လာသည်။ ထို့ကြောင့် ရွှေနန်းရှင်ဘုရင်မင်းမြတ်သည် တားမဲ့ဆရာတော်အားပင့်ဖိတ်၍ "အရှင်မြတ်ဘုရား. . ။ နောင်တော်မင်းတရားကြီးဟာ တိုင်းပြည်နိုင်ငံကို ပွားစည်းအောင်မပြုလုပ်နိုင်။ ဒီအတိုင်းသာ အချိန်ကြာလာလျှင် နိုင်ငံအရေးဟာ ဆိုက်လာလိမ့်မယ်။ ဘယ်လိုများစီမံကြံစည်၍ သင့်တော်မလဲဘုရား။ ဟံသာဝတီမှာကို စစ်ချီပြီး လုပ်ကြံရရင် သင့်မတော်မလား။ နေရင်း





www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းမှာပဲ နေရရင် ကောင်းမလား။ ရတနာပူရ အင်းဝနေပြည်တော်ကို ချီတက်လုပ်ကြံရရင် သင့်မလား။ အမိန့်ရှိတော်မူပါဘုရား" ဟူ၍ လျှောက်ထား၏။

"ဒကာတော်မင်းမြတ်. . ။ မွန်သုံးရပ်ဟာ ဇာတာအရနန်းစံနိမ့်နေတယ်။ ထောင်းထောင်းညက်ညက် ကြေပျက်လိမ့်မယ်။ ညောင်ရမ်းမြို့ဟာ မင်းတို့စံရာ ရာဇဌာနီမဟုတ်ဘူး။ အင်းဝမြို့သာ ရာဇဌာနီ မြန်မာတို့ဦးစွန်းတည်ရာအရပ်ဖြစ်တယ်။ တိုင်းခရိုင်နိုင်ငံလည်း အလွန်ကျယ်ဝန်းတယ်။ ရတနာပူရ အင်းဝပြည်ကြီးမှာနေပြီး အရပ်ရပ်ကိုသိမ်းယူတော်မူရင် အရန်ထီးဆောင်းမင်းအပေါင်းတို့ကို စိုးမိုးပိုင်သပြီး သားစဉ်မြေးဆက် လက်နက်နိုင်ငံတော်ကြီးဖြစ်လာလိမ့်မယ်။ သာသနာတော်လည်း အလွန်ပွင့်လင်းစည်ကားလာမယ်။ မြန်မာတစ်နိုင်ငံလုံးကို လက်ရုံးဆန့်ကာ စိုးမိုးပိုင်နိုင်ဖို့အစီအရင်မှာ ဆရာတော်ရဲ့တာဝန်ထား" ဟူ၍ မိန့်တော်မူ၏။

ဘုရင်မင်းတရားကြီးနှင့်တကွ မှူးတော်မတ်တော်ပညာရှိအပေါင်းတို့သည် အကြိုက်ချင်းညီကြသည့်အားလျော်စွာ အရပ်ရပ်သော လောကီဂမ္ဘီရသိပ္ပပညာကိုယ်တော်၏ အဆောင်အရွက်နှင့်တကွ သန်လျက်တော်၊ ရွှေယပ်၊ ရွှေသုတ်ပဝါမှစ၍ အလံ၊ ဗုံ၊ မောင်း၊ ဆင်၊ မြင်း၊ တံခွန်၊ စည်ကြီး၊ ချွတ်ခွင်း စသည်တို့ကို စီရင်တော်မူသည်။

မင်းတရားကြီးသည် ညောင်ရမ်းမြို့တွင်ရှိသော အမှုထမ်း၊





အရာထမ်းတို့ကို အပါးတော်သို့လာရောက်စေပြီး အရပ်ရပ်ကိုကို သိမ်းကျုံးစည်းကြပ်ရန် တားမဲ့ဆရာတော်ထံပါး၌ အပ်နှံလေ၏။

တားမဲ့ဆရာတော်က လောကီအစီအမံတို့ကို လုပ်ငန်းအလျောက် သင်ကြားညွှန်ကြားလုပ်ကိုင်စေပြီး အင်းဝမြို့သို့ချီတက်စေသည်။ တပ်ချထားစဉ် ဆီးတောအရပ်၌ တဲတော်ကို မီးသင့်၏။ ဆရာတော်က စိုးရိမ်ပူပန်ခြင်း အလျဉ်းမရှိ။ မီးဟောက်မီးလျှံကဲ့သို့ ပင် ဘုန်းတန်ခိုးကြီးမည်ဟု နိမိတ်ကောက်တော်မူ၍ ဆက်လက်ချီတက်စေကာ မင်း၏နေပြည်တော်တစ်ခုလုံးကို အခက်အခဲမရှိ သိမ်းပိုက်နိုင်ခဲ့၏။

<၄>

**ပတ္တမြားရတနာ**

တစ်နေ့သ၌ မိုးကုတ်ကျောက်မြင်က ဆက်ရောက်လာသည့် ကျောက်မျက်ရတနာများ၏တန်ဖိုးကို ရာဖြတ်တို့က ဖြတ်ဆိုနေကြသည်။ ထိုစဉ်ဝယ် တားမဲ့ဆရာတော်ကြွရောက်လာသည်နှင့် ကြုံကြိုက်နေ၍ ဆရာတော်က "ငါ့မှာ သံပရာသီးတစ်ခြမ်းလောက်ရှိတဲ့ ကျောက်နီကြီးတစ်လုံးရှိတယ်။ ရာဖြတ်တို့ ကျောင်းကိုလာရောက်ပြီး ရာဖြတ်လှည့်" ဟူ၍ဆိုကာ ကျောင်းသို့ပြန်လည်ကြွသွားတော်၏။

သုံးရက်ခန့်ရှိသောအခါ ရာဖြတ်တို့သည် တားမဲ့ဆရာတော်ကျောင်းသို့ သွားကြသည်။ ကျောင်းသို့ရောက်ရှိလေသော်



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ဘုရားဆီမှာရှိတဲ့ ကျောက်နီကြီးကို ဘန်ဖိုးဖြတ်ဖို့ ရောက်လာပါတယ်ဘုရား" တူ၍ လျှောက်ထား၏။

ထိုအခါ တားမဲ့ဆရာတော်ဘုရားသည် သတိမေ့လျော့နေ၍ ကျောင်းခန်းအတွင်းသို့ ခဏဝင်သွားပြီး . .

"မောင်ရင်တို့မှာ သံပရာသီး အသင့်မရှိကြဘူးလား"

"ခြံထဲမှာ အပင်ရှိပါတယ်ဘုရား"

"ဒါဖြင့် သံပရာသီးယူချေ" ဟူ၍ ခိုင်းလိုက်၏။

သံပရာသီးကို စေခိုင်းသည့်အတိုင်း ယူဆောင်လာသော အခါ တားမဲ့ဆရာတော်က သံပရာသီးကို ခြမ်းလိုက်သည်။ တစ်ခြမ်းကို မန္တန်ဖြင့်စုတ်လိုက်သောအခါ ယုန်သွေးကဲ့သို့သော ပတ္တမြားကြီး ဖြစ်ပေါ်လာသည်ကို အံ့ဩဖွယ်ရာမြင်တွေ့ကြရ၏။

ဂမ္ဘီရသိပ္ပ ဝိဇ္ဇာဓရ လောကီအတတ်ပညာဖြင့် ပြုလုပ်ဖန်တီးထားသော ပတ္တမြားကြီးကို တားမဲ့ဆရာတော်က ရာဖြတ်တို့အား ပြသည်။

"ဒီပတ္တမြားကျောက်မျက်ရတနာမျိုးဟာ ရွှေနန်းတော်ထဲမှာလည်း မရှိကြောင်းပါ။ စကြဝတေးမင်းရဲ့ ပတ္တမြားရတနာမျိုးဖြစ်သောကြောင့် တန်ဖိုးမဖြတ်ဝံ့ကြောင်းပါဘုရား" ဟူ၍ လျှောက်တင်ကြသည်။

အချိန်ကြာလတ်သော် ပတ္တမြားကြီးကို ရာဖြတ်တို့လက်ပြောင်းကြည့်နေစဉ်မှာပင် တားမဲ့ဆရာတော်က ရေမန်းဖြင့် ပက်





ဖျန်းပွတ်သပ်လိုက်ရာ သမ္ဗရာ(သံပရာ)သီးအတိုင်း နဂိုမူလပြန်ဖြစ်သွားသောအခါ ထိုအံ့ဖွယ်သရဲအဖြစ်ကို ရာဖြတ်တို့က ချီးမွမ်းလျက် ပြန်သွားကြတော့၏။

တစ်နေ့သောအခါတွင် တားမဲ့ဆရာတော်ဘုရားသည် သူ့ကျောင်းတွင် ရှိန်းဆာယာရိပ်ဝင်ဆေးကိုဖော်လျက် ထိုဆေးကို တပည့်တစ်ယောက်၏နဖူးပြင်တွင် သုတ်လိမ်းပေးပြီး မင်းကြောဇ်ပွဲတော်တည်ရာထမင်းဝိုင်းမှာ လက်နှိုက်၍စားခဲ့ဟု အမိန့်ပေးလိုက်သည်။

ထိုသူသည် တားမဲ့ဆရာတော်မိန့်ဆိုသည့်အတိုင်း ပွဲတော်တည်ရာအဆောင်တော်၌ ဘုရင့်ထမင်းပွဲတွင် လက်နှိုက်၍ စားသောက်ခဲ့သည်။ နန်းတော်မှ ပြန်ရောက်လာပြီး ဆရာတော်ထံသို့ ရောက်ရှိလေသော် ဆရာတော်က အကြောင်းစုံကိုမေးမြန်းတော်မူ၏။

ထိုအခါ "ကျေးဇူးကြီးမြတ်လှပါတယ်ဘုရား။ တပည့်တော်အား ဘယ်သူတစ်စုံတစ်ယောက်ကမျှ မသိမမြင်ကြပါ။ ရှင်ဘုရားကိုယ်တော်တိုင်လည်း မသိရှိပါ။ ဘဝရှင်မင်းတရားကြီးကလည်း ပွဲတော်ထမင်းကုန်လွယ်တယ်လို့ ထင်နေပါတယ်။ တပည့်တော်လည်း မဝပါ။ မင်းတရားကြီးလည်း ပွဲတော်မဝပါ" ဟူ၍ လျှောက်တင်လေ၏။

တားမဲ့ဆရာတော်ဘုရားက "ကဲ. . ဒီလောက်ဆို တော်ပြီ။ နောင်ကို နန်းတော်ကို မသွားနဲ့တော့" ဟူ၍ ပိတ်ပင်တားမြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တပည့်ဖြစ်သူက နားမထောင်ပါ။ ဟားမဲ့ဆရာတော်၏ ဆေးတော်ကိုယူ၍ သုံးရက်လေးရက် နန်းတော်သို့ ဆက်တိုက်သွားရောက်ပြီး ပွဲတော်အုပ်ကို စားနေတော့၏။

တစ်နေ့သော် ဘဝရှင်မင်းတရားကြီးက ဟားမဲ့ဆရာတော်ဘုရားအား "ယခုတစ်လော ပွဲတော်အုပ်ထမင်းစားသောက်ရတာ အကုန်မြန်လှပါတယ်ဘုရား" ဟူ၍ လျှောက်ထား၏။

ထိုအခါ ဟားမဲ့ဆရာတော်ဘုရားက တပည့်ဖြစ်သူ၏ လက်ချက်ဖြစ်သည်ကို ရိပ်စားမိ၍ "မင်းကြီး . . ပွဲတော်ထမင်းကို မင်းကြီးရဲ့ပန်းကန်ထဲမှာ အနည်းငယ်သာခူးခပ်ထားပြီး ကျန်တဲ့ဟင်းပန်းကန်တွေမှာ ငရုတ်မှုန့်တွေကိုထည့်ပါ။ ထမင်းဟင်းလျာတွေမှာလည်း ငရုတ်စပ်လှအောင်ချက်ထားရင် အဖြေပေါ်ပါလိမ့်မယ်" ဟူ၍ မိန့်တော်မူ၏။

ထိုကဲ့သို့စီရင်သောအခါ ပွဲတော်အုပ်ထမင်းကိုခိုးစားသူ၏ နဖူးက ချွေးများထွက်လေသော် မှန်ကူဆေးပြယ်၍ ကိုယ်လုံးပေါ်ကာ ထင်ရှားလာသည်ဆို၏။

ယင်းအခါတွင် ထိုသူကိုဖမ်းဆီး၍ မေးမြန်းစစ်ဆေးရာ ထိုသူက "ဟားမဲ့ဆရာတော်က ဆေးတော်စမ်းသပ်ခိုင်းလို့ ခိုးစားမိပါတယ်။ နောင်သောအခါမှာ ဘုရင့်ပွဲတော်ဟာ အရသာရှိလွန်းလို့ ဆရာတော့်ဆေးအကူအညီနဲ့ စားသောက်မိပါတယ်ဘုရား" ဟူ၍ ဝန်ခံ၏။



ဘုရင်ကလည်း ထိုသူပြောစကား မှန်၊ မမှန်ကို သိရှိလိုသောကြောင့် "ဆရာတော်ရဲ့တပည့် ဆေးစမ်းတာမှန်ရင် အသက်ကို ချမ်းသာပေးစေ။ မမှန်ရင် ရာဇဝတ်ဒဏ်စီရင်စေ" ဟူ၍ အမိန့်တော်ချမှတ်တော်မူပြီး ဟားမဲ့ဆရာတော်၏ကျောင်းတော်သို့ စေလွှတ်ကာ အကျိုးအကြောင်းကို စုံစမ်းလျှောက်ထားမေးမြန်း၏။

ဟားမဲ့ဆရာတော်ဘုရားက "အရင်က ဆေးစမ်းတာ မှန်တယ်။ နောင် သူ့အလိုအလျောက် ဆေးကို ခိုးယူပြီး မှန်ကူသွားဟန်တူတယ်။ ဒါပေမဲ့ ချမ်းသာပါစေ" ဟူ၍ မိန့်တော်မူလိုက်၏။

ဘုရင်သည် ဟားမဲ့ဆရာတော်ကို ကြည်ညိုလေးစားသောစိတ်ကြောင့် ဆရာတော်၏စကားကို နားထောင်တော်မူပြီး တရားခံဖြစ်သော ထိုသူကို အပြစ်မှလွှတ်ပေးလိုက်လေ၏။

## ရွှေဂူဝင်ခြံသေ့ဆေး

သက္ကရာဇ် ၉၆၇ ခုနှစ်တွင် ညောင်ရမ်းမင်းတရားကွယ်လွန်၍ သားတော်မဟာဓမ္မရာဇာဓိပတိ နန်းတက်တော်မူ၏။

ဟားမဲ့ဆရာတော်ဘုရားကို အလွန်အမင်းသဒ္ဓါတော်မူလွန်း၍ ကျောင်းသစ်ဆောက်လုပ်လှူဒါန်းသည်။ ဟားမဲ့ဆရာတော်က ဘုရင်အား ရွှေဂူဝင်ခြံနှသံ့ဆေးကို ချီးမြှင့်တော်မူရာ လက်ဝဲနံ၌ ရွှေဂူထွက်ဆေးကို ထိုးနှံသည်။ လက်ဝဲနံတွင် ရွှေဂူဝင်ဆေးကို ထိုးနှံသည်။ ဤဆေးတော်များကို မစင်ကြယ်သောအရာများနှင့် မထိပါး



www.burmeseclassic.com

www.burmeseclassic.com



စေရဟုလည်း အမိန့်ရှိလိုက်၏။

တစ်ခါတစ်ရံ ထိပါးတတ်သည်။ အကျိုတူရင် ဆင်တော်မမူဘဲ နွေအခါများမှသာ မိဖုရားများနှင့်အတူ စံတော်မူသည်ဆို၏။

## တောင်ငူခံတပ်

တစ်ရံရောအခါ နန်းတော်သို့ တားမဲ့ဆရာတော်အား ဘုရင်မင်းမြတ်က ပင့်ဖိတ်၍ "တောင်ငူမြို့ဟာ မြို့ပြကျယ်တယ်။ ခိုင်ခံ့တယ်။ လက်နက်လူသူလည်း များပြားတယ်။ ဆန်ရေစပါးလည်း ဝပြောတယ်။ ဗေဒင်ယတြာတတ်ကျွမ်းတဲ့ ရှင်မုန်ယိုဆိုသူလည်း ရှိတယ်။ သူတို့ဟာ တပည့်တော်အပေါ်မှာ မကျိုးမနွံ အခိုင်အလုံ နေပါတယ်။ ဒါကြောင့် တောင်ငူမြို့ကို အရင်ချီတက်ပြီး လုပ်ကြံရရင် ကောင်းမလား၊ ဒါမှမဟုတ် အခြားတိုင်းတစ်ပါးကို ချီတက်တိုက်ရရင် ကောင်းမလားဆိုတာကို ကွဲကွဲပြားပြားအမိန့်ရှိတော်မူပါဘုရား" ဟူ၍ လျှောက်ထား၏။

ထိုအခါ တားမဲ့ဆရာတော်ဘုရားက "ဒါယကာတော်. . .။ တောင်ငူမြို့ဟာ ဒါယကာတော်ပြောသလို မှန်ပါတယ်။ ရှင်မုန်ယိုဟာ ယတြာကြီးကိုမတတ်။ ယတြာလတ်ကိုသာ တတ်တယ်။ ချီတက်လုပ်ကြံတော်မူရင် အောင်တော့အောင်မယ်။ ကြာပေဦးမယ်။ ဒါပေမဲ့ တေဇအရပ် ကတက်ပင်ရှိရာမှာ တပ်ချပါ။ သင့်တယ်" ဟူ၍ မိန့်တော်မူပြီးလျှင် ကျောင်းသို့ပြန်လည်ကြွသွားခဲ့၏။





မင်းတရားကြီးလည်း တောင်ငူမြို့သို့ဝင်ချီတော်မူလေရာ အစကပင် ရန်သူများဝင်ရောက်လာတော့မည်ကို ကြိုတင်သိနှင့်နေသော ရှင်မုန်ယိုက မြို့နားပတ်ဝန်းကျင်၌ရှိသည့် ကတက်ပင်တို့ကို တစ်ပင်မကျန်အောင် ခုတ်လှဲထားစေခဲ့သည်။ ကတက်ပင်ဟူသမျှတို့ကို အမြစ်မှမကျန်အောင်ကို တူးယူစေပြီး ရေသို့ချစေသည်။

တောင်ငူမြို့တွင်း၌လည်း လူနှင့်တိရစ္ဆာန်တို့အတွက် စပါး၊ ထင်း၊ မြက် အစရှိသည်တို့ကို အလုံအလောက်သွင်းထားစေသည်။ တံခါး၊ ပစ္စင်၊ ရင်တာ၊ သူရဲခို၊ ကျုံးပြောင်း၊ ကတုတ်၊ ကျောင်းလျှောက်စသည်တို့ကို ကောင်းမွန်ခိုင်ခံ့အောင် လုပ်ဆောင်ထားစေ၏။

စစ်လမ်းခရီးတစ်လျှောက်လုံးတွင်ရှိသော ကျီကျနှင့် ဇပါးများကိုလည်း ကုန်အောင်သယ်ယူစေသည်။ ရေလွှတ်ဆည်မြောင်း၊ ရေတွင်း၊ ရေကန်များကိုလည်း ဖျက်ဆီးထားစေသည်။ ထိုကား စစ်ပရိယာယ်၊ ဉာဏ်စစ်တို့၏ အကာအကွယ်ဖြစ်၏။

မင်းတရားကြီးသည် ယင်းသို့ စစ်ချီတက်လာပြီး တောင်ငူမြို့၊ တေဇအရပ်၌ ကတက်ပင်ကိုရှာဖွေသော်လည်း မမြင်တွေ့ရပါ။ ပျဉ်ပုံများကို တပ်ဂေည်ရန် ရွှေ့ပြောင်းနေရာယူသောအခါ လူတစ်ရပ်ခန့်ရှိသော ကတက်ပင်တစ်ပင်ကို မြင်တွေ့ကြရ၏။

ထိုအကြောင်းကို မင်းတရားကြီးအားလျှောက်ထားရာ "ဒီအရပ်ဟာ ငါ့ဆရာတော်မှာတဲ့အရပ်ဖြစ်တယ်။ တပ်ခိုင်ခိုင်အောင်စွဲရမယ်။ အမိန့်တော်အတိုင်း တည်စေရမယ်။ ဒီတပ်တော်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ငါကိုယ်တိုင် နန်းတော်ဆောက်ပြီး စံတော်မူမယ်" ဟူ၍ မိန့်တော်မူ၏။

ထိုသို့နေစဉ်အတွင်း ညသုံးချက်တီးအချိန်သို့ကျရောက်လျှင် ရှင်မုန်ယိုတို့ လောကီပညာဖြင့် အစိမ်းတိုက်စီစဉ်ထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့သည် လူသူဆင်မြင်း အသွားအလာတို့ကို ခတ်သည်။ ဝှေ့သည်။ စစ်တပ်သည်လည်း ငါးရက်တစ်ခါ၊ ခြောက်ရက်တစ်ခါ အမြဲကြောက်လန့်ကုန်၏။

▸▸ ◂◂

<၅>

**ဒေါက်ချာ**

ထိုအကြောင်းအရာကို တားမဲ့ဆရာတော်ဘုရားရှိရာသို့ မြင်းသည်တော်များကိုစေလွှတ်၍ လျှောက်ထားစေသည်။ တားမဲ့ဆရာတော်က မည်သို့မျှမမိန့်ကြားဘဲ ဒေါက်ချာကိုယူ၍ ဦးခေါင်း၌စွပ်လိုက်ပြီး အတန်ကြာလျှင် ဦးခေါင်းကပြန်ချွတ်၍ ကြမ်းပြင်ပေါ်သို့ပစ်ချကာ ကျက်သရေခန်းအတွင်းသို့ ဝင်ရောက်သွားတော့၏။

မြင်းသည်တော်တို့က‌ား တားမဲ့ဆရာတော်ဘုရား ကျက်သရေခန်းအတွင်းသို့ ဝင်ရောက်သွားသည်မှာ အချိန်ကြာမြင့်လှပြီဖြစ်သောကြောင့် မည်သို့မည်ပုံအမိန့်ရှိမည်ကို အကြိမ်ကြိမ်လျှောက်ထား၏။ သို့သော် တားမဲ့ဆရာတော်ဘုရားသည် မည်သို့မျှစကား





မဝံ့ပြန်သေး။ ဆိတ်ဆိတ်သာနေတော်မူ၏။

သို့ဖြစ်သည့်အလျောက် ထိုအကြောင်းကို ကျောင်းနေပဉ္စင်းကြီးအား လျှောက်ထားအကူအညီတောင်းခံရာ ပဉ္စင်းကြီးသည် ကျက်သရေခန်းအတွင်းသို့ ဝင်ရောက်ရန် တံခါးကိုတွန်းဖွင့်ကြည့်သည်။ တံခါးရွက်ကို အတွင်းမှ ချက်ထိုးပိတ်ထား၍ မဝင်နိုင်ဖြစ်နေ၏။

"ယခု တပည့်တော်တို့လာရတာဟာ ရာဇဝတ်ဘေးကို ဦးခေါင်းထက်မှာတင်ပြီး လာရောက်ရခြင်းဖြစ်ပါတယ်ဘုရား။ နေ့ရက်ကြာညောင်း အကြောင်းမထူးရင် တပည့်တော်တို့ရဲ့အသက် မရှိနိုင်တော့ပါ။ အမြန်ပြန်တော့မယ်ဘုရား" ဟူ၍ လျှောက်ထားပြီး ပြန်သွားကြပါတော့၏။

မြင်းသည်တော်တို့ တပ်မတော်သို့ ပြန်လည်ရောက်ရှိပြီး မင်းတရားကြီးရှေ့တော်မှောက်သို့ ရောက်ရှိသောအခါ တားမဲ့ဆရာတော်ဘုရားပြုမူဆောင်ရွက်ပုံကို ပြန်လည်ပြီးလျှောက်ထားကြ၏။

မင်းတရားကြီးသည် အကင်းပါးသူဖြစ်သည့်အားလျော်စွာ သာသနာရေး၊ ဘာသာရေးမှုဖြစ်၍ ငါ့ဆရာတော် မမိန့်ဆိုလိုက်ခြင်းဖြစ်ဟန်တူသည်။ ဒေါက်ချာကို ကြမ်းပြင်ပေါ်၌ပစ်ချသော အရိပ်နိမိတ်ကို ထောက်ချင့်ကြည့်သော် မြတ်စောညီနောင်စေတီတော်မှ ထီးတော်ကိုချရမည်ဟု ဆိုလိုက်ဟန်ရှိ၏။ မြတ်စောညီနောင်ဘုရားသည် တောင်ငူမြို့ကိုတည်သည့်တာလက တစ်ပြိုင်တည်း



www.burmeseclassic.com

www.burmeseclassic.com



တည်သည့် အဆောက်အဦစေတီတော်ဖြစ်သည်။ ထိုဘုရားထီးတော်ကိုချသော် ရှင်မုန်ယိုစီရင်ထားသော ကျွဲခေါင်း၊ နွားခေါင်းရိုးတို့သည် ပျောက်ကွယ်သွားမည်မှာ မုချ။ တပ်တော်သည် ထိတ်လန့်ခြင်းမရှိဖြစ်မည်ဟုဆိုကာ မြတ်စောညီနောင်စေတီတော်မှ ထီးတော်ကို အမြန်သွားရောက်ပြီး ချစေ၏။

မြတ်စောညီနောင်ဘုရားမှ ထီးတော်ကို ချပြီးသည်နှင့် ရှင်မုန်ယိုစီမံချက်တို့သည် ပျက်စီးသွား၍ တောင်ငူမြို့ကိုလည်း သိမ်းပိုက်ရရှိသွားတော့၏။

## ရှင်မုန်ယို

ရှင်မုန်ယို၏အတ္ထုပ္ပတ္တိမှာ ဤသို့ဖြစ်၏။

ရှင်မုန်ယိုသည် ကလင်းရွာသားဖြစ်သည်။ ရဟန်းဖြစ်၍ အညာအကြေအနှံ့အပြားသို့ သွားရောက်လျက် အင်းအိုင်ဆေးဝါးမန္တရားတို့ကို ရှာဖွေလေ့လာထားသည်များကို ဟားမဲ့ဆရာတော်ဘုရား ညောင်ရမ်း၌နေစဉ် ကျောင်းသို့ရောက်ရှိလာပြီး နည်းနာခံယူခဲ့ဖူးသူဖြစ်၏။

ရှင်မုန်ယိုကို အမိမျက်နှာမြင်စဉ်ကပင် ပါးတွင် မုန်အိုးမုန်တွင်း ဆင်များကဲ့သို့ပါလာသည်။ အမျက်ထွက်လျှင် ဆင်များကဲ့သို့ပင် မုန်အိုးက မုန်ရည်ယိုထွက်လာသည်ဖြစ်သောကြောင့် ရှင်မုန်ယိုဟူ၍ ခေါ်ဝေါ်သမုတ်ထားကြခြင်းဖြစ်၏။





အရေးတော်ပုံကြီးပြီးစီး၍ မင်းတရားကြီးသည် တပ်စဉ်အတိုင်း အင်းဝနေပြည်တော်သို့ ပြန်လည်ကြွမြန်းတော်မူသည်။

## လောကီပရိယာယ်

ဟားမဲ့ဆရာတော်ဘုရားသည် ဂမ္ဘီရသိပ္ပ ဝိဇ္ဇာဓရ လောကီပညာရပ်တို့ကို လေ့လာလိုက်စားသော်လည်း ရဟန်းဝိနည်းဥပဒေတော်များကို ရိုသေလေးစားသော လက္ခဏာရှိ၏။

အဘယ့်ကြောင့်ဟူမူ မြတ်စောညီနောင်ဘုရားမှ ထီးတော်ကို ချရမည်ဟု မိန့်ဆိုတော်မမူဘဲ ဒေါက်ချာကိုဆောင်းပြီး တစ်ဖန်ဒေါက်ချာကိုကြမ်းပြင်ပေါ်သို့ပစ်ချလိုက်သည်ကို ပရိယာယ်လက္ခဏာသဘောမှာ ဆရာတော်သည် ဝိနည်းသိက္ခာတော်တို့ကို လိုက်နာကြောင်း ထင်ရှား၏။

ယင်းကဲ့သို့သော ပရိယာယ်ဖြင့်ပြသသည်ကိုပင် မင်းတရားကြီးကလည်း ပါးနပ်လိမ္မာသူပီပီ ပရိယာယ်နိမိတ်တို့ကို ကောက်ယူတတ်၍ ဘုရားထီးတော်ကိုချနိုင်သဖြင့် အရေးတော်ပုံကြီး အောင်မြင်သွားနိုင်ခြင်းဖြစ်သည်ဆို၏။

## သုံးခွန်းစကား

ဟံသာဝတီ ငါးဆူဒါယကာမင်း (နန္ဒဘုရင်) လက်ထက်တော်တွင် တိုင်းပြည်သည် မငြိမ်မဝပ်ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒဘုရင်က ဤသို့ဖြစ်ပျက်ရခြင်းကို သိရှိလိုသောကြောင့် ဟားမဲ့၊ ဟားမြိုက်၊ ဟားမွတ်၊ ဟားတမော့၊ ဟားကရာ စသောမွန်ဆရာတော်တို့ကို နန်းတော်သို့ပင့်ဆောင်ပြီး မေးလျှောက်၏။

ထိုအခါ ဟားမဲ့ဆရာတော်ဘုရားက "သာသနာတော်ကို သိကြားစောင့်တယ်မဟုတ်လား။ သိကြားကိုမေးမှ သိနိုင်မယ်" ဟူ၍ မိန့်တော်မူရာ ဘုရင်က . .

"သိကြားကိုမေးမြန်းဖို့ အလွန့်ကိုခက်ပါတယ်ဘုရား"

"မစိုးရိမ်နဲ့ဒကာတော်။ သိကြားနဲ့တွေ့ဖို့ ငါ့တာဝန်ထားပါ။ မြို့ဝမှာ တန်ဆောင်းမဏ္ဍပ်ပလ္လင်ဆောက်လုပ်ပါ။ သိကြားမင်းဆင်းလာစေရမယ်။ လာရောက်တဲ့အခါ နတ်သိကြားတို့မည်သည်မှာ စကားများများမပြော။ ဒါကြောင့် မိမိလိုရာစကားသုံးခွန်းကိုသာ မေးပါ" ဟူ၍ ဆရာတော်က မိန့်ဆို၏။

ထိုကဲ့သို့ ဟားမဲ့ဆရာတော်က မိန့်ဆိုခဲ့သည့်အတိုင်း စီမံဆောင်ရွက်သောအခါ သိကြားမင်းက ဆင်းရောက်လာ၏။

(၁) မေး ။ ။ တာဝတိံသာနှင့် လူပြည် ယူဇနာရှစ်သောင်းလေးထောင်ကွာသည်။ မည်သည့်အချိန်က ကြွခဲ့ပါသနည်း။

ဖြေ ။ ။ နတ်သိကြားတို့ အာနုဘော်တို့ကြောင့် ခဏဖြင့် ရောက်နိုင်ပါသည်။

(၂) မေး ။ ။ သိကြားမင်း ကျန်းခံ့သာ၍ ချမ်းသာပါ၏လော။





ဖြေ ။ ။ လူမင်းတို့၏မေတ္တာကြောင့် ကျန်းခံ့သာ မာပါ၏။

(၃) မေး ။ ။ သုဇာတာ၊ သုမာလာ စသော မိဖုရားတို့ရော ကျန်းခံ့သာ မာပါ၏လော။

ဖြေ ။ ။ လူမင်းတို့၏မေတ္တာကြောင့် ကျန်းခံ့သာ မာပါ၏။

ဤသို့ စကားသုံးခွန်း သုံးကြိမ်ပြည့်သဖြင့် သိကြားမင်းလည်း ပျောက်ကွယ်၍သွားတော့၏။

ယင်းကဲ့သို့ ဘုရင်နှင့် သိကြားမင်းတို့ အလ္လာပသလ္လာပ နှုတ်ဆက်ရုံမျှဖြင့် သုံးကြိမ်စေ့သွားပြီး သိကြားမင်းကွယ်ပျောက်သွားသောကြောင့် အရေးပါအရာရောက်သောစကားတို့ကို မမေးမြန်းလိုက်ရပါ။

ထိုအခါ နန္ဒဘုရင်သည် စိတ်လက်မကြည်မသာဖြစ်ကာ "ဒီဆရာတော်ဟာ ဆေးဝါး၊ မန္တရား၊ ပယောဂတို့နဲ့ ပြုလုပ်ဖန်ဆင်းပြီး ငါ့ကိုလိမ်လည်ခြင်းသာ ဖြစ်တန်တယ်" ဟူ၍ အထင်တော်လွဲမှားကာ ဟားမဲ့ဆရာတော်၏ အတတ်ပညာရပ်အပေါ်တွင် စိုးရိမ်မကင်းဖြစ်လာသည့်အတွက် ဟားမဲ့ဆရာတော်ဘုရားအား တခြားတစ်ရပ်သို့ နှင်ပို့လိုက်တော့၏။

ခြသေ့်ဆီနှင့် အုန်းမှုတ်ခွက်သည် မည်ကဲ့သို့လိုက်ဖက်ပါမည်နည်း။

ဤဖော်ပြပါတို့သည် သိဒ္ဓိပေါက်ဟားမဲ့ဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ အကျဉ်းချုပ်ငယ်စဉ်တောင်ကျေးတောလေးဘဝ မိဘ

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားတို့က ဒဏ္ဍာရီပုံပြင်သဖွယ် ပြောပြခဲ့သည်များကို မှတ်သား မိသ၍ကို ပြန်လည်ရေးသားမှတ်တမ်းတင်ထားခြင်းသာဖြစ်၏။

အမှန်မှာ တားမဲ့ဆရာတော်ဘုရားကြီးနှင့် ဆက်နွယ်ပတ်သက်နေသော အံ့သြဘနန်းဖြစ်ရပ်ဆန်းများသည် ထိုမျှသာရှိမည်မဟုတ်။ ကျန်ရှိနေပေဦးမည်။ သိရှိမှတ်သားထားသူများရှိလေက ဆက်လက်၍ ရေးသားကြပါကုန်။ ။

ဆရာကြီးအရှိန်မာ

လွှမ်းမင်းမဂ္ဂဇင်း (၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ)





# ဇော်မြင့်

## ဂမ္ဘီရဆန်းကျယ်သော အလွမ်းသမားဖြစ်ရပ်

ဇော်မြင့်သည် ၁၉၃၇ ခုနှစ်တွင် ပုံတောက်မရွာ၌ (ရွှေလက်ဝဲအင်းကြိုင်) ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်လာခဲ့ပြီး၊ ယခုအချိန်တွင် ပုံတောက်၊ [illegible]၊ အသောက်နှင့် ဂျီကို [illegible] ဝတ္ထုပေါင်း ၆၄ ပုဒ် ရေးသားထုတ်ဝေခဲ့သည်၊ ဂျီကို ဝတ္ထုတိုရှည်နှင့် အသောက် စုစုပေါင်း ၂၀၀၀ ကျော် ရေးသားခဲ့သည်၊ ယခုအချိန်ထိ စာပေရေးသားခြင်းဖြင့် အသက်မွေးကျောင်း ပြုလျက်ရှိသည်။

(ဇော်မြင့်)

www.burmeseclassic.com

www.burmeseclassic.com

*မြစိမ်းကျော့မီနေသော ကျွန်းဝင်ယက်မှ ညဥ့်ငှက်တစ်ကောင်က ဝစ်ခနဲစူးစူးဝါးဝါးအော်မြည်ကာ တောင်ပံတဖျပ်ဖျပ်ခတ်၍ ထပျံပြေးသွားသည်ကိုပင် သည်းထိတ်ရင်ဖိုဖြစ်မိသည်။*



## ဂမ္ဘီရနှင့်ယှဉ်သော အလွမ်းသမားဇာတ်ဖြစ်ရပ်

*ညဥ့်ဦးယံအချိန်တွင်တိုက်ခတ်နေသောလေက စိမ့်မြနေ၏။

သို့ရာတွင် မြစိမ်း၏တစ်ကိုယ်လုံး ချွေးများဖြင့် နစ်ရွှဲနေသည်။ မြစိမ်းသည် တစ်မိုင်သာသာမျှဝေးကွာသောခရီးကို တစ်ယောက်တည်း ခပ်သုတ်သုတ် မရပ်မနားလျှောက်လာရသောကြောင့်ဖြစ်သည်။ မြစိမ်းဖြတ်သန်းလာရသော အပင်ကြီးများအောက်မှ လူသွားလမ်းသည် ဖုထစ်ချိုင့်ခွက်များဖြင့် မပြေမပြစ်ဖြစ်နေသည်။ ထို့ကြောင့် မကြာခဏ ခလုတ်တိုက်မိ၍ လဲမြိုကျမတတ်ဖြစ်ခဲ့ရသေးသည်။

သို့ရာတွင် မြစိမ်းက ထဘီကို တင်းတင်းပြင်ဝတ်သည်။ မြစိမ်း၏ ခြေသလုံးများက တုတ်ခိုင်သည်။ ဤမျှကွာလှမ်းလှသော



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည် နေ့ဘက်ဆိုလျှင် မြစိမ်းအတွက် စိုးရိမ်စရာမလိုပါချေ။ ညဥ့်အမှောင်သည် အကြောင်းမဲ့သက်သက် စိတ်ချောက်ချားစရာများကို ဖန်တီးတတ်သောသဘောရှိသည်။

တစ်ခါတစ်ရံ ကျွန်းရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များကို နင်း၍လျှောက်လာခဲ့သော မိမိ၏ခြေသံကိုပင် နောက်မှ တစ်စုံတစ်ယောက်လိုက်လာသောခြေသံများဟူ၍ အထင်မှားတတ်သည်။ ထို့ကြောင့် မြစိမ်းသည် သက်ရင့်ကျွန်းပင်ကြီးတစ်ပင်၏ ကြီးမားတုတ်ခိုင်သောပင်စည်ကို ကျောဖြင့်မှီကပ်၍ သူလျှောက်ခဲ့သော နောက်ကြောင်းကို ပြူးတူးပြဲတဲနှင့် ပြန်ကြည့်လေ့ရှိသည်။

အချို့ပင်စည်ကြီးများအောက်ခြေရှိ ဘီးစပ်ချုံဖုတ်များပင်လျှင် တစ်ခါတစ်ရံ သတ္တဝါကြီးတစ်ကောင်ကောင် ဝပ်တွားချောင်းမြောင်းနေသောအသွင်သဏ္ဌာန်မျိုး အမြင်မှားစွာ ဖြစ်နေလေ့ရှိသည်။ ထိုအခါမျိုးတွင် မြစိမ်းသည် လက်ထဲတွင်ပါသော နှစ်တောင်သာသာဝါးစိမ်းတုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်မိသည်။ သူ့ကိုယ်သူအားတင်းလိုက်သော သဘောမျိုးဖြစ်သည်။

စင်စစ်အားဖြင့် ကျွန်းကုန်းရွာမှ တစ်ယောက်တည်းထွက်လာသည်မှာ မြစိမ်း၏အမှားပင်ဖြစ်သည်။ မြစိမ်း၏ သူငယ်ချင်း မိကြွက အစပထမတွင် မြစိမ်းတို့၏ သာယာကုန်းရွာသူ၊ မြစိမ်းနှင့် ငယ်ပေါင်းဖြစ်သည်။ မိကြွက ကျွန်းကုန်းရွာသားစံမြနှင့် မနက်ဖြန် မင်္ဂလာဆောင်တော့မည်ဖြစ်သည်။ ထို့ကြောင့် မြစိမ်းသည် ရွာသူ





အပေါင်းအဖော်အချို့နှင့်အတူ မနက်ဖြန် မင်္ဂလာပွဲတွင် ကျွေးမွေးမည့်အစားအသောက်များကို ကူညီချက်ပြုတ်ရန် ညနေကတည်းက ကျွန်းကုန်းရွာမင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိနေခဲ့သည်။ ညဦးပိုင်းတွင် ချက်ပြုတ်ကြော်လှော်နေကြစဉ် သတို့သားလောင်းစံမြ၏ ညီမဝမ်းကွဲ ဂျမ်းဘုံနှင့် မြစိမ်းတို့ လုပ်ရင်းကိုင်ရင်း စကားပြောအဆင်မပြေ၍ တစ်ယောက်နှင့်တစ်ယောက် ငြိကြသည်။ ဂျမ်းဘုံသည် ကျွန်းကုန်းရွာသူများထဲတွင် လက်ရဲဇက်ရဲ ဆတ်ဆတ်ကြဲဖြစ်သည်။ ထို့ကြောင့် ချက်ရေးပြုတ်ရေးတွင် နေရာတကာ ဩဇာပေးသည်။

မြစိမ်းသည် အစပိုင်းတွင် သူငယ်ချင်းမိကြွ၏မျက်နှာကို ထောက်၍ သည်းခံနေသေးသော်လည်း ဂျမ်းဘုံက စွာကျယ်ကျယ် လုပ်ဖန်များလာသောအခါ ဆက်လက်သည်းမခံနိုင်တော့။ တစ်ယောက်တစ်ခွန်း ခွန်းကြီးခွန်းငယ်ဖြစ်ကြသည်။ သတို့သမီးလောင်း မိကြွက ဝင်ရောက်ဖျန်ဖြေ၍ ပွဲပြီးသွားသော်လည်း ဂျမ်းဘုံက ဆက်သက်၍ ဗျစ်တောက်ဗျင်တောက်ဖြင့် ထိကပါးရိကပါးပြောနေသေးသည်။

သူငယ်ချင်းမင်္ဂလာဆောင်အတွက် စေတနာထား၍ အခြားရွာမှလာရောက်ကူညီနေသော မြစိမ်းကို အစားအသောက် အခမဲ့ အဝအပြဲစားချင်၍ လုပ်အားပေးရန် ရောက်ရှိနေသောသဘောမျိုး ဂျမ်းဘုံက မှိုချိုးမျှစ်ချိုး တီးတိုးတီးတိုးဖြင့် ပြောနေသည်။ ထို့ကြောင့် မြစိမ်းသည် စကားနည်းရန်စဲသဘောထားကာ မိကြွကိုပင်နှုတ်

www.burmeseclassic.com

မဆက်တော့ဘဲ ချက်ပြုတ်လုပ်ကိုင်နေရာမှ တစ်ယောက်တည်း မယောင်မလည်ဖြင့် မဂ်လာမဏ္ဍပ်မှ ထွက်လာခဲ့သည်။

ထို့နောက် ကျွန်းကုန်းရွာပြင်သို့ရောက်ရှိသောအခါ သာယာကုန်းရွာသို့ ဖြတ်လမ်းဖြစ်သော ကျွန်းပင်ကြီးများအောက်ခြေရှိ လူသွားလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လာနေခြင်းဖြစ်သည်။ ဤကျွန်းတောအုပ်ကို လွန်မြောက်သည်နှင့်တစ်ပြိုင်နက် သာယာကုန်းရွာကို မြင်ရတော့မည်။ မြစိမ်းတို့အိမ်သည် ရွာထိပ်တွင် ခြံနှင့်ဝင်းနှင့် တည်ရှိသည်။

မင်္ဂလာမဏ္ဍပ်မှ မြစိမ်းစထွက်လာစဉ်က ဒေါသစိတ်ကို မျိုသိပ်ချုပ်တည်းထားခဲ့ရသောကြောင့် အရာခပ်သိမ်းကို လျစ်လျူရှုနိုင်ခဲ့သည်။ သို့ရာတွင် တစ်ယောက်တည်း ညဥ့်အချိန်မတော်လျှောက်နေရခြင်းဖြစ်သောကြောင့် အချိန်ကြာလာသောအခါ စိုးရိမ်စိတ်များက မြစိမ်းဦးနှောက်အတွင်းသို့ အမှတ်မထင်တိုးဝင်လာကြသည်။ ကျွန်းကုန်းရွာနှင့် သာယာကုန်းရွာစပ်ကြားတွင်တည်ရှိသော ကျွန်းပင်တောအုပ်သည် အကျယ်အဝန်းအားဖြင့် တစ်မိုင်ပတ်လည်မျှသာရှိသည်။ နေ့ခင်းဘက်တွင် ထိုမျှလောက်သောအကွာအဝေးသည် မြစိမ်းလို ရွာသူမိန်းမပျိုတစ်ယောက်အတွက် ပူပင်ကြောင့်ကြစရာမလိုသော နေရာဝန်းကျင်ဖြစ်သည်။ ဤကျွန်းတောထဲတွင် တောရိုင်းတိရိစ္ဆာန်ဟူ၍ လုံးဝမရှိကြောင်း အားလုံးက သိထားကြသည်။ သို့ရာတွင် မြစိမ်းသည် စိုးရိမ်စရာကို ရေရေ





ရာရာမဖော်ပြနိုင်ဘဲနှင့် အလိုအလျောက် စိုးရိမ်စိတ်များဖြစ်ပေါ်နေသည်မှာ ညဥ့်အမှောင်ကြောင့်သာဖြစ်သည်။

ငြဲစိမ်းကျောမိနေသော ကျွန်းပင်ထက်မှ ညဥ့်ငှက်တစ်ကောင်က ဂစ်ခနဲစူးစူးဝါးဝါးအော်မြည်ကာ တောင်ပံတဖျပ်ဖျပ်ခတ်၍ ထပျံပြေးသွားသည်ကိုပင် သည်းထိတ်ရင်ဖိုဖြစ်မိသည်။ သူမလာခဲ့သော နောက်ကြောင်းကို ပြန်ကြည့်လျက် ဝါးစိမ်းတုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ရဲစိတ်မွေးထားရသော မြစိမ်းသည် ယခုအခါတွင် ယုန်သူငယ်တစ်ယောက်ပမာ ဖြစ်နေရရှာသည်။

ညဥ့်ငှက်အော်သံကိုဖြစ်စေ၊ မိမိခြေသံကိုဖြစ်စေ အရာခပ်သိမ်းကို ထိတ်လန့်တုန်လှုပ်စွာ စိတ်ချောက်ချားနေမိသည်။ ထိုအချိန်ကာလသည် လသာသောညဖြစ်သော်လည်း လသည် တိမ်စိုင်များနောက်ကွယ်တွင် ရောက်ရှိနေသည်။ မြစိမ်းက ခေတ္တမျှရပ်တန့်နားစွင့်နေပြီးမှ သာယာကုန်းရွာရှိမည့်ဘက်သို့ ဦးတည်၍ ဆက်လျှောက်ခဲ့ပြန်သည်။

ထိုအခိုက်အတန့်တွင် သူ့နောက်မှ သစ်ကိုင်းခြောက်တစ်ခုကို နင်းမိလိုက်၍ ဖြောက်ခနဲ ကိုင်းခြောက်ကျိုးသံကို သဲသဲကွဲကွဲကြားလိုက်ရသည်။ ထိုအခါ မြစိမ်းသည် စိတ်ချောက်ချားခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်သည် သူမကို နောက်ယောင်ခံလိုက်လာခြင်းဖြစ်သည်ဟု တိတိပပ ယူဆလိုက်သည်။

မြစိမ်းက လွှတ်ခနဲ အော်ဟစ်လိုက်တော့မည်ပြုပြီးမှ ဤ

www.burmeseclassic.com



အချိန်အခါ၊ ဤနေရာမျိုးတွင် မည်သည့်အကူအညီမျှ ရရှိနိုင်မည် မဟုတ်ကြောင်း သဘောပေါက်နားလည်မိသည်။ ထို့ကြောင့် မအော်တော့ဘဲ မူလဦးတည်ရာဘက်သို့ ခြေကုန်သုတ်၍ ပြေးခဲ့သည်။ ရှေ့ဘက်မှ ဆီးကြိုတိုက်ခတ်နေသော လေသရမ်းက တဟူးဟူးတဟဲဟဲမြည်နေသည်ဟုထင်ရသည်။ ထို့နောက် လေတိုးသံသည် မြစိမ်း၏နားထဲတွင် 'မြစိမ်းရေ. . မြစိမ်းရေ' ဟူသော ခေါ်သံတစ်ခုပမာ ပြောင်းလဲလာသည်။

တစ်နေရာသို့အရောက်တွင်. .

မြစိမ်းပြေးလာရာလမ်းပေါ်၌ ငေါထွက်နေသော သစ်မြစ်တစ်ခုကို ခလုတ်တိုက်မိပြီး ရှေ့သို့ တလိမ့်ခေါက်ကွေးပစ်ကျသွားသည်။ သူမ၏လက်ထဲမှ ဝါးစိမ်းတုတ်သည်လည်း လွတ်ထွက်လွင့်စင်သွားသည်။ နာကျင်မှုကိုသတိမထားနိုင်ဘဲ ကမန်းကတန်းလူးလဲထလိုက်စဉ် တစ်စုံတစ်ယောက်က မြစိမ်း၏လက်မောင်းကို ဆုပ်ကိုင်ဆွဲယူ၍ ထူပေးသည်။

မြစိမ်းသည် မတ်မတ်ရပ်လိုက်မိသည်နှင့်ဘစ်ပြိုင်နက် သူမအားဆွဲထူပေးသူကို ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။

ထိုအခိုက်အတန့်တွင် တိမ်သားစိုင်များကြားမှ လထွက်လာသည်။

လရောင်ကြောင့် ထိုသူကို သဲသဲကွဲကွဲ မြင်လိုက်ရသည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးကျစ်ကျစ်၊ သပ်သပ်ရပ်ရပ်ဝတ်ဆင်



ထားသော လူငယ်တစ်ယောက်ဖြစ်သည်။ ရုပ်ရည်သန့်သန့်ပြန့်ပြန့်ဖြစ်ပြီး မြစိမ်းနှင့်သက်တူရွယ်တူခန့်ရှိမည်။ ထိုသူကို မြစိမ်းတစ်ခါမျှမမြင်ဖူးပါချေ။ ထို့ကြောင့် ရွာနီးချုပ်စပ်မှ ဖြစ်ဟန်မတူ။

"မင်း. . ဘာဖြစ်သွားသေးလဲ ဟင်"

ထိုသူက ကြင်နာစွာမေးသည်။

"ရှင် ဘယ်သူလဲ"

မြစိမ်းက စိုးရိမ်စိတ်ကို ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ရန် ကြိုးစားရင်းဖြင့် မေးလိုက်သည်။

"ကျုပ်နာမည်က အရေးမကြီးပါဘူးကွာ။ မင်း ဘာဖြစ်လို့ညဥ့်အချိန်မတော်ကြီးမှာ တစ်ယောက်တည်းစွတ်ပြေးလာတာလဲ။ မင်းနောက်က တစ်ယောက်ယောက် အန္တရာယ်ပေးဖို့ လိုက်လာလို့လား"

ထိုသူက သိမ်မွေ့စွာမေးသည်။

လောလောဆယ်အားဖြင့် မြစိမ်းအနေနှင့် ထိုသူကိုကြောက်ရွံ့စရာမလိုဟု ဆုံးဖြတ်မိသည်။ ထိုသူ့ထံတွင် လက်နက်တစ်ခုခုပါပုံမရချေ။ အကယ်၍ နပန်းလုံးရမည်ဆိုလျှင်လည်း မြစိမ်းက ယှဉ်ပြိုင်ရဲသည်။ သာယာကုန်းရွာတွင် မြစိမ်းနှင့် ရွယ်တူတန်းတူချင်း ယောကျ်ား၊ မိန်းမမရွေး ပတ်သက်သမျှ မြစိမ်းသာလျှင်အနိုင်ရစမြဲဖြစ်သည်။

"ကျွန်မနောက်က ဘယ်သူမှ လိုက်မလာပါဘူး။ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းမင်္ဂလာဆောင် ကျွေးမွေးဖို့အတွက် ချက်ပြုတ်ပေးပြီး ရွာကိုပြန်လာတာပါ"

မြစိမ်းက ထစ်ငေါ့တုန်ရင်ခြင်းကင်းမဲ့စွာ ဖြေလိုက်သည်။

"ဒါပေမဲ့ ညဉ့်အချိန်မတော်ကြီး အခုလို လူပြတ်တဲ့နေရာမျိုးမှာ အန္တရာယ်ရှိတယ်၊ မင်းတို့ရွာအထိ ကျုပ်လိုက်ပို့ပေးမယ်လေ"

ထိုသူက ချိုသာစွာပြောသည်။

မြစိမ်းက လောလောဆယ် လူကောင်းသူကောင်း အဖော်လိုအပ်နေသူဖြစ်သည်။ ထို့ကြောင့် သူလိုက်ပို့မည်ဆိုခြင်းကို အင်းမလှုပ်အဲမလှုပ်ဖြင့် ငြင်းဆန်ခြင်း၊ လက်ခံခြင်း ဘာတစ်ခွန်းမှမပြောဘဲ ရွာဘက်သို့ဦးတည်၍ ဆက်လျှောက်လာသည်။

ထိုသူက မြစိမ်းနှင့် ဘေးချင်းယှဉ်လျက် လက်တစ်ကမ်းအကွာမှ လိုက်ပါလာသည်။ ယခုလို ငွေလရောင်ရွှန်းမြသောညဉ့်အချိန်တွင် တစ်ကြိမ်တစ်ခါမျှမတွေ့ဖူးဘဲ အမည်ကိုပင်မပြောသော သူစိမ်းတစ်ယောက်နှင့် အတူတွဲ၍လျှောက်ရလိမ့်မည်ဟု မြစိမ်းအနေနှင့် မမျှော်လင့်ခဲ့ပါချေ။

မကြာမီ ရွာထိပ်ရှိ မြစိမ်းတို့ခြံကို လှမ်းမြင်နေရပြီ။

အိမ်ထဲတွင် မီးလင်းမနေသည်။

မြစိမ်း အားတက်သွားမိသည်။

"အဲဒါ ကျွန်မတို့အိမ်ပဲ၊ ရှင် အရမ်းစိတ်ကောင်းရှိတဲ့လူပဲ။ အခုလို စေတနာနဲ့ စောင့်ရှောက်ပြီး လိုက်ပို့ပေးတာ ကျေးဇူးတင်ပါ





တယ်။ ရှင့်လို ရိုးသားပြီး စိတ်သဘောထားဖြူစင်တဲ့လူတစ်ယောက်နဲ့တွေ့ရတာ ကျွန်မကံကောင်းလို့ပေါ့နော်"

မြစိမ်းက ပွင့်ပွင့်လင်းလင်းပြောလိုက်သည်။

ထိုသူက မြစိမ်း၏ကျေးဇူးတင်စကားကို ပီတိဖြစ်သွားသည့်အမူအရာနှင့် 'ဟက်' ခနဲတစ်ချက်ရယ်သွမ်းသွေးသည်။ ထို့နောက် ဦးခေါင်းကိုတဆတ်ဆတ်ညိတ်နေသည်။

"ကဲ. . ကျွန်မသွားတော့မယ်နော်"

မြစိမ်းက ပြောပြောဆိုဆိုနှင့် ခြံဝင်းထဲသို့ဝင်သွားသည်။ အိမ်ပေါက်ဝသို့ တန်းတန်းမတ်မတ်ဆက်လျှောက်ခဲ့သည်။ အိမ်ရှေ့တံခါးပိတ်ထားသည်ကို တံခါးခေါက်မည်ပြုပြီးမှ မခေါက်ဖြစ်သေးဘဲ ထိုသူကျန်နေခဲ့သောနေရာကို တစ်ချက်လှည့်ကြည့်လိုက်သည်။

ငွေလရောင်ခြည်အောက်တွင် ရပ်နေဆဲဖြစ်သော ထိုသူကို မြင်ရသည်။

ထိုသူက မြစိမ်းကို လက်တစ်ဖက်မြှောက်ပြ၍ နှုတ်ဆက်လိုက်သေးသည်။ မြစိမ်းက ပြန်လည်၍ လက်ကိုဝှေ့ယမ်းပြလိုက်သောအခါ ထိုသူသည် လာလမ်းအတိုင်းပြန်လျှောက်သွားလေသည်။

►► ◄◄

မြစိမ်းနှင့် ကျွန်းကုန်းရွာသူဂျမ်းဘုံတို့ ပြဿနာဖြစ်မိနာရီဝက်ခန့်အလိုတွင် အရှေ့ထန်းသုံးပင်ရွာမှ သူကြီးမိတော်နှင့် ရွာလူကြီးကိုဖိုးမြသည် ရဲကင်းစခန်းသို့ ညဉ့်ဦးယံအချိန်တွင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



နှိုးလာကာ တိုင်ချက်ဖွင့်ကြသည်။ ဦးဖိုးမြ၏ သမီးပျိုအမာ ပျောက်ဆုံးနေကြောင်း၊ ညနေကတည်းက အိမ်မှထွက်သွားပြီး ထိုအချိန်ထိပြန်မရောက်သေးသဖြင့် အမာ၏ တစ်ရွာတည်းနေသူငယ်ချင်းများထံတွင် မေးမြန်းစုံစမ်းကြည့်ရာ မည်သူကမှ မတွေ့မမြင်ခဲ့ကြကြောင်း ပြောကြသည်။ ထို့ကြောင့် သမီးပျောက်တိုင်ကြားခဲ့ကြခြင်းဖြစ်သည်။

ရဲကင်းစခန်းတာဝန်ခံသည် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်ကို တာဝန်ပေး၍ သူကြီးဦးထော်နှင့် ဦးဖိုးမြတို့နှင့်အတူ လိုက်ပါသွားပြီး စုံစမ်းစစ်ဆေးရန် စေလွှတ်လိုက်သည်။ ရဲတပ်ဖွဲ့ဝင်နှစ်ယောက်တို့သည် အရှေ့ထန်းသုံးပင်ရွာသို့ရောက်သောအခါ ရွာသူရွာသားအချို့ကို သူကြီးအိမ်သို့ခေါ်၍ တစ်ယောက်ချင်းစစ်ဆေးမေးမြန်းကြသည်။ ထိုအခါ ရွာသားတစ်ယောက်ဖြစ်သူ မြငွေက ကျွန်းတောထဲတွင် ယုန်သွားထောင်ရာမှအပြန် တစ်ခေါက်လောက်အကွာအဝေးတွင် အမာနှင့်တူသောမိန်းမပျိုတစ်ယောက်ကို လူငယ်တစ်ယောက်နှင့်အတူတွဲ၍ မြင်လိုက်ရကြောင်း၊ မြငွေသည် မျက်စိမှုန်သူတစ်ယောက်ဖြစ်နေသောကြောင့် အဝေးမှမြင်တွေ့ရသူသည် အမာဟူ၍ တိတိကျကျ သေသေချာချာ မပြောနိုင်ကြောင်း၊ ထိုစုံတွဲကို မြင်လိုက်ရသောအချိန်ကလည်း နွားရိုင်းသွင်းချိန်၊ နေဝင်ဖျိုးဖျဖြစ်သည်။ ထို့ကြောင့် မရေမရာထင့်မြင်ချက်တစ်ခုသာ ဖြစ်နေသည်။

ထိုအခါ ရဲတပ်ဖွဲ့ဝင်နှစ်ယောက်သည် သူကြီးဦးထော်နှင့်





ဦးဖိုးမြကို အဖော်ခေါ်၍ ကျွန်းတောဘက်သို့ ခရီးဆက်ခဲ့ကြသည်။ အရှေ့မိုးကောင်းကင်မှ လထွက်ကာစဖြစ်သော်လည်း တိမ်ထူထပ်နေသောကြောင့် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲမမြင်ရပါချေ။ သူကြီးဦးထော်ထံတွင် ပါလာသော လက်နှိပ်ဓာတ်မီးမှာလည်း အရေးထဲအရာပေါ်ဟူသောဆိုရိုးစကားအတိုင်း ဓာတ်ခဲများအားကုန်လုနီးပါးဖြစ်နေသည်။ ထို့ကြောင့် အလင်းရောင် မှုန်တိမှုန်မွှားသာလျှင်ထွက်ပေါ်နေသည်။ ထိုအခိုက်အတန့်တွင်. .

သူတို့ရှေ့တွင် လျှောက်သွားနေသော မိန်းမပျိုတစ်ယောက်၏ ဝိုးတဝါးအသွင်သဏ္ဌာန်ကို ပထမဦးစွာမြင်တွေ့လိုက်ရသူက ဦးဖိုးမြဖြစ်သည်။ ထိုအသွင်သဏ္ဌာန်နှင့် သူတို့၏အကွာအဝေးမှာ ဆယ်ကိုက်ထက်မပိုပါချေ။

"ဟိုမှာ. . ဟိုမှာ. . ကျုပ်သမီး။ အဲဒါ ကျုပ်သမီးအမာ"

ဦးဖိုးမြက သူနှင့်ဘေးချင်းကပ်လျက်လျှောက်နေသော သူကြီးဦးထော်ကိုပြော၍ ရှေ့သို့လက်ညှိုးညွှန်ပြသည်။ ထို့နောက် ရှေ့သို့ ခြေလှမ်းကျဲဖြင့် ခပ်သွက်သွက်လျှောက်သွားရင်း. .

"သမီး. . သမီးလေးအမာ။ နေဦးလေ. . ။ ဖေဖေတို့ကို စောင့်ပါဦး သမီးလေးရယ်"

ဦးဖိုးမြက တုန်ယင်အက်ကွဲနေသောအသံကြီးဖြင့် အော်ဟစ်ခေါ်လိုက်သည်။ ရှေ့သို့ ပြေးလုနီးပါး ခြေလှမ်းကြီးများဖြင့် လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသွင်သဏ္ဍာန်ကို သူကြီးဦးထော်နှင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်စလုံး မြင်လိုက်ကြရသည်။ သို့ရာတွင် ပီပီပြင်ပြင် ထင်ထင်ရှားရှားတော့ မဟုတ်ပါချေ။ ဖြူလွလွသဏ္ဍာန်တစ်ခု လေထဲတွင် လွင့်မျောသွားပုံမျိုးနှင့် ပို၍တူနေသည်။ ထိုအသွင်သဏ္ဍာန်က ရှေ့သို့ဆက်လက်ရွေ့လျားရာမှ ကျွန်းတောအစပ်သို့ရောက်သောအခါ ရှေ့တစ်နေရာကို လက်ညှိုးညွှန်ပြပြီးနောက် တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

"ဒါကိုမြင်ရခြင်းအားဖြင့် ကျုပ်သမီးလေး အခြေအနေမကောင်းတော့ဘူးထင်ပါတယ် သူကြီးရယ်။ ကျုပ်သမီးလေးတော့ ရေတိမ်နစ်ပြီထင်ပါရဲ့ဗျာ"

ဦးဖိုးမြက ငိုသံပါကြီးဖြင့် ပြောလိုက်သည်။

"အဲဒီလိုလည်း တစ်ထစ်ချဆုံးဖြတ်လို့ မရပါဘူးဗျာ။ အခုလိုအချိန်ဟာ မကောင်းဆိုးဝါး နာနာဘာဝတွေ မြူးတဲ့အချိန်ဆိုတော့ ကျုပ်တို့ အမြင်မှား၊ အထင်မှားဖြစ်အောင်ပြတာလည်း ဖြစ်နိုင်တာပဲဗျ"

သူကြီးဦးထော်မှ သူသိထားသမျှ ဗဟုသုတနှင့် နှစ်သိမ့်လိုက်သည်။

မည်သို့ဖြစ်စေ သူကြီးနှင့် ဦးဘိုးမြအပါအဝင် ရဲတပ်သားနှစ်ယောက် စုစုပေါင်းလေးယောက်သားတို့သည် စောစောက ဖြူလွလွအသွင်သဏ္ဍာန်ညွှန်ပြခဲ့သောနေရာသို့ အလိုအလျောက်





ဦးတည်လျှောက်ခဲ့မိကြသည်။ သူတို့စိတ်ထဲတွင် ထိုနေရာ၌ တစ်စုံတစ်ရာထူးထူးခြားခြားတွေ့ရလိမ့်မည်ဟု ယူဆနေကြသည်။

သို့ဖြင့် သူတို့လေးယောက်စလုံး ကျွန်းပင်ကြီးများအနီးသို့ တဖြည်းဖြည်းချဉ်းကပ်မိကြလေသည်။

▸▸ ◂◂

မကြာသေးမီက မြစိမ်းအား အိမ်တိုင်ရာရောက်ပို့ပေးခဲ့သောလူငယ်သည် မြစိမ်းတို့ခြံရှေ့မှ ထွက်လာခဲ့သည်။ ကျွန်းပင်များရှိရာ တောအုပ်ထဲသို့ ရောက်ရှိသောအခါ အရှေ့ဘက်သို့ ချိုးကွေ့၍ ကျွန်းပင်ကြီးများကြားမှ ဆက်လျှောက်လာသည်။

ကျွန်းတောအစပ်ရှိ လုံးပတ်ကြီးမားတုတ်ခိုင်သော အပင်အောက် အမြစ်ဆုံအနီးသို့ ရောက်သောအခါ လူငယ်၏ခြေလှမ်းက နှေးကွေးသွားသည်။ သူ၏မြင်ကွင်းမှာ ငွေလရောင်ခြည်သည် အကိုင်းအခက် အရွက်အလက်များကြားမှ ထိုးဖောက်ကျရောက်နေသည်။ ထိုပြောက်တိပြောက်ကြားအလင်းကွက်လေးများအောက်တွင် မိန်းမပျိုတစ်ယောက် လဲလျောင်းနေသည့်အသွင်သဏ္ဍာန်မျိုး ပီပီပြင်ပြင် မြင်တွေ့နိုင်သည်။

လူငယ်က မိန်းမပျို၏နံဘေးတွင် ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် သူ၏မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင်ငိုကြွေးနေသည်။ သူ့ငိုကြွေးသံက ထိန်းထိန်းသိမ်းသိမ်းမရှိဘဲ သူ့ရင်တွင်းမှ ပေါက်ကွဲပွင့်ထွက်လာသော ယူကျုံး



www.burmeseclassic.com

www.burmeseclassic.com



မရ၊ နှမြောတသမှုတို့ လွတ်လွတ်လပ်လပ် ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

သူ့တစ်ကိုယ်လုံးသည် တသိမ့်သိမ့်တုန်ယင်နေသည်။

"မင်း. . ငါ့ကို အထင်မှားတာပါကွာ။ ငါ. . လူဆိုးတစ်ယောက်မဟုတ်ပါဘူး။ ဟိုကောင်မလေးက ငါ့ကိုအရမ်းစိတ်ကောင်းရှိတယ်တဲ့။ နောက်ပြီး အဲဒီကောင်မလေးက ထပ်ပြောသေးတယ်။ ငါ့လို ရိုးသားပြီး စိတ်သဘောထားဖြူစင်တဲ့လူတစ်ယောက်နဲ့ တွေ့ရတာ သူအရမ်းကံကောင်းတယ်တဲ့"

လူငယ်က အသံကြီးကတုန်ကယင်ဖြင့် ပြောနေရာမှ သူ့လက်ဖဝါးနှစ်ဖက်ကို သူ့မျက်နှာပေါ်မှ ဖယ်ရှားလိုက်သည်။ မျက်နှာတစ်ပြင်လုံးစိုရွှဲနေသောမျက်ရည်များကို ညာလက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ်လိုက်သည်။

ထို့နောက် မလှုပ်မရှက် ငြိမ်သက်စွာလဲလျောင်းနေသော မိန်းမပျိုကို ငုံ့ကြည့်သည်။

မျက်တောင်မခတ်ဖြင့် ခဏကြာအောင် မမှိတ်မသုန်ကြည့်နေသည်။

"မင်းကတော့ ငါ့ကို လူဆိုးလူကြမ်းတစ်ယောက်လို့ ထင်ခဲ့တယ်နော်။ ဒါပေမဲ့ မင်းမျက်နှာလေးကို မမြင်ရရင်မနေနိုင်လွန်းလို့ စိတ်ကျန်းမာရေးဆေးရုံကနေ စွန့်စွန့်စားစား ငါထွက်ပြေးလာခဲ့တာကို မင်း သိနေတာပဲ။ မင်းနဲ့ငါ ဟိုးအရင်ကလေးဘဝကတည်းက သံယောဇဉ်ဖြစ်လာခဲ့ကြတာကို မင်းမမေ့သေးပါဘူး။ ဒါနဲ့တောင် မင်းက ငါ့ကို ဘာဖြစ်လို့ အရူးလို့ခေါ်ရတာလဲဟင်။ နောက်ပြီး ငါ့ကို ထုရိုက်သတ်ပုတ်ခဲ့တော့ ငါစိတ်မထိန်းနိုင်တော့ဘူး။ ဘာတွေဖြစ်သွားမှန်း ငါမသိတော့ဘူး။ ငါဘာလုပ်လို့ လုပ်မိမှန်းလည်း မမှတ်မိတော့ဘူး။ မင်း အခု ဘာဖြစ်လို့ ငါ့ကိုစကားပြန်မပြောတာလဲအမာ။ ငါ့ကိုမုန်းသွားပြီလားဟင်။ တခြားလူတွေ ဘယ်လောက်မုန်းမုန်း ငါလုံးဝဂရုမစိုက်တာ မင်းသိပါတယ်ကွာ။ ဒါပေမဲ့ မင်းမုန်းသွားမှာကို ငါအရမ်းစိုးရိမ်တယ်။ ငါ့ကို ခွင့်လွှတ်ပါအမာ။ ငါ့ကို အရင်တုန်းကလို စကားပြောဖော်တောင် မရတော့ဘူးလား အချစ်ရယ်။ ဒါဆို မင်းကျေနပ်အောင် ချော့ရမှာပေါ့ကွာ"

လူငယ်က လဲလျောင်းနေသောမိန်းမပျိုကို ပွေ့ထူလိုက်သည်။ ထို့နောက် ခန္ဓာကိုယ်ကို ယောက်ယက်ခတ်လှုပ်ရှားသည်။ သို့ရာတွင် မိန်းမပျိုသည် ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ တစ်ကိုယ်လုံးအေးစက်တောင့်တင်းနေလေပြီ။ သူ့ကို စကားပြန်ပြောဖို့ မဆိုထားနှင့်၊ အသက်ရှူခြင်းကိုပင် မပြုလုပ်တော့ပါချေ။

ထိုအခါ လူငယ်က မျက်နှာကိုမော့၍ အူလှိုက်သည်းလှိုက်ဖြင့် ကျယ်လောင်စွာရယ်မောနေလိုက်သည်။

ဤအချိန်တွင် သူကြီးဦးထော်နှင့် ဦးဖိုးမြအပါအဝင်ရဲတပ်ဖွဲ့ဝင်နှစ်ယောက်တို့ ရောက်ရှိလာကြလေတော့သည်။ ။

ဆွေမြင့်







www.burmeseclassic.com

www.burmeseclassic.com



# မျှော်ဝန်းကြည်မြဲတိ

# အိပ်မက်အလွန်

[illegible]

[illegible]

# အိပ်မက်အလွန်

< ၁ >

ဆင်ဝန်ဟောင်း သူပုန်'ငရွှေအို၊ သူပုန်'ငကြီး'တို့၏ ထွက်ဆိုချက်အရ မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါး၏ ပုန်ကန်မှုအခင်းတွင် အကြံဉာဏ်နှင့် အခါပေးပြီး စာရေး၍ဆက်သသူ ဘာဇတ်သား'ငပုညု'အား အရှင်ရှေ့ချင် အရှင်၊ အသေရလျှင် အသေ စလေသို့ထွက်မပြေးခင် အချင်တရကြမ်း မိအောင်ဖမ်းဆီးရန် အမိန့်တော်။

ရွှေမြို့တော်ဝန်

သီရိမဟာမင်းလှမင်းခေါင် သူရိန်ရွှေဘွဲ့ရ

ဖိန့်တုန်ချောက်ချားလောက်သော အသံသြဩကြီးဖြင့် မြို့

www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီးကိုယ်တိုင် ဖတ်ကြားနေသည့်အမိန့်လွှာကို မျက်တောင်မှုခတ်။ ဦးသော်မျှမညွတ်ဘဲ ခေါင်းမော့နာခံရင်း လွတ်လပ်စွာ သုံးရှားခွင့်ရနေသေးသော လက်ချောင်းများကို ကွေးချည်ဆန့်ချည်ပြု၍ လက်သီးဆုပ်ကြီးနှစ်ခုအဖြစ် ဖန်တီးလိုက်သည်။

ကျွန်ုပ်၏ ဝံ့စားထိမထင်သော လျှပ်တစ်ပြက်အပြုအမူကြောင့်ပဲထင်သည်။ မြို့စာရေးကြီးက ကြံုးကိုင်၊ ကြိမ်ကိုင်၊ ဓားကိုင်၊ လှံကိုင်နှင့် လေးကျိပ်မျှသောရဲမက်များကြားမှ ကျွန်ုပ်ကို မုန်းတီးစက်ဆုပ်သောမျက်လုံးများဖြင့် စူးစိုက်ကြည့်လိုက်သည်။ ထို့နောက် ကျွန်ုပ်၏ဘယ်ညာတစ်ဖက်စီမှ ကြံုးကိုင်နှစ်ယောက်ကို မျက်နှာရိပ်ပြလိုက်သည်။ ပါးကွက်လုပ်ငန်းများနှင့် ပွန်းတီးကျွမ်းဝင်ပြီးဖြစ်ကြသော ကြံုးကိုင်နှစ်ယောက်ကလည်း ချက်ချင်းဆိုသလိုပင် ကျွန်ုပ်၏လည်တိုင်နှင့် ခန္ဓာကိုယ်တွင် 'ဗူးလည်ဆစ်'တည်းခံနှောင်ထားသော လက်သန်းလုံးခန့်ကြိုးကို တစ်ဖက်စီမှ တင်းနေအောင် ဆွဲလိုက်ကြသည်။

လည်ဇလုပ်၏အောက်နားတွင် သိုင်းရစ်ထားသောကြိုးကတင်းသည်ထက်တင်းလာသောအခါတွင် ကျွန်ုပ်အသက်ရှူကျပ်လာသည်။ သည်အခါ ကျွန်ုပ်သည် လည်တိုင်မှကြွက်သားများ ဖူးကြွမို့မော်ကားစွင့်လာသည်အထိ အံကိုတင်းတင်းကြိတ်လိုက်မိသည်။

နောက်ဘက်သို့လှည့်ကြည့်လိုက်တော့ ဆရာတော်သည် ဦးခေါင်းငိုက်စိုက်ချလျက် ကျွန်ုပ်ကိုကျောခိုင်းထွက်ခွာသွားချေပြီ။





ကျွန်ုပ်တစ်ထစ်ချပြောနိုင်သည့်အချက်ကတော့ ဆရာတော် 'ဦးစန္ဒိမဥ္ဇူ'သည် ကျွန်ုပ်ကိုယ်တိုင် ညက ရေးသားဆက်ကပ်ခဲ့သည့် ,

"လက္ခဏာဟန်မကျချင်တော့၊ အကြံုရခက်ထွေ၊ ကံမ,မှအသက်ရှည်မယ်၊ ကျမ်မျက်ရည်ယိုဆင်း၊ တွေးမိတိုင်းစိတ်ကနာသည်၊ ခအိပ်တာ လေးညအလင်း၊ ကာလကို ယောင်းချင်ပြီ၊ ကြောင်းအင်နေ့ဘ်မရှင်း၊ ကောင်းချင်သော် နှုံဖွင်းလို့၊ ဒုံရင်းကိုလှဲမယ်၊ မချီလို့ပေါ်တဲ့သွား၊ ရယ်သလား မေးရှာကြတယ်၊ စကားကြောင့် တရားအွယ်၊ အလားဝယ်ကုန်ခန်းလို့ ဘုံနန်းမြင့်အဆောင်ဆောင်၊ ကင်းရလေအောင်၊ 'မင်း'ဆိုသမျှကွင်းရှောင်မယ်၊ 'ထမင်း'တောင် စားချင်ဘုလေး"

ဟူသောတေးထပ်ကို သတိရနေပေလိမ့်မည်ဟူ၍။

'မင်း' ဆိုလျှင် 'ထမင်း'ဟူသော အသံကိုပင် မကြားချင်လောက်အောင် နာကြည်းပြင်းရှစွာခံစားခဲ့ရသော ကျွန်ုပ်ရင်ထဲမှတေးကဗျာတစ်ပုဒ်။

ဆရာတော်ထံပါးသို့ ခိုလှုံရောက်ရှိခဲ့ပြီး လေးရက်မြောက်ညတွင် သည်တေးထပ်လေးကို ရေးသားခဲ့သော ကျွန်ုပ်အား ဤမျှမြန်ဆန်စွာ လက်ရဖမ်းဆီးနိုင်လိမ့်မည်ဟု ဆရာတော်ထင်မိပုံမရ။ ယခုတော့ သူ့ကျောင်းတိုက်ပရဝဏ်အတွင်း သူ့မျက်စိအောက်မှာပင် ကျွန်ုပ်ကို ပါးကွက်ကြံုးကိုင်များက ဖမ်းဆီးရိုက်နှက်ထုထောင်း



www.burmeseclassic.com

www.burmeseclassic.com



နှောင်ကြိုးတည်းကြသည့်ဖြစ်အင်ကို ဆရာတော် မြင်ရက်ကြည့်ရက် ဟန်မတူ။ ဒါ့ကြောင့်လည်း အနိဋ္ဌာရုံမြင်ကွင်းကို ကျောခိုင်းစွန့်ခွာ သွားခြင်းဖြစ်ချိမ့်မည်။

"တပည့်တော်အား လေးညာတာမျှ လုံခြုံစွာ ခိုလှုံခွင့်ပေး သနားတော်မူခဲ့သော ဆရာတော်ကို တပည့်တော်သည် နောက်ဆုံး ထွက်သက်အထိ သိမှတ်ကျေးဇူးတင်နေပါမည်။ တမလွန်မှ ကျေးဇူး ဆပ်ခွင့်ရရှိခဲ့မည်ဆိုပါလျှင်လည်း ဖြစ်လေရာသံသရာဘုံဘဝမှ ကျေးဇူးဆပ်ပါမည် အရှင်ဘုရား"

စိတ်အာရုံမှ ညွတ်တွားကန်တော့လိုက်ပြီးနောက် ကျွန်ုပ် သည် ရာဇဝတ်သားတို့၏ထုံးစံနှင့်အညီ ပါးကွက်အာဏာမင်းမှုထမ်း တို့၏အလယ်တွင် အထုခံ၊ အထောင်းခံ၊ အရိုက်အနှက်ခံလျက် ကပင်. . ။

ကျွန်ုပ် လေးညတိုင်ပုန်းအောင်းခိုလှုံခဲ့သည့် ကျေးဇူးရှင် ဆရာတော်ဦးစန္ဒမဥ္ဇူသီတင်းသုံးရာ 'ဘုတလင်ကျောင်းတိုက်ကြီး' သည် နောက်ကျောဘက်ဆီတွင် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပြီ။

မျက်ခုံးမွေးထူထူ၊ မျက်လုံးပြူးပြူး၊ နှာယောင်ကောက် ကောက်၊ နှုတ်ခမ်းမွေးဖြူဖြူ၊ မုတ်ဆိတ်ဖွားဖွား၊ အရပ်ပုပျပ်ပျပ်နှင့် စဉ်းလဲတတ်သော မြို့ဝန်ဦးသာအိုး၏သဏ္ဌာန်ရိပ်က ကျွန်ုပ်အာရုံ သို့ ပြေးဝင်လာသည်။

*"ရာဇဝတ်သား 'ပုည' အား အရှင်ရလျှင်အရှင်၊ အသေ*





*ရလျှင်အသေ စလေသို့ထွက်မပြေးခင် အလျင်တရကြမ်း မိအောင် ဖမ်းဆီးရန်"*

အမိန့်စာထဲမှ စာအသွားအလာကို ကျွန်ုပ်ဆင်ခြင်လိုက် မိသည်။ သေချာပါပြီ။ ဒါ. . ဒင်းလက်ချက်။ သူကိုယ်တိုင်ထုတ်ပြန် လိုက်သည့် ဖမ်းမိန့်လွှာ။ သည်အမိန့်ထုတ်ပြန်သည်ကို မင်းတရား ကြီးမှ သိပါလေစ။

နီးရာဓားကို ကြောက်ရွံ့ခဲ့ရသောဘဝတွင် ကျွန်ုပ်သည် 'မြင်ကွန်းစား'၏အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် အခါပေးခဲ့မိသည်မှန် သော်လည်း 'စာဆိုတော်'ကိုချစ်မြတ်နိုးသော ဘဝရှင်မင်းတရား ကြီးသည် ကျွန်ုပ်အပေါ် တစ်ချက်လွှတ်အမိန့်တော်ချမှတ်လိမ့်မည် ဟု မထင်ချေ။ အိမ်ရှေ့စံ 'ကနောင်'ကိုယ်တော်ကြီးကျဆုံးခဲ့ရသော မြင်ကွန်း၊ မြင်းခုံတိုင်ညီနောင်၏ ပုန်စားပုန်ကန်မှုတွင် ကျွန်ုပ်ကိုယ် တိုင် အခါပေးမိခဲ့သဖြင့် ကျွန်ုပ်အား မင်းတရားကြီးကိုယ်တိုင်က မျက်ကွယ်ပြုလိုက်သည်ဆိုစေဦးတော့ ယခုလို '*ရာဇဝတ်သား ပုညအား အရှင်ရလျှင်အရှင်၊ အသေရလျှင်အသေ စလေသို့ ထွက်မပြေးခင်*'ဟူသော ထီးနန်းမဆန်သည့်အသုံးအနှုန်းများကို သုံးနှုန်းလိမ့်မည်မထင်။ စာဆိုတော်တစ်ဦးဖြစ်သော ကျွန်ုပ်အပေါ် မင်းတရားကြီးကိုယ်တော်တိုင် မည်မျှချစ်မက်နှစ်သက်ကြောင်း ကျွန်ုပ်ကိုယ်တိုင် ခံစားခဲ့ဖူးပြီးဖြစ်သည်။

ထိုစဉ်က မင်းတရားကြီး၏ ယုယကြင်နာမှုကို မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



စိမ့်စမ်းယိုဖိတ်ကျမိသည်အထိ ကျွန်ုပ်ခံစားခဲ့ရသည်။

ကျွန်ုပ် ကောင်းစွာမှတ်မိနေသေးသည်။

သာသနာ့ဘောင်တွင် (၃၅)ဝါ ဝါဆိုခဲ့သော ကျွန်ုပ်သည် မင်းတရားကြီး၏ရွှေစိတ်တော်အလိုအရ 'ရှင်ပုည' အဖြစ်မှ 'စာဆိုတော်ဦးပုည' အဖြစ် လက်ဖက်ရည်တော်ရာထူး၌ ခန့်အပ်ခြင်းခံရကာ 'ရွာစည်ရွာ' ကို ပိုင်စားစေပြီး 'မင်းလှသခ်ယာ' ဘွဲ့နှင့်အတူ ဝင်းမြေနှင့် နေအိမ်ကိုပါ ချီးမြှောက်ပေးသနားခဲ့ပြီးနောက် ကျွန်ုပ်သည် မြို့ဝန်ဦးသာအိုး၏အရိပ်တွင် မှီခိုခွင့်ရခဲ့သည်။

ဤတွင် ကျွန်ုပ်သည် ဝတ်ကြောင်ဝတ် ပုထုဇဉ်လူသားဘဝ၌ ကျင်လည်ခွင့်ရခိုက် ဦးသာအိုး၏ ဇနီးမယားငါးဆယ်ကျော် အနက်မှ မရွှေလုပ်ဆိုသူ မိန်းမသူနှင့် နှစ်ဦးသဘောတူ ရည်ငံငြိစွန်းမိခဲ့သည်။

ဤမှားယွင်းမှုကို သိလျှင်သိချင်း ဦးသာအိုးသည် ပြင်းထန်သောအမျက်ဒေါသဖြင့် ကျွန်ုပ်အား 'အရိပ်နေနေ အခက်ချိုးချိုး လူမျိုးဟိန ဇော်လကို ငါမသတ်ရသမျှ ဘဝတွင်မနေပြီ' ဟု ကြုံးဝါးကာ တစ်ညသ၌ အနောက်ပြင်ဝင်းတွင် ရုပ်သေးပွဲသွင်းစေပြီး ဆိုင်းသံ၊ ဗုံသံများဆူညံနေခိုက် ကျွန်ုပ်ကိုအသေရိုက်၍ သူ့အိမ်အောက်၌ မြှုပ်နှံရန် ရိုင်းပျစွာစီစဉ်လေတော့သည်။ သူ၏ကျွန်တော်မျိုးအချို့ကိုပင် အိမ်အောက်၌ မြေကျင်းတူးခိုင်းထားပြီးဖြစ်၏။

ဤသတင်းကို ဘဝရှင်မင်းတရားကြီး ကြားသိတော်မူ





သောအခါ ဦးသာအိုးကို ရွှေတော်သို့ခစားစေပြီး . .

"သာအိုးရယ် . . ပညာရှိ သတိဖြစ်ခဲ့ တိမ်းယိမ်းလွဲဆိုတာ မျိုးလို့ မောင်ပုညဟာ အမှားဖက်မိလို့ တရားပျက်မိတာမှန်ပေမယ့် သူဟာ ငါ့အရှင်ဇကရာဇ်မင်းမြတ်ရဲ့ ရွှေဘုန်းတော်ကြောင့် လူအသောင်းအသိန်းမှာ တစ်ယောက်ထွန်းပေါက်ခဲ့လှတဲ့ ပညာရှိ ကဝိတစ်ဆူဖြစ်ပေတယ်။ မောင်မင်းမှာလည်း မယားအငယ်တွေ အများအပြားရှိနေတာပဲကွယ်။ တကယ်လို့ မောင်ပုညအနေနဲ့ မောင်မင်းရဲ့မယားကြီးကို ရည်ငံကျူးလွန်တယ်ဆိုရင်တော့ သူ့ကိုသတ်ဖြတ်မယ့် သင့်ဆန္ဒကို ငါကိုယ်တော်တားမြစ်လိမ့်မယ်မဟုတ်ပေဘူး။ အခုလို မယားအငယ်တစ်ယောက်အတွက် ဖိစီးတဲ့အပူကြောင့် ပညာရှိကဝိတစ်ဆူရဲ့ အသက်ဆုံးရှုံးရမယ့်ကိစ္စမျိုးဆိုတာ ဖြစ်သင့်ဖြစ်ကောင်းတာမျိုး မဟုတ်ပေဘူးကွယ့်။ ကဲ . . ငါကိုယ်တော်မြတ်ရဲ့စကားကို မောင်မင်းကောင်းစွာနှလုံးသွင်းပြီး သည်းညည်းခံလိုက်စမ်းပါ"

ဟူ၍ တားမြစ်ဆုံးမတော်မူခဲ့သည်မဟုတ်လား။

မင်းတရားကြီး၏ မိန့်မှာဆုံးမစကားအရ နောက်ဆုံးတွင် ဦးသာအိုးသည် သူ့မယားအငယ်လေး 'မရွှေလုပ်' ကို ကျွန်ုပ်ထံနောက်သို့ ထည့်လိုက်ရတော့သည်။ သို့သော်လည်း 'မရွှေလုပ်' ခမျာ ကျွန်ုပ်နှင့်ငြိစွန်းခဲ့သည့်ကာလအတွင်း ဦးသာအိုးကိုယ်တိုင်မညှာမတာရိုက်နှက်ခဲ့ဖူးသောဒဏ်ရာများကြောင့် အတွင်းကြေမြကြေကာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်ပေါင်းဖက်ပြီး ခြောက်လခန့်အကြာတွင် ကွယ်လွန်ခဲ့ရရှာလေသည်။

ဦးသာအိုး၏အငြိုးအတေးကား ကျွန်ုပ်အပေါ် စုပြုံဖိစီးကျရောက်လာသည်။ ဤအခြင်းအရာကို ရိပ်စားမိသော မင်းတရားကြီးက ဦးသာအိုး၏စက်ကွင်းမှ လွတ်ကင်းစေရန် ကျွန်ုပ်ကို 'ရွှေတိုက်အတွင်းဝန် ကောလင်းမြို့စား မင်းကြီးမဟာသက်တော်ရှည်ဘွဲ့ရ ဦးရင်ကလေး'ထံသို့ လွှဲပြောင်းအပ်နှံ ပြောင်းရွှေ့သနားတော်မူခဲ့သည်။

ဤမျှ ကျွန်ုပ်အပေါ်တွင် မဟာကရုဏာတော်ကြီးမားရှင်သန်တော်မူခဲ့သော ဘဝရှင်မင်းတရားကြီးသည် မြင်ကွန်း၊ မြင်းခုံတိုင်ညီနောင်ပုန်ကန်မှုတွင် အခါပေးခဲ့မိသောကျွန်ုပ်ကို မည်မျှပင်အမျက်သိုစေကာမူ ယခုကဲ့သို့ 'ချက်ချင်းပင် အရှင်ရရ၊ အသေရရ'ဟူသော အမိန့်မျိုး ထုတ်ပြန်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တစ်ထစ်ချယုံကြည်ထားမိသည်။

ဘာပဲဖြစ်ဖြစ် ယခု ကျွန်ုပ်ကိုဖမ်းဆီးသည့်အမိန့်လွှာသည် သင်းလက်ချက်ပင် မုချဖြစ်ရချေမည်။ ပြီးတော့ သင်းသည် သူသတ်ဖြတ်ကွပ်မျက်လိုသော ရာဇဝတ်သားတစ်ယောက်ကို လွှတ်တော်သို့တင်ရုံနှင့် 'သုံးတန်း'မတောင်းဘဲ သတ်ဖြတ်ခွင့်ရှိသူဖြစ်သည်။ သည်လိုအစဉ်အလာမျိုးတွေလည်း ရှေးအဆက်က ရှိခဲ့ဖူးသည်။





သည်တော့ . .

မင်းသားညီနောင်၏ အရေးတော်တွင် ဖမ်းဆီးခံရသော ရာဇဝတ်သားတွေ အဘယ်မျှရှိလိမ့်မည်ကို ကျွန်ုပ်အတပ်သေချာမသိနိုင်သော်လည်း ဤအရေးတော်၌ အခါပေးမိသော ကျွန်ုပ်ကိုတော့ ရွှေမြို့တော်သူ၊ ရွှေမြို့တော်သားများသည် သက်ရောက်မှုကွဲပြားခြားနားသော မျက်လုံးများဖြင့် လမ်းတစ်ဖက်တစ်ချက်စီမှ ဒူးတုပ်ပျဝပ်စွာဖြင့် ငေးကြည့်နေကြသည်။

ကျွန်ုပ်အား အသက်ငါးဆယ်ကျော် ဇရာအရွယ် ရာဇဝတ်သားတစ်ဦးဆိုသည်ထက် 'စာဆိုတော်စလေဦးပုည'ဟူသော ပညတ်အစွဲဖြင့် နှမြောတသစွာကြည့်ရှုနေကြတာမျိုးလည်း ဖြစ်ချေမည်။

ညီညာပြန့်ပြူးခြင်းမရှိသည့် မြေလမ်းပေါ်တွင် အနှောင်အတည်းကြားမှ ဒယီးဒယိုင်လျှောက်လှမ်းလာခဲ့ရသော ကျွန်ုပ်၏ခြေလှမ်းများကား တစ်စတစ်စလေးလံနှေးကွေးလာနေပြီ။ နေညိုစောင်းချိန်မို့ အပူဒဏ်သက်သာသယောင်ထင်ရသော်လည်း ရေငတ်လွန်းလှသဖြင့် ရင်ထဲမှာ ပူလောင်မောဟိုက်လာသည်။ ယခုနေ ရေတစ်ပေါက်လောက်များ သောက်လိုက်ရလျှင်ဟူသော တမ်းတအတွေးဖြင့် ကျွန်ုပ်၏ဒုတိယဇနီးချောလေး 'မမွေးအုံ'ကို သတိရလိုက်မိပြန်သည်။ အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးသော ချစ်ဇနီးလေးခမျာ အိမ်ထောင်သက်တစ်နှစ်ကျော်ကာလအတွင်းမှာပင် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမလေး ဖြစ်ရရှာချေတော့ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓေကိုယ်ဝန်ကို ရင်မှာလွယ်ထားရရှာသော ငါးပေါင်းကြော်သည်မလေး မမွှေးအုံသည် ကျွန်ုပ်၏ လတ်တလော လောကဝင့်ခံစားနေရပုံကို သိနိုင်ပါမည်တဲ့လား။

ကြိုးကိုင်နှစ်ယောက်၏ ကြိုးအတုံ့အဆွဲကြားတွင် ကျွန်ုပ်၏ ခြေလှမ်းများသည် ရုံဖန်ရံခါ ခွေယိုင်ယိမ်းလျက် ဟန်ချက်ပျက်တော့မယောင် ဖြစ်သွားမိသည့်အခါ ဓားကိုင်ရဲမက်တစ်ဦးက ကျွန်ုပ်၏ နောက်ကျောဘက်ဆီမှ ဓားအိမ်ဖြင့် ကျောပြင်ကို တွန်းထိုးသတိပေးလာသည်။

ရှေ့နားတမာပင်နှင့် မန်ကျည်းပင်အိုကြီး၏နောက်ကွယ် လေးဆောင်ပြိုင်အိမ်ကြီး၏ခေါင်မိုးမှ အမွှမ်းအပြောက်ကနုတ်များကို မြင်လိုက်ရသည်။ ဤအိမ်ကြီးကား မြင်ကွန်း၊ မြင်းခုံတိုင်ညီနောင်၏ စံအိမ်တော်။

အမျက်စောင်မာန်ထက်ပြင်းသော မြင်ကွန်းမင်းသားကြီး၏ရုပ်ပုံလွှာက အာရုံရိပ်ထဲ ပြေးဝင်လာပြန်သည်။

ရှေးက အဘိုး၊ အဘွားတွေ စဉ်လာမပျက် သုံးနှုန်းပြောဆိုခဲ့ကြသော အမွေစကားနှစ်ရပ် ရှိခဲ့ဖူးသည်။

တစ်ရွာမပြောင်း၊ သူကောင်းမဖြစ် . . တဲ့။

သေချင်တဲ့ကျား၊ တောပြောင်း . . တဲ့။

ကျွန်ုပ်သည် . .

သူကောင်းဖြစ်ချင်၍ တစ်ရွာသို့ပြောင်းရွှေ့ခဲ့သူလား။ ဓား





ကျက်တောပြောင်းရွှေ့ခဲ့သော သေချင်သည့်ကျားတစ်ကောင်လား။

အမည်ရင်းမောင်ပုတ်စည်မှ 'ရှင်ပုည' အဖြစ် စလေမြို့မှသည် နန်းအမရ အင်္ဂရတ်သံဖိုနန်းသို့ ။

သံဖိုနန်းမှသည် မင်းလှသင်္ခယာဘွဲ့နာမဖြင့် ရွာစည်ရွာစား စာဆိုတော်စလေဦးပုညအဖြစ် ရွှေမြို့တော်မြို့ဝန်မင်းဦးသာအိုး၏ အာဝါသအောက်သို့ . ။

ထိုမှ ရွှေတိုက်အတွင်းဝန် ကောလင်းမြို့စားထံသို့ . ။

နောက်ဆုံး . .

တောင်ရွှေရေးမိပုရား၏မောင်တော် ဆင်ဝန်ယင်းတော်မြို့စား ဦးရွှေအိုးထံမှတစ်ဆင့် မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားညီနောင်စံအိမ်တော်သို့။

'မဟာသုဓမ္မရာဇာ' ဘွဲ့ခံ မြင်ကွန်းမင်းသားနှင့် 'သတိုးမင်းလှဇေယသူ' ဘွဲ့ခံ မြင်းခုံတိုင်မင်းသားညီနောင်တို့မှာ တောင်ရွှေရေးမိဖုရား 'ရတနာဒေဝီ' ၏သားတော်၊ မင်းတရားကြီး၏ရင်သွေးများ။

ကျွန်ုပ်သည် ရွှေတိုက်အတွင်းဝန်ထံပါးတွင် မပျော်ပိုက်သဖြင့် ဘဝရှင်မင်းတရားကြီး၏ အစီအစဉ်အရ ဆင်ဝန်ယင်းတော်မြို့စား ဦးရွှေအိုးထံသို့ စာတော်ဖတ်အဖြစ် ပြောင်းရွှေ့ခြင်းခံရသည်။

သို့ဖြင့်ပင် . .

မြင်ကွန်း၊ မြင်းခုံတိုင်ညီနောင်တို့၏ အပါးသို့ အလို



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခွင့်ရရှိခဲ့ပြီး မင်းသားညီနောင်၏ လက်ကိုင်ဖြစ် [illegible] ဖြစ်လာခဲ့တော့သည်။

ကျွန်ုပ်ကား . .

တစ်ရွာမက ရွာအဆင့်ဆင့်ကို ကျော်ဖြတ်ပြောင်းရွှေ့ခဲ့သော်လည်း သူကောင်းတစ်ယောက်ဖြစ်မလာမူဘဲ တောအထပ်ထပ် ပြောင်းရွှေ့လာခဲ့သော သေချင်သည့်ကျားတစ်ကောင် ဖြစ်လာခဲ့ရချေပြီ။

မင်းသားညီနောင်အနက် မြင်ကွန်းမင်းသားကြီးမှာ စိတ်ထက်မြက်သလို မားထက်သူ၊ လောကကြီးကို ထိမထင်၊ အရွဲ့တိုက်ရန် ဝန်မလေးသူ၊ အမျက်စောင်မာန်ပြင်းထန်သလောက် အလိုရမ္မက်ကြီးသူ၊ ရာဇအာဏာကို မက်မောလွန်းသူ။

မကြာသေးမီကပင် မြင်ကွန်းမင်းသားကြီးအပေါ် ကျွန်ုပ်၏ အမြင်ကို "သူပြောင်လျှင်ခေါင်စွန်းလို့ ပြောင်ဝံ့သည့်လူပါ၊ ရှောင်မရွံ့ ကျောက်သို့မာလျှင်၊ နောက်တော်ပါသံချောင်း၊ ပြောကြစို့ တကယ်ဆိုလျှင်၊ ရွှေဆီကိုချက်တဲ့ဖယောင်း၊ အိုးတော်က ပွဲပိန်လျှင်၊ ရွှဲလိမ့်ချည်စလောင်း၊ သူချိုလျှင် ကြံချောင်းပေါ့၊ ဥဏ်တစောင်းပြူမှ၊ တမာခေါင်ဖျားက၊ ကြက်ဟင်းခါးသီးနိုင်တဲ့လူ၊ သူမည်းလျှင်မှောင်ကူမယ်၊ သူဖြူလျှင် ဖျော့ခြင်းပ၊ ကြင်ခြင်းကြင်မယ်ဆို၊ ကိုးဆလောက်ပိုရဲကြစို့ တကယ်ဆိုလျှင်၊ မားပြဗိုလ်လုပ်မယ်ကွယ့်လေး"ဟူသောတေးထပ်ဖြင့် ဖော်ကျူးရေးသားခဲ့ဖူးသေးသည်။





မြင်ကွန်းမင်းသားကြီးသည် ရာဇအာဏာကို မက်မောသူပီပီ ခမည်းတော်မင်းတရားကြီးက ဘထွေးတော် ကနောင် မင်းသားကြီးအား အိမ်ရှေ့အရာနှင်းအပ်ထားသည်ကို ကျေနပ်လက်ခံလိုသည်မဟုတ်။ မင်းတရားကြီးနတ်ထီးစံလျှင် ဘထွေးတော်ဘုရင်ဖြစ်ချေမည်။ သည်အခါ ဘထွေးတော်၏သားတော်နှစ်ပါးတွင် 'ပန်းထိမ်မင်းသား' သို့တည်းမဟုတ် 'ထန်းတစ်ပင်မင်းသား' အိမ်ရှေ့စံအဖြစ် အပ်နှင်းခြင်းခံရလိမ့်မည်။ သည်အခါ မိမိတို့ညီနောင်အဖို့ မျှော်လင့်စရာမရှိတော့။

ဒါကြောင့်လည်း တစ်နေ့တွင် မြင်ကွန်းမင်းသားကြီးသည် ကျွန်ုပ်ကို သူ့အဆောင်တော်သို့ အခစားဝင်ရောက်စေပြီး "ဒီမှာဆရာကြီး . . ။ လာမယ့်နယုန်လပြည့်ကျော်(၆) ရက်နေ့မှာ ခမည်းတော်ရယ်၊ ဘထွေးတော်ရယ်၊ ညီတော်နောင်တော်တွေရယ် လယ်ထွန်မင်္ဂလာဆင်းကြလိမ့်မယ်။ အဲဒီနေ့မှာပဲ ကိုယ်တော်ကြီးတို့ညီနောင်နဲ့အတူ ကျေးတော်မျိုး၊ ကျွန်တော်မျိုး ခြောက်ကျိပ်ကျော်က ခမည်းတော်၊ ဘထွေးတော်အပါအဝင် ညီတော်၊ နောင်တော်မျိုးအားလုံးကို ကျူပင်ခုတ် ကျူငုတ်မကျန် လုပ်ကြပြီး ရွှေနန်းတော်ကို သိမ်းပိုက်ဖို့ စီစဉ်ထားကြတယ်။ အဲဒီကိစ္စ အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာ ဆရာကြီးလေ့လာတွက်ချက်ပြီး အခါတော်သင့်သင့်လျှောက်တင်ပေတော့။ အဲ . . အရေးတော်အောင်မြင်တဲ့အခါ ဆရာကြီးကို မှူးမတ်အဆောင်အယောင် ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ ချီး



www.burmeseclassic.com

www.burmeseclassic.com



မြောက်တော်မူမယ်။ တစ်ခုတော့သတိပေးလိုက်မယ်။ ဒီသတင်းစကား ဘယ်တိုမှမပေါက်ကြားစေနဲ့”ဟု ဆိုလာသည်။

မင်းသားကြီး၏စကားတွင် ကျွန်ုပ်ထံမှ အခါတောင်းသလို အခွင့်အာဏာပေးအပ်မည့် အရိပ်အယောင်နှင့် ခြိမ်းခြောက်သည့် လက္ခဏာလည်း ပါဝင်နေသည်။ ကျွန်ုပ်အဖို့ ရင်ဖိုချောက်ချားစရာပင်။

မည်သို့ဆိုစေ . .

မြင်ကွန်းမင်းသားကြီးသည် ရာဇအာဏာကို တပ်မက်လွန်းသူပီသစွာ နန်းတွင်းလုပ်ကြံမှုကြီးတစ်ရပ်ကို မလွဲမသွေစီစဉ်ပေတော့မည်။

လာမည့် နယုန်လပြည့်ကျော်(၆)ရက်နေ့ . . တဲ့။

ကျွန်ုပ် အဘယ်သို့လျှောက်တင်ရပါမည်လဲ။ ကျွန်ုပ်သည် နန်းတွင်းစာဆိုတစ်ဦးဖြစ်သည့်တိုင် လောလောဆယ်တွင် မင်းသားကြီး၏ ‘စေသည့်ကျွန်’ ဘဝ။ ပြီးတော့ မင်းတရားကြီး၏မားနှင့် သားတော်မင်းသားကြီး၏မား။ သည်မားနှစ်စင်းတွင် မင်းသားကြီး၏မားသည် လတ်တလောမှာပင် ကျွန်ုပ်၏ဇက်ပေါ် ဝဲပျံနေချေပြီ။ နီးရာမားက ကျွန်ုပ်၏အသက်ဇီဝိန်ကို အချိန်မရွေး ခြွေယူသွားသောက်နိုင်သည်မဟုတ်လား။

ဤအချိန်နာရီများသည် ကျွန်ုပ်၏ဘဝတွင် မွန်းကျပ်လွန်းသည့်ကာလများပင်။





ကျွန်ုပ်သည် မြင်ကွန်းမင်းသားကြီးနှင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းသွားပြီ။ ဘဝရှင်မင်းတရားကြီးအပေါ် သစ္စာပျက်ယွင်းခဲ့ပြီဟု ဆိုချင်လျှင်လည်း ဆိုကြပါစေတော့။ ကျွန်ုပ်ကမူ နီးရာမားရှင်အပေါ် နာခံရန်သာ ဆုံးဖြတ်လိုက်ရတော့သည်။

သက္ကရာဇ် ၁၂၂၇ ခု၊ နယုန်လပြည့်ကျော်(၆)ရက်နေ့တွင် ကျရောက်သော ဓာတ်သိုက်ခန်းကိန်းကို သိဒ္ဓိဇေယျာမင်္ဂလာဖြင့် ‘အခါသင့်မသင့်’ တွက်ချက်ဆင်ခြင်ကြည့်လိုက်သည်။

ထို့နောက် ကျွန်ုပ်သည် “အဲဒီနယုန်လပြည့်ကျော် (၆) ရက်နေ့ဟာ မဟာဝိဇယကာလမကြုံ၊ မပြည့်စုံသေးတဲ့အပြင် မင်းတရားကြီးလယ်ထွန်မင်္ဂလာဆင်းတော်မူရာမှာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တွေ အထပ်ထပ်ခြံရံဖြည့်ဆည်းထားမှာမလွဲ ဧကန်ဖြစ်တာမို့ အရေးတော်မအောင်မြင်နိုင်ကြောင်းပါအရှင့်သား”ဟူ၍ လျှောက်တင်လိုက်သည်။

သူ့အကြံအစည်တွေ ပျက်လွင့်တိမ်းပါးသွားနိုင်သည်ဟူသော လျှောက်တင်ချက်အပေါ် မချင့်မရဲဖြစ်နေသောမင်းသားကြီးသည် ဒေါသအမျက်ကိုပင် မသိမ်းဆည်းနိုင်ဘဲ သူ၏လုပ်ကြံမှုအစီအစဉ် မှုချကိန်းသေထမြောက်အောင်မြင်မည့်နေ့ရက်အခါကို မှန်ကန်စွာထပ်မံတွက်ချက်ရွေးချယ်ပေးဖို့ ကျွန်ုပ်ကို ဓားမိုး၍အမိန့်ပေးနေပြန်သည်။

ကျွန်ုပ်တား မနေသာတော့ပြီ။ ဆည်းပူးလေ့လာ သင်ယူ

www.burmeseclassic.com

www.burmeseclassic.com



ထားအပ်သော ဗေဒအင်္ဂါကျမ်းဟောပုရပိုက်အဆူဆူကို ဆွဲယူကာ မင်းသားကြီး၏ရှေ့တော်မှောက်မှာပင် အပြန်ပြန်အလှန်လှန် တွက်ချက်စိစစ်ပြီး 'အခါပေးကြားစာ' ကို ရေးသားဆက်သွင်းလိုက်ရတော့သည်။

လျှောက်တင်အပ်ပါသည် အရှင့်သား။

နတ်စက်ရောင် ဆရာရှင်စက္ကာဘယောသ၏ အဟောသိုက်စာ၌ 'သာသနာနှစ် ၂၄၀၀၊ ကောဇာသက္ကရာဇ် ၁၂၂၈ ခုနှစ်သို့ ရောက်ကာလ၊ နန်းဦးလုကာ ကိန်းရောက်လာ၊ ရာဇနတ်ဘုံစိုးလတ္တံ့' ဟူ၍လည်းကောင်း၊ သိုက်စာနှစ်ချုပ်ထပ်တူထွက်သည်ကြောင့် ကနက်ဘုံမြင့် ရှစ်ဖြူပွင့်သည့် အရှင့်ခမည်းတော် ဘဘုန်းမော်သည် ခြောက်ဖော်ဝေယံ နတ်ပြည်စံရမည်။ ဧကန်မုချ မရဏာတိုက်ရိုက် သိုက်ဓာတ်နိမိတ် အတိတ်ကိန်းခန်းနှင့် ဆိုက်တိုက်ခဲ့သည်ဖြစ်ပါ၍ (သက္ကရာဇ် ၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် (၇) ရက်၊ ကြာသပတေးနေ့ကား ဇာတာတော်ဂြိုဟ်အရောက်အနေ အတန့်အရပ်များတွင် လည်း အစီးအနင်းသန့်ရှင်းသည်။ ထိုနေ့သည် အလွန်ဇုပ်ရှုပ်ကြိုက်သည်ဖြစ်၍ နံနက်နေတစ်ချက်တီးကျော် ရှစ်နာရီသုံးပတ်ငါးဗီဇနာ တစ်ပြန်ခရာပြည့်အချိန်တွင်) အခါတော်ရပါကြောင်း အခါတော်ကြားစာကို ရေးသားဆက်သွင်းအပ်ပါသည်။

ကျွန်ုပ်အခါပေးသည့် နေ့ရက်အချိန်နာရီထက် အနည်းငယ်မျှနောက်ကျ၍ မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့သည် စုရုံး





ထားသော လူသူလက်နက်များနှင့်အတူ စတင်လှုပ်ရှား ပုန်ကန်ကြတော့သည်။

ဦးစွာပထမ ရွှေမြို့တော်ကြီး၏ တောင်မျက်နှာအရပ်မှနေ၍ ထင်းများကို မီးတင်ရှို့လိုက်ကြသည်။ ဘဟဲဟဲအော်မြည်နေသော မီးတောက်မီးလျှံများ၏ အညွှန့်အဖျားမှ မီးခိုးလုံးကြီးများသည် ရွှေနန်းတော်ကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားတော့သည်။ နန်းတွင်းသူ၊ နန်းတွင်းသားအချို့၏ ကယ်ပါယူပါ အော်ဟစ်သံများကလည်း ပွဲတင်လွင့်ပျံ့နေသည်။

ထိုအချိန်က အိမ်ရှေ့စံကနောင်မင်းသားကြီးသည် မှူးမတ်အချို့နှင့်အတူ နန်းမြေဘုံသာ စံနန်းလွှတ်တော်အနီး တဲကြီးတစ်လုံးအတွင်း၌ ပြည်ထဲအရေးကို စီမံခန့်ခွဲနေကြစဉ်အချိန်ဖြစ်သည်။

တောင်မျက်နှာအရပ်မှ မီးခိုးလုံးကြီးများ အလိပ်လိုက်လွင့်မျောလာသည်ကို မြင်တော်မူသည့်အခါ ကနောင်မင်းသားကြီးသည် ထိုင်ရာမှထ၍ တဲကြီးပေါ်မှပြေးဆင်းသွားတော့သည်။ လွှတ်တော်၏ တောင်ဘက်လှေကားအနီးသို့အရောက်တွင် မြင်ကွန်းစား၏ ကျွန်ယုံဖြူသီးသည် ပုန်းကွယ်နေရာမှ ရုတ်တရက်ပြေးထွက်လာပြီး ငှက်ကြီးတောင်ဓားနှင့် ကနောင်မင်းသားကြီးကို ခုတ်ပိုင်းလိုက်ရာ ခြေထောက်ကိုခုတ်မိပြီး အိမ်ရှေ့စံမင်းသားကြီး လဲကျအသွားတွင် လည်ပင်းကိုခုတ်ပိုင်းလိုက်ပြန်သည်။ ဤသို့ဖြင့် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကိုယ်တော်ကြီးခမျာ နေရာတွင်ပင် ဦးခေါင်းပြတ်၍ နတ်ရွာစံခဲ့ရရှာသည်။

ဤအရေးတော်တွင် အိမ်ရှေ့စံကိုယ်တော်ကြီးနှင့်အတူ ဝန်ကြီးအချို့နှင့် မှူးမတ်များ၊ မင်းညီမင်းသားများ၊ ဝင်းမှူးနှင့်အစောင့်ရဲမက်များ အများအပြားကွယ်လွန်ခဲ့ကြရရှာပြီး မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားညီနောင်နှင့် နောက်ပါအချို့မှာမူ ရွှေမြို့တော်၏ တောင်ဘက်မျက်နှာ 'ရန်နည်းတံခါး' မှ ဆုတ်ခွာကာ ဧရာဝတီမြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော မင်းတရားကြီးပိုင် ရေနန်းစကြာမီးသင်္ဘောကို အပိုင်စီး၍ အင်္ဂလိပ်ပိုင် အောက်ပြည်အောက်ရွာသို့ ထွက်ပြေးတိမ်းရှောင်သွားကြတော့သည်။

ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်ကား ရွှေဘုန်းတော်ကြောင့် သူ့ကိုလုပ်ကြံရန် စောင့်စားနေသော လူဆိုးငပိုက်ကြီးကို ကုပ်ပိုးစီးပြီး အန္တရာယ်မှလွတ်မြောက်သွားကြောင်း ကျွန်ုပ်ကြားသိခဲ့ရသည်။

မြင်ကွန်း၊ မြင်းခုံတိုင်ညီနောင်၏ ပုန်ကန်မှုအခရေးနိမ့်ခဲ့ရသည်ကို သိလျှင်သိချင်း ကျွန်ုပ်သည် ချစ်ဇနီးငယ်လေးမမွေးအုံကိုပင် အသိမပေးတော့ဘဲ ကိုယ်လွတ်ရုန်းကာ ရွှေမြို့တော်တောင်ပြင် ချမ်းမြသာစည်ရပ်မှ ဘုတလင်ကျောင်းတိုက်ကြီးအတွင်း၌ ပုန်းအောင်းခိုလှုံနေဖြစ်ခဲ့သည်။

ယင်းသို့ ရာဇဝတ်ဘေးမှ ထွက်ပြေးပုန်းအောင်းနေခဲ့ပြီး





လေးညအကျော် ငါးရက်မြောက်သော ဘည်နေ့မှာတော့ ကြမ္မာရှိုင်း၏ စေစားမှုအရ ကျွန်ုပ်သည်.

▸▸ ◂◂

<၂>

နေ့လားညလားဟူ၍ပင် မသိတတ်နိုင်လောက်အောင် ငိန်းပိတ်မှောင်မိုက်နေသော အလုံသောင်ခန်းကြီးကား အေးစိမ့်ငြိမ်သက်လွန်းနေသလို ချောက်ချားစရာလည်း ကောင်းနေသည်။

ကျွန်ုပ်၏ ပိန်လှီသော ခြေအစုံသည် ထုနှစ်လက်မ၊ ဖြက်ရှစ်လက်မ၊ အလျားတစ်ဆယ့်နှစ်တောင်ရှိသော ထိတ်တုံးကြီးထဲမှာ။

ကျွန်ုပ်သည် သေခြင်းတရားကို မကြောက်မရွံ့ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သော်လည်း နောက်ဆုံးဇီဝိန်မချုပ်မီမှာတော့ ဘဝရှင်မင်းတရားကြီးကို ကိုယ်တိုင်ဖူးမြော်ချင်သေးသည်။ ဖြစ်နိုင်မည်ဆိုပါက မင်းတရားကြီးကိုယ်တိုင်စီရင်သော သေဒဏ်ကို မက်မက်မောမောခံယူပြီး နောက်ဆုံးထွက်သက်ကို ရှိုက်လိုက်ချင်သည်။ ကျွန်ုပ်ကိုမြင်သည့်အခါတွင် မင်းတရားကြီးသည် မည်သို့နှုတ်ခွန်းခြွေတော်မူမည်လဲ သိချင်၊ ကြားချင်စမ်းပါဘိ။

သို့သော်လည်း ကျွန်ုပ်သည် လောလောဆယ်တွင်မင်းတရားကြီးကိုယ်တိုင်စီရင်မည့် ရာဇဝတ်သားမဖြစ်မှုဘဲ ရွှေမြို့တော်ဝန်ဦးသာအိုး၏ အကျဉ်းသားဖြစ်နေသည်ကော။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘောလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက်တော်အခါများကဲ့သို့ ရာဇဝတ်သားကို သူသတ်ကုန်းတွင် ကားစင်တင်၊ တောင်စွယ်နေကွယ်သည့်အခါ ချွန်မြထက်မြက်သောလက်နက်စုံဖြင့် ထိုးခုတ်သတ်ဖြတ်သည့်ပုံမျိုးမဟုတ်သည့် သေဒဏ်ကျခံရသူများ၏ ကြောက်လန့်တကြား စူးစူးဝါးဝါးအသံနက်ကြီးဖြင့် အော်ဟစ်သံများကို အခါမလပ်ကြားနေရသည်။

မကြာမီ ရင်ဆိုင်ရတော့မည့် ကျွန်ုပ်၏အနာဂတ်ကို မြင်ယောင်နေမိသည်။

ကျွန်ုပ်ကိုသေဒဏ်ပေးမည့်နေ့တွင် အဝှန်းမောင်အောင်ပေါ်သည် ပါးနှစ်ဖက်တွင် မင်နက်နှင့် ဒင်္ဂါးဝိုင်းခန့် ပရဲထိုးထားပြီး ရင်ဘတ်တွင်လည်း 'သူသတ်' ဟူသောစာတန်းကို မင်နက်ဖြင့်ရေးထိုးထားသည့် ပါးကွက်အာဏာသားများနှင့်အတူ ကျွန်ုပ်ကို အလုံခန်းမှ လာရောက်ခေါ်ယူကြမည်။

ထို့နောက် ကွပ်မျက်မည့်အခန်းတွင် ကျွန်ုပ်ကို သံခြေကျင်းလေးဆင့်ခတ်ပြီး ကုလားထိုင်တွင် ခြေနှစ်ဖက်စလုံးသွင်းကာ ဦးခေါင်းဖောက်ထိုး ခပ်မျောမျောသဏ္ဌာန်နေစေမည်။ ကျွန်ုပ်၏လည်ပင်းတွင်လည်း လက်သန်းလုံးခန့်ချည်ကြိုးဖြင့် ဗူးလည်ဆစ်ချည်နှောင်ပြီး ကြိုးစနှစ်စကို ပါးကွက်အာဏာသားတို့က ဝဲယာတစ်ဖက်စီမှ မလှုပ်နိုင်၊ မအော်နိုင်အောင် ခပ်တင်းတင်းဆွဲကိုင်ထားကြမည်။ ထို့နောက် သူသတ်ပါးကွက်တစ်ယောက်က ကျွန်ုပ်၏လည်မျိုကို





သံတုတ်ဖြင့် မသေမချင်းရိုက်ကြမည်။ ကျွန်ုပ်အသက်ကုန်သည့်အခါ စဏ္ဍာလမှူထမ်းများက ကျွန်ုပ်၏ရုပ်အလောင်းကို ဝါးထမ်းပိုးနှင့် ပူးတွဲစည်းနှောင်ပြီး ထိုမှတစ်ဖန် ဝေသာလီဖျာကြမ်းထဲတွင် ခိုင်မြဲစွာလိပ်ကြမည်။ ပြီးလျှင် သူကောင်ထမ်းများက ရွှေမြို့တော်အနောက်ပြင် ပုဏ္ဏားကုန်းသချိုင်းသို့ ဦးပဲ့ထမ်း၍ ယူဆောင်သွားကြမည်။ သချိုင်းသို့ရောက်သည့်အခါ သချိုင်းစောင့်ခေါင်းထံ ကျွန်ုပ်၏အလောင်းကို လွှဲအပ်မည်။ ထို့နောက် မြေမြှုပ်သင်္ဂြိုဟ်မည်။

မဝေးတော့သည့် ကျွန်ုပ်၏နောက်ဆုံးအချိန်နာရီတွေကို ဆင်ခြင်မိရာမှ ခပ်သိမ်းသောအာရုံသည် အတိတ်ဆီသို့ ဦးလှည့်ရွှေ့လျားသွားပြန်သည်။

စလေမြို့မှ အဖဦးမြတ်ထွား၊ အမိဒေါ်မိန်းကလေးနှင့် ညီငယ်မောင်လှိုင်။

လောကီလောကုတ်ပညာရပ်များကို သင်ကြားပေးတော်မူခဲ့သည့် အရိယာဝံသပဝရသီရိဓဇမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဇန်းမော်ဆရာတော်။

မြို့ဝန်ဦးသာအိုးနှင့် ကျေးဇူးတော်ရှင် ဘဝရှင်မင်းတုန်းမင်းတရားကြီး။ ပထမဇနီး 'မရွှေလုပ်' နှင့် ဒုတိယဇနီး 'မမွေးအုံ'။ ရွှေတိုက်အတွင်းဝန် ကောလင်းမြို့စား မင်းကြီးမဟာသက်တော်ရှည်ဘွဲ့ရ ဦးရင်ကလေး။

ဆင်ဝန်ယင်းတော်မြို့စားမင်း ဦးရွှေအို။ မြင်ကွန်းနှင့် မြင်း

www.burmeseclassic.com

www.burmeseclassic.com



ခုံတိုင်မင်းသားညီနောင်။ ဆရာတော် ဦးဇန္ဒမဉ္ဇူ. . ။

ကျွန်ုပ်ကျင်လည်ဖြတ်သန်းခဲ့ရသောဘဝနှင့် ပတ်ဝန်းကျင်မှ ပုံရိပ်လွှာများသည် အာရုံရိပ်တွင် လူးလွန့်ဖြတ်ဖြတ်။

မရဏာနုဿတိကမ္မဋ္ဌာန်းဘာဝနာကို စိတ်သဏ္ဍာန်၌ စီးဖြန်းနေမိခိုက်မှာပင်. . ။

*'အာဏာပိုင်၊ မာလာခိုင်လိုက်ဂူနန်းမှာမို့၊ ဆွတ်လှမ်းပုံ ဝေး။ သိန်းတစ်ဆူ၊ ပင်မဉ္ဇူသာခွေညွတ်ခါမှ၊ မှန်ဝတ်ခြွေရှာနိုင် တော့မယ်၊ သည်းစိုင်ထိဆွေး'* ဟူသော ဒွေးချိုးဟန်ဖြင့်ရေးဖွဲ့ထားသည့် မရွှေလုပ်ထံ တိတ်တခိုးပေးပို့မိသော မေတ္တာစာလွှာလေးကို သတိရမိလိုက်ပြန်သည်။ ပြီးတော့ မြို့ဝန်ဦးသာဒိုးကိုယ်တိုင် ကျွန်ုပ်နှင့်မရွှေလုပ်တို့ ချိန်းဆိုတွေ့ဆုံခိုက် လက်ရဖမ်းမိပြီး ကျွန်ုပ်တို့နှစ်ဦးအား ခေါင်းချင်းဆိုင်တိုက်၍ အပြစ်ပေးခဲ့ပုံမြင်ကွင်းများ၊ ပွန်းပဲ့ဖူးရောင်နေသော နဖူးပြင်။

အခါခပ်သိမ်း လွင့်ပါးစီးမျော၍နေတတ်သော လူ့စိတ်သန္တာန်သည် တည်ငြိမ်စွာထိန်းချုပ်နိုင်ခြင်းငှာ ခက်ခဲလွန်းစွတကား။

ယိမ်းနွဲ့လှုပ်ရှားနေသော စိတ်အတွေးတွေကို အာရုံမှနှင်ထုတ်ရင်း အရဟံဂုဏ်တော်ကို ပွားများနေလိုက်သည်။

ညသန်းခေါင်ကျော်လောက်အချိန်တွင် သော့ခလောက်ဖွင့်သံနှင့်အတူ တံခါးမကြီးပွင့်လာသည်။ ကညင်ဆီမီးတိုင်မှ ဖြာယှက်ကျလာသော မီးရောင်အောက်တွင် လူငါးဦး။ မျှော်လင့်ထား





သည့်အတိုင်း အဝှန်းမောင်အောင်ပေါ်နှင့် ပါးကွက်အာဏာသားများပင်။

အဝှန်းမောင်အောင်ပေါ်သည် ရောက်မဆိုက်ပင် ကျွန်ုပ်အား "ဆရာကြီးကို ဒီကနေ့ညပဲ အဆုံးစီရင်ရမယ်လို့ မြို့ဝန်မင်းက မိန့်ဆိုထားပါတယ်။ အခု ကျွန်တော်မျိုးကိုယ်တိုင် လာရောက်ခေါ်ယူတာပါ" ဟု ပြောကြားလာသည်။

ထို့နောက် ကျွန်ုပ်၏ခြေထောက်အစုံကို ထိတ်တုံးမှဖြုတ်ပြီး သူသတ်များခြံရံလျက် ကွပ်မျက်ဆောင်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ကွပ်မျက်ဆောင်သို့ရောက်သည်နှင့် အဝှန်းမောင်အောင်ပေါ်က တံခါးကို ဂျိန်းခနဲပိတ်လိုက်သည်။ ဆေးနက်မင်ကြောင်ထိုးထားသော သေရည်ဝနေသည့် ပါးတွက်သားများကား ကျွန်ုပ်၏နံဘေးတွင် ဓားလက်နက်ကိုယ်စီကိုင်၍ အသင့်အနေအထားဖြင့် ရပ်နေကြသည်။

ကျွန်ုပ်သည် အဝှန်းမောင်ဖအောင်ပေါ်ကိုရော၊ သူသတ်များ၏မျက်နှာများကိုပါ သတိဖြင့် ဖတ်ရှုနေမိသည်။ သူတို့၏မျက်နှာပေါ်တွင် ကျွန်ုပ်အား 'နန်းတွင်းစာဆိုတော်တစ်ဦးပါလား' ဟူသော နှမြောတသမှုထက် သေဒဏ်ခံရတော့မည့် ရာဇဝတ်သားတစ်ယောက်အဖြစ်သာ သဘောထားပြီး အမိန့်တော်ကို ဦးထိပ်ပန်ဆင်တော့မည့် လက္ခဏာများကိုသာ တွေ့ရသည်။

"ကဲ. . ဆရာကြီးရေ။ နောင်တမလွန်အတွက် ဘဝကူး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင်သာ ရတနာသုံးပါးကို အာရုံပြုပေတော့"

အဝှန်းမောင်အောင်ပေါ်က သေခါနီးရာဇဝတ်သားတစ်ယောက်ကို ပြောရိုးပြောစဉ်အတိုင်း ပြောလာသည်။

ကျွန်ုပ်ဘဝ၏ နောက်ဆုံးအချိန်သို့ ချဉ်းနင်းရောက်ရှိလာပြီကော။

ပေါက္ကံနေပြည်တော်ကြီး ကောင်းစားစဉ်အခါက လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော 'အနန္တသူရိယ' အမတ်ကြီးကို သတိရလိုက်မိသည်။ အမတ်ကြီးသည် သေအံ့မူးမူးအချိန်တွင် 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ' အစချီ မျက်ဖြေလင်္ကာကို ရေးဖွဲ့ခဲ့သူ။ အမတ်ကြီး၏ ဂန္ထဝင်မြောက်သော မျက်ဖြေလင်္ကာသည် ယခုတိုင် ကျွန်ုပ်အပါအဝင် ကဗျာလင်္ကာလိုက်စားသူများ၏ နှလုံးသားတွင် စွဲထင်ကပ်ငြိနေဆဲ။

ကျွန်ုပ်သည်လည်း မကြာတော့မည့်အချိန်အတွင်း ရာဇဝတ်ပန်းကို ပန်ဆင်ရတော့မည့် နန်းတွင်းစာဆိုတစ်ဦးပင်မဟုတ်လား။

ကျွန်ုပ်၏နှလုံးသားတွင် ရုတ်တရက် စာဆိုတစ်ဦး၏ကဗျာဝိညာဉ် ပူးကပ်လာသဖြင့် ကျွန်ုပ်သည် အဝှန်းမောင်အောင်ပေါ်ထံမှ ပုရပိုက်နှင့် ကံ့ကူဆံကို တောင်းခံပြီး လေးဆစ်သဖြန့်တစ်ပုဒ် ရေးချလိုက်သည်။

"ဟုတ်ပလေ၊ နတ်ခြွေဟရမှာဖြင့်၊ ပုဇွန်စထင်ရဲ့လေ။ ကောသလရယ်လို့၊ လောကတွင် အသရေလျှမ်းပါတဲ့၊ ရွှေနန်းစံရာ



နရိန်မှ၊ ခါကြိမ်လျှင်ဖျက်စမြဲပေမို့ စွဲမိသံဝေ၊ အကုသိုလ်ယာတကတ်ကယ်က၊ ယခုလိုလာ၍ဖြစ်သော်ကြောင့်၊ ဇရပ်သို့ပြေးရချေ၊ ခွေးသေသို့ သေရခြား။ သိလျက်နှင့်ပင်၊ ဝိပါက်တကယ်ထင်လို့၊ ရွှေနန်းရှင်မဝေခွဲနိုင်ဘုရယ်၊ ပွဲတွေ့အမှား"

ပုရပိုက်နှင့်ကံ့ကူဆံကို အဝှန်းမောင်အောင်ပေါ်ထံ ပေးအပ်လိုက်ပြီးနောက် ကျွန်ုပ်သည် သံခြေကျင်း (၄) ဆင့်ခတ်ထားလျက်နှင့်ပင် ဒူးပုဆစ်တုပ်ထိုင်ကာ ရွှေနန်းတော်ကြီးရှိရာ အနောက်ဘက်မျက်နှာသို့ ဦးသုံးကြိမ်ချလိုက်သည်။

ထိုအချိန်မှာပင် သူသတ်ပါးကွက်အာဏာသားများသည် ကျွန်ုပ်ထံပါးသို့ ရွေ့လျားလာကြပြီး ခြေနှစ်ဖက်ကို ကုလားထိုင်ကြီး၌ သွင်းခတ်လိုက်ကြသည်။ အခြားနှစ်ယောက်က ကျွန်ုပ်၏လည်တိုင်၌ ဖူးလည်ဆစ်ချည်နှောင်ထားသော ကြိုးနှစ်စကို ဝဲယာနှစ်ဖက်မှ ဆွဲကိုင်ထားကြသည်။ ဤတွင် သူသတ်ပါးကွက်တစ်ယောက်က သံတုတ်ကို မြှောက်ကိုင်လိုက်ပြီး. . ။ ။

မော်ဝန်းကြည်မြတ်

<u>*စာကြွင်း*</u>

*စာဆိုတော်ဦးပုညအား မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ် ဝါခေါင်လဆန်း (၉) ရက်၊ တနင်္ဂနွေနေ့ နံနက်တစ်ချက်တီးကျော်အချိန်တွင် အဆုံးစီရင်လိုက်ပြီး နောက်တစ်နေ့ မွန်းလွဲနှစ်ချက်တီးအချိန်၌ မြို့ဝန်ဦးသာအိုး၏ 'သုံးတန်း' တောင်းသည့် လျှောက်ကြား*

www.burmeseclassic.com

www.burmeseclassic.com



စာ လွှတ်တော်သို့ရောက်လာသည်။ အဆိုပါလျှောက်ကြားစာတွင်

"ဘုရားကျွန်တော် ရွှေမြို့တော်ဝန် မြို့သာမြို့စား မင်းကြီး သီရိမဟာမင်းလှမင်းခေါင်သူရိန် ရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

မြင်ကွန်းစား၊ မြင်းခုံတိုင်စားတို့နှင့် သဘောတူပုန်ကန်ရာ တွင် ပါဝင်သူ ရှာစည်ရွာစား လက်ဖက်ရည်တော်ဟောင်း 'ငပုည'ကို အဆုံးစီရင်ရန် သုံးတန်းပေးတော်မူပါမည့်အကြောင်း ရှိခိုးအစီရင် တော်ခံပါသည် ဘုရား"

ဟူ၍ ဖော်ပြထားသည်။

"လွှတ်တော်ဝန်ကြီးများကလည်း ငပုညသည် မြင်ကွန်း စား၊ မြင်းခုံတိုင်စားတို့နှင့် ကြံရာပါသူပုန်ဖြစ်ကြောင်း ထင်ရှား သဖြင့် အနောက်သို့ သွားမြဲသွားစေ၊ ရှုံ၊ သူရဲ တောင်ဟန် သုံးတန်း ပေးမြဲပေးစေ"

ဟု သုံးတန်းကြားစာထုတ်ပြန်ပြီး ဘဝရှင်မင်းတရားကြီး ထံမှောက်သို့ မိန်းမစိုးမှတစ်ဆင့် တင်သွင်းရာ မင်းတရားကြီးက "ငပုညကို လက်မလွှန်စေနှင့်၊ ထောင်မှာထားမြဲထားစေ"ဟု မိန့် တော်မူလိုက်သည်၊ ထိုအမိန့်တော်ကိုပင် နာခံတော်ကြီးက..

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆန္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိလိုက်သည်၊ မြင်ကွန်း စားငယ်၊ မြင်းခုံတိုင်စားငယ်တို့နှင့် သဘောတူ ကြံစည်ရာပါသူ





သူပုန်ငပုညကို လက်မလွှန်စေနှင့်၊ ထောင်မှာ ထားမြဲထားစေ"

ဟု နေ့ညီလာခံတွင် ဖတ်ကြားထုတ်ပြန်လိုက်သည်။

ထိုညညီလာခံကျင်းပသည့်အချိန်တွင် မင်းတရားကြီး သည် ဦးပုညကွပ်မျက်ခံလိုက်ရသည့်အဖြစ်ကို ကြားသိရပြီးနောက် စိတ်နှလုံးတော်မသာမယာဖြင့် 'လူကိုခွေးသတ်သည်'ဟု နှုတ်မှ ပြစ်တင်တော်မူလိုက်သည်။

စာကိုး

(၁) ဝန်ထောက်မင်းဦးမောင်မောင်တင်၏ 'စလေဦးပုည'စာ အုပ်၊ ပဒေသာစာပေတိုက်။ (၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ)

(၂) တက္ကသိုလ်မောင်အေးသန့်၏ 'မျက်ဖြေစာဆို'စာအုပ်၊ ချမ်းသာစာပေတိုက်။ (၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ)

(မှုခင်းစုံမဂ္ဂဇင်း၊ ၂၀၀၄၊ ဇန်နဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com



## နန္ဒာမိုးကြယ်

### ဂန္ဓာရီဆရာမြနှင့် ယတြာကုထုံး

စာပေနယ်ထဲ စတင်ခြေချခဲ့တာ... ၁၉၇၄။
အယ်ဒီတာလုပ်ပါတယ်။
ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး---
စာမျိုးစုံကို ကလောင်နာမည် အမျိုးမျိုးနဲ့ ရေးပါတယ်။
ဂန္ဓာရီ-နဲ့ အင်းကြယ်မျက်ကို နှစ်သက်လို့ ကြိုးစားပြီးရေးပါတယ်။
ရေးတတ်ကြွန်းသူတွေကိုလည်း ချီးကျူးပါတယ်။

နန္ဒာမိုးကြယ်
၁·၆·၀၅

# ဂန္ဓာရီဆရာမြနှင့် ယတြာကုထုံး

## ‹၁› ပိုင်သူ၊ ဆိုင်သူ

ကျွန်ုပ်၌ မိတ်ဆွေတစ်ဦးရှိသည်။ ၎င်း၏အမည်ကား 'မောင်ကျောက်လုံး'ဖြစ်၏။ ဇာတိမှာ တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၏နယ်မြေ 'ရွှေဘို'ဖြစ်သဖြင့် ရင်းနှီးသူများက ၎င်းအား 'ရွှေဘိုကျောက်လုံး'ဟု ချစ်စနိုးခေါ်ဝေါ်ကြလေ၏။

မောင်ကျောက်လုံးခေါ် ရွှေဘိုကျောက်လုံးကား အနွတ္တသညာကို ပိုင်ဆိုင်ထားသူမဟုတ်သည်မှာ သေချာ၏။ အကြောင်းမူ ၎င်းကိုကြည့်လိုက်တိုင်း အိပ်ရာထက်၌ သာခွေယိုင်ပမာ လဲလျောင်းနေသည်ကိုသာ တွေ့ရစမြဲဖြစ်၏။ မျက်ခုံးထူထူ၊ အရပ်ပုပု၊ ခြေတိုတို၊ လက်တိုတိုနှင့် လမ်းထွက်လျှင် တင်ကိုနောက်သို့လျက် လိမ်ဖယ်လိမ်ဖယ်လျှောက်လေ့ရှိသော ရွှေဘိုကျောက်လုံးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ခုတစ်ခါ အိပ်ရာထဲဘုံးဘုံးလဲနေသည်မှာ ခါတိုင်းထက်ကြာလှချေ၏။ သည့်အတွက် ကျွန်ုပ်အပါအဝင် မိတ်ဆွေသင်္ဂဟများမှာ စိတ်မကောင်းဖြစ်လျက် တတ်နိုင်သရွေ့ လူနာသွားမေးသည့်အခါ ရင်းကြိုက်တတ်သည့် ဆီးယိုတို့ ဖီးကြမ်းငှက်ပျောသီးတို့ကို ဝယ်သွားလေ့ရှိပါသည်။ ဟိုး . . ယခင်က ရင်းနှင့်တည့်မည့်စာတစ်စာတို့ကို ဝယ်သွားသည့်အခါတိုင်း မြိန်ရေရှက်ရေရှိသလောက် ယခုမူ တို့ကနန်းဆိတ်ကနန်းမျှပင် မလုပ်ချေ။

ရွှေဘိုကျောက်လုံး၏ ဇနီးသည်ဖြစ်သော 'မကြာစိ' မှာ ခင်ပွန်းသည်၏အခြေအနေကိုကြည့်၍ မျက်နှာမကောင်း။

"ကျွန်မတော့ သူ့ကိုကြည့်ပြီး စိတ်ဆင်းရဲရပါတယ်ရှင်။ သူစားချင်တာ၊ သူနဲ့တည့်တာမှန်သမျှ မညည်းမညူ ချက်ပြုတ်ကျွေးမွေးပါတယ်။ ဒါပေမဲ့ ဘာဆိုဘာကိုမှမစားဘဲ တို့ကနန်းဆိတ်ကနန်းလောက်ဆိုတော့ လူတစ်ကိုယ်လုံး ဘာအာဟာရမှမဖြစ်ဘဲ ကမ္ဘာနှာန်းရုပ်ပေါက်နေတာသာ ကြည့်ပါတော့"

မကြာစိပြောမည်ဆိုလည်း ပြောလောက်၏။ အမိုးသဖွယ်ဖြစ်နေသော မျက်ခုံးထူထူအောက်မှာတော့ မျက်လုံးအစုံသည် ဟောက်ပက်ကြီးဖြစ်နေ၏။ အကြည့်တို့သည် တောက်တောက်ပြောင်ပြောင်စူးစူးရှရှ မရှိလှ။ နှုတ်ခမ်းတို့မှာ ဖြူဖပ်ဖြူရော်။ လည်ချောင်းရှိ သွေးကြောတို့သည် ထောင်ထလျက်ရှိကုန်၏။ ဦးခေါင်းၔရှိကုန်သော ဆံပင်တို့မှာ ကျိုးတိုးကျဲတဲ။



"မြန်မာဆရာ၊ အင်္ဂလိပ်ဆရာတွေကိုကော ပြမကြည့်ဘူးလား မကြာစိ"

"ပြပါသော်ကော ကိုရွှေမိုးရယ်။ ဗိန္ဒောဆရာကြီးဦးလူဝေးဆိုတာ ကိုကျောက်လုံးရဲ့ လက်စွဲသမားတော်ကြီးပါ။ ခါတိုင်း သူ့ဖြစ်သမျှ ရောဂါတော်တော်များများဟာ ဆရာကြီးဦးလူဝေးနဲ့တွေ့လိုက်ရင် ရှင်းရှင်းကိုပျောက်သွားခဲ့တာချည်းပါပဲ။

ခုတစ်ခါမတော့ ဗိန္ဒောဆရာကြီးဦးလူဝေးလည်း လက်လျှော့ပြီး အင်္ဂလိပ်ဆရာနဲ့ပြကြည့်ဦးလို့ ပြောလာပါတယ်။ အင်းလေ . . ဆရာကြီးကိုယ်တိုင် သူ့လိပ်ခေါင်းအတွက် သူ့သောကတွေပွားနေရလို့ အိမ်ပေါ်က အိမ်အောက်တောင် မဆင်းနိုင်ရှာဘူး။ ဒါကြောင့် နေ့တိုင်း ဘယ်လာကြည့်နိုင်ပါ့မလဲ"

"ဒါဖြင့် ခု . . အင်္ဂလိပ်ဆရာနဲ့ ပြတယ်ပေါ့"

"ပြတာပေါ့။ ဘယ်နေလိမ့်မလဲ။ နိုင်ငံခြားပြန်သမားတော်ကြီး ဒေါက်တာဘဆင့်မော်နဲ့ ပြကြည့်ပါတယ်။ ဒေါက်တာက တော်ပါတယ်။ ဒါပေမဲ့ ကိုကျောက်လုံးရဲ့ဝေဒနာက ကံနာဝဋ်နာလို့ ဆိုရမလားပဲ။ ဆေးကောင်းဝါးကောင်းတွေ တိုက်ကျွေးပေမယ့် သူ့အခြေအနေက ကိုရွှေမိုးမြင်ရတဲ့အတိုင်းပဲလေ။ ထူးလာတယ်လို့မှ မရှိတာကလား။ ကျွန်မကတော့ သူ့အတွက်နဲ့ စိတ်ညစ်တာပါပဲရှင်"

မကြာစိမှာ ပြောရင်းဆိုရင်း ချစ်လင်ခံစားနေရသော ဝေဒနာအတွက် မချိတင်ကဲဖြစ်ကာ အသံတွေတိမ်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံ၌ မျက်ရည်တိမ်တိုက်တို့ ဖုံးအုပ်သွားချေ၏။ ကျွန်ုပ်ကား ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ ထိုအချိန်၌ မကြာစိ၏မောင် (ရွှေဘိုကျောက်လုံး၏ယောက်ဖ)ဖြစ်သူ 'ငွေဒေါင်းမဲ' သည် စကားဝိုင်းထဲသို့ဝင်လာ၏။ ထိုပုဂ္ဂိုလ်ကား နာမည်နှင့်လိုက်အောင် အသားမည်းပြီး အလုပ်အကိုင်မှာ မြန်မာ့လက်ဝှေ့ထိုးစားသူဟု သိရ၏။

"ကျုပ်တော့ ကျုပ်အစ်မကို မုဆိုးမအဖြစ်မခံနိုင်ဘူးဆရာ။ ယောက်ဖရဲ့ကျန်းမာရေး ပြန်ကောင်းအောင် ဘာပဲလုပ်ရလုပ်ရ ကျုပ်ကတော့ လုပ်မှာပဲ။

အခု ယောက်ဖ့ကိုကြည့်ရတာ သွေးရိုးသားရိုးလို့မထင်ဘူး။ ပယောဂတစ်ခုခု ဝင်တယ်လို့ ထင်တာပဲ။ ဖြစ်လည်းဖြစ်နိုင်တယ်။ ကိုကျောက်လုံးဟာ နေကောင်းတုန်းက အရက်မူးပြီဆိုရင် ဟိုမရှောင်၊ သည်မရှောင် အပေ့ါသွားတတ်တဲ့အကျင့်ရှိတယ်။ သူ တစ်ခုခုမှားလို့ ဆိုင်ရာပိုင်ရာတွေက ကိုင်လိုက်တာဖြစ်မယ်။ အစ်မ ဘာမှပူမနေနဲ့ဗျာ။ ကျုပ် ဘားအံမှာ လက်ဝှေ့သွားထိုးတုန်းက 'ဘာမထီဆရာလှ'ဆိုတဲ့ ပယောဂကုဆရာတစ်ယောက်နဲ့ အတော်ကလေးရင်းနှီးခဲ့တယ်။ ခု ့ သူရန်ကုန်ရောက်နေတယ်လို့ ကြားတယ်။ ကျုပ် သွားပြီးပင့်လာခဲ့မယ်။ သိလားအစ်မ"

လက်ဝှေ့သမားငွေဒေါင်းမဲသည် သူ့အစ်မ မကြာစိတစ်ယောက် မုဆိုးမဖြစ်မှာကို မောင်တစ်ယောက်ပီသစွာ ပူပင်တတ်ရှာ၏။ အစ်မလုပ်သူကား ဘာမှ ပြန်ပြောနိုင်ရန် အင်အားရှိဟန်





မတူတော့။

"မင်းတို့ ကောင်းသလိုသာ စီမံပါတော့ကွယ်။ ကိုကျောက်လုံးပြန်ကောင်းဖို့က အရေးကြီးပါတယ်"

ကျွန်ုပ်ကား ထိုအိမ်မှပြန်လာရာလမ်းတစ်လျှောက်ဝယ် စိတ်ထဲ၌ တနုံ့နုံ့နှင့် ကိုကျောက်လုံးအတွက် စိတ်မကောင်းဖြစ်နေခဲ့၏။ မိတ်ဆွေသင်္ဂဟတို့အပေါ် လွန်စွာမှကောင်းသော၊ တတ်စွမ်းသမျှအကူအညီပေးတတ်သော သည်လိုလူမျိုးအား ဤလူ့လောကကို ရှုတ်ချည်းလက်ပြနှုတ်ဆက်သွားမှာကို မလိုလားပါ။ ကိုကျောက်လုံး၏ယောက်ဖ ငွေဒေါင်းမဲကတော့ အစ်မဖြစ်သူအပေါ် ဩဇာညောင်းသူပီပီ သူလုပ်ချင်ရာ လုပ်ပေတော့မည်။ သူ့လုပ်ရပ်ကြောင့် ကောင်းလျှင်တော့ 'အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား' ဆိုသလို ဘာဆိုဘာမှ ပြောစရာမရှိသော်လည်း 'ပေ့ါစေလို၍ကြောင်ရုပ်ထိုး၊ ဆေးအတွက်နှင့်လေး' ဆိုလျှင်မူ ကျွန်ုပ်အပါအဝင် မိတ်ဆွေသင်္ဂဟအားလုံး စိတ်မကောင်းဖြစ်မှာကတော့ သေချာ၏။ ကျွန်ုပ်တို့ကား ငှင်းတို့ကဲ့သို့ ဆိုင်လည်းမဆိုင်၊ ပိုင်လည်းမပိုင်။

မိတ်ဆွေကြီးရွှေဘိုကျောက်လုံး၏ အနာဂတ်ကား မည်သို့ရှိပါချေအံ့နည်း။

▸▸◂◂



www.burmeseclassic.com

www.burmeseclassic.com



## ‹၂› ရောဂါနဲ့ဆေး

"ဒီပုံအတိုင်းဆိုရင်ဖြင့် ကိုရင့်လူ မကြာဘူး။ သွားတော့မှာပဲ။ ဘယ့်နှယ်. . ခုတ်ရာ တခြား၊ ရှရာ တခြား၊ ဆေးက တလွဲ"

နောက်တစ်ရက် ရွှေဘိုကျောက်လုံးအိမ်သို့ လူမမာသွားကြည့်ရာ ကျွန်ုပ်ထံ၌ အလည်အပတ်ရောက်ရှိနေသည့် မိတ်ဆွေကြီးဂန္ဓာရီဆရာမြလည်း လိုက်ပါလာခဲ့၏။

လူမမာအိမ်ရောက်တော့ ပုတီးလုံးကြီးများ လည်ပင်း၌ဆွဲကာ ဝတ်ဖြူစင်ကြယ်ဝတ်လျက် ကိုကျောက်လုံး၏ကျောပြင်အား ကြိမ်ဖြင့်နှက်နေသည့် ဘာမထီဆရာလှအား မြင်လိုက်ရသည့်သမယ စိတ်ချမ်းမြေ့ခြင်းကင်းသော ရင်ခေါင်းသံကြီးဖြင့် ယခုလို ကျွန်ုပ်အား နှစ်ကိုယ်ကြားပြောလိုက်ခြင်းဖြစ်၏။

လူနာကုသသည့် အခန်းတစ်ခုလုံးကား အမွှေးတိုင်မှ ရနံ့များက မွှန်ထူ၍နေလေ၏။ အုန်းငှက်ပျောပွဲ၏ရှေ့တွင်ကား ဖယောင်းတိုင်သုံးတိုင်သည် တောက်ပလျက်ရှိနေဆဲ။

"တယ်လေ. . ခုထက်ထိ အနှောင့်အယှက်က ပေးချင်ရသေးလား။ မထွက်ဘူးလား၊ ထွက်မလား။ ငါ့အကြောင်းသိတယ်နော်။ ငါ့ကို ဒေါသထွက်အောင် မလုပ်နဲ့။ ဒေါသထွက်လာရင် ငါ့ကို အဆိုးမဆိုနဲ့"

'ဒုန်း' ခနဲ၊ 'ဒိုင်း' ခနဲ ခြေဆောင့်သံနှင့်အတူ ရှမ်းခနဲ ဖြန်းခနဲ ကြိမ်ရိုက်သံများပေါ်ပြီးတစ်ခဏ ရွှေဘိုကျောက်လုံးခမျာ





'အောင်မလေး' ပင် 'မတ' နိုင်တော့ဘဲ ပျော့ခွေမေ့မြောသွားရှာတော့၏။ ထိုသို့ ပယောဂကုနေသည်ကို လာရောက်ကြည့်ရှုနေကြသော ပတ်ဝန်းကျင်မှ ပရိသတ်တို့မှာ မနည်းမနော။

အားလုံးပင် ကျန်းမာရေးကောင်းစေ၌ခါက မိတ်ဆွေ သင်္ဂဟတို့အပေါ်၊ ပတ်ဝန်းကျင်အပေါ်၊ အိမ်နီးချင်းတို့အပေါ် သဘောမနောကောင်းရှာသည့် ရွှေဘိုကျောက်လုံး၏အဖြစ်ကို ယခုမြင်ရတော့ စိတ်မကောင်းကြ။

"အောင်မာ. . ဒင်းက ငါ့ကြိမ်ကို အာခံပြီး ဘာမှတောင်ပြန်မပြောတော့ဘူး။ ဘာလဲ. . ဒါ ထိမထင်တဲ့ သဘောလား။ ဟင်း. . ဟင်း. . ဘာရမလဲ။ ဒီလိုမျိုးအချိုးတွေကို ချေချွတ်လာခဲ့ရတာ နည်းမလား။ ကဲ. . ဘာမထီဆရာလှအကြောင်း သိရသေးတာပေါ့ကွာ"

ဘာမထီဆရာလှကား အပြောနှင့်လက်တွေ့ တကယ်အပ်ကျမတ်ကျဖြစ်အောင် သူ့လက်စွဲတော်ကြိမ်လုံးဖြင့် မေ့မြောနေသူကို ရိုက်နှက်ဖို့ လက်ကိုလွှဲလိုက်၏။ ထိုစဉ်. .

"ဗျို့. . ဆရာ. . ရပ်. . ရပ်လိုက်"

အသံရှင်ကား အခြားမဟုတ်။ ကျွန်ုပ်၏မိတ်ဆွေကြီး ဂန္ဓာရီဆရာမြတည်း။ ဆရာမြ၏အသံကား ဩဇာပြည့်ဝသည်သာမက တစ်ဖက်သားအပေါ်တွင် အုပ်မိုးနိုင်သည့် သံလိုက်ဓာတ်တစ်မျိုးလည်း ပါသည်ဟုဆိုနိုင်၏။ ထိုအသံကြောင့် ရိုက်လုဆဲဆဲကြိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သည် လေထဲတွင်တန့်သွား၏။ အားလုံး၏အကြည့်များမှာလည်း ဂန္ဓာရီဆရာမြအပေါ်သို့ လွှမ်းခြုံကျရောက်သွားလေတော့၏။

"ဟေ့လူ. . ဒီမှာ ကျုပ်ဒဲဆးကုနေတာ။ ခင်ဗျား ဘာဝင် ရှုပ်တာလဲ"

"ရှုပ်တာမဟုတ်ဘူး ကိုယ့်လူ။ ထင်ရှာစိုင်းနေတဲ့ ခင်ဗျား ကို အချိန်မီတားဆီးတာ။ နို့မဟုတ်ရင် လူသတ်မှုဖြစ်သွားမယ် ကိုယ်ထင်ရာ ကိုယ်မလုပ်နဲ့။ ဥပဒေက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

'ဥပဒေ'ဟူသောစကားကြောင့် ထင်၏။ ဘာမထီဆရာလှ ၏မျက်နှာသည် အရောင်တစ်မျိုးပြောင်းသွား၏။

"ကျုပ်က လူနာကောင်းဖို့ ကုနေတာပါဗျာ"

"ကုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ လမ်းလွဲနေတယ်။ ခင်ဗျား ဆေးဆရာသက်တမ်းကြာပြီဆိုရင် သူ့ခုဖြစ်နေတာ ပယောဂဟုတ် မဟုတ်၊ ကံနာဝဋ်နာဟုတ်မဟုတ် အကဲခတ်လို့ရနိုင်ပါတယ်။ ဒါ့ ထက် ခင်ဗျားမှာ ဆေးကုသခွင့်လိုင်စင်ကောရှိသလား။ ရှိရင် ပြ စမ်းပါ"

ဘာမထီဆရာလှ၏မျက်နှာကား ကနဦးလို ခက်ထန်မာ ကျောခြင်း အလျဉ်းမရှိတော့ဘဲ တစ်စုံတစ်ရာကို စိုးရွံ့လန့်ထိတ် သည့်အသွင်သို့ ကူးပြောင်းသွားခဲ့၏။

"အဲ. . အဲဒါ အိမ်မှာကျန်ရစ်ခဲ့တယ်ဗျာ။ နောက်ရက်လာ





ရင် ယူလာခဲ့ပါ့မယ်"

သည့်နောက် သူ့တွင်ပါလာသော ပစ္စည်းပစ္စယများကို လွယ်အိတ်တွင်းထည့်ကာ ၎င်းအားပင့်ဆောင်လာသူ ငွေဒေါင်းမဲ အား တစ်စုံတစ်ခုတီးတိုးပြောရင်း အိမ်ပေါ်မှ ကတိုက်ကရိုက်ဆင်း သွားလေတော့၏။

မကြာစိကား မေ့မြောနေသော လင်တော်မောင်အား သတိရအောင် ပြန်လည်ပြုစုရင်း တရှုံ့ရှုံ့ငိုနေ၏။ ငွေဒေါင်းမဲမှာ ယောက်ဖကိုတစ်လှည့်၊ ဂန္ဓာရီဆရာမြအားတစ်လှည့် ကြည့်ရင်း တစ်စုံတစ်ခုကို ဝေခွဲရခက်သလို ဖြစ်နေဟန်ရှိ၏။

"ဒီက မိတ်ဆွေတို့. . ကျုပ်တောင်းပန်ပါတယ်။ ကျုပ်ဟာ ဒည့်သည်ပါ။ ဟောဒီခင်ဗျားတို့ရွာက ဆရာကိုရွှေမိုးရဲ့မိတ်ဆွေပါ။ ကျုပ်ကြောင့် အခုလို ဆေးကုနေတဲ့ကိစ္စ ပျက်ပြယ်သွားရတဲ့အတွက် ပါ။ ဒါကလည်း ကြားထဲက မနေနိုင်မထိုင်နိုင်ဖြစ်လို့။ ကိုကျောက် လုံးခမျာ ဘာပယောဂမှမဖြစ်ပါဘဲ မဆီမဆိုင် ကြိမ်လုံးဒဏ်ကြောင့် ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်သွားမှာကို မလိုလားတာတော့ အမှန်ပဲ။

ကျုပ်. . အဲဒီလူကို ကောင်းကောင်းသိပါတယ်။ သူဟာ လိမ်လည်မှုနဲ့ ထောင်ကျဖူးတယ်။ နောက်. . ကျုပ်ရဲ့ဆရာတစ် ယောက်ဆီမှာ ဆေးပညာသင်ဖူးတယ်။ ဒါလည်း ဆုံးခန်းမတိုင်ပါ ဘူး။ ထမင်းစားရေသောက်လောက်ပါပဲ။ အဲဒါကို အခြေခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ပယောဂလိုလို အခမ္မာင့်လိုလိုနဲ့ မြှောက်ပင့်မြှိမ်းခြောက်ပြီး လုပ်စားနေတာ ကြာပါပြီ။ သူ့ကြောင့် ဗဟုသုတခေါင်းပါးတဲ့ လူနာတချို့ မသေသင့်ဘဲ သေခဲ့ရတာတွေ ရှိပါတယ်။ ခုလည်း အချိန်မီလို့ပေါ့။ နို့မဟုတ်ရင် ကိုကျောက်လုံးရဲ့ဘဝဟာ တွေးဝံ့စရာရှိမယ်မထင်ဘူး"

သည်တော့မှ ငွေခေါင်းမဲ၏ အပြစ်တင်လိုသော မျက်လုံးအစုံသည် အရောင်ပြောင်းသွားကြကုန်၏။

"ကျွန်တော်တို့လည်း လူနာပြန်ကောင်းလာစေချင်တဲ့ ဇောတစ်ခုတည်းနဲ့ အမှားအမှန်ကို မဝေခွဲနိုင်အောင်ဖြစ်ခဲ့ရပါတယ် ဆရာရယ်။ ဒါတွေဟာ အစ်မမှာ အပြစ်မရှိပါဘူး။ ကျွန်တော့်အပြစ်ပါ။

ဒါထက် ဆရာ့ကို ကျွန်တော်အကဲခတ်မိသလောက် ဆရာဟာ ပညာစုံတဲ့သူတစ်ဦးဖြစ်တော ကိုနှိုးသောလောက်ပါတယ်။ တတ်နိုင်ရင် ဆရာရယ်. . ယောက်ဖရဲ့ဝေဒနာကို နည်းနည်းလောက်ကြည့်ပေးပါလား"

ဂန္ဓာရီဆရာမြလည်း ခေါင်းတဆတ်ဆတ်ညိတ်လျက် လူနာကို သေသေချာချာကြည့်လိုက်၏။ ထိုအချိန်ဝယ် လူနာမှာ သတိပြန်လည်ရနေပေပြီ။

"ကျုပ်. . သူ့ရဲ့မွေးဇာတာကို သိချင်တယ်"

"သိရမှာပေါ့ဆရာ။ သူ့မွေးဇာတာက. ."

ဟုဆိုလျက် မကြာစီသည် ခင်ပွန်းသည်ရွှေဘိုကျောက်လုံး



၏ မွေးဇာတာကို ပြောပြလိုက်၏။ ဤတွင် ဆရာမြသည် ကျောက်သင်ပုန်းနှင့် ကျောက်တံကိုယူ၍ ဟိုခြစ်သည်ခြစ်လုပ်ရင်း. .

"သူ့ရဲ့မွေးဇာတာကို အခြေပြုပြီး တွက်ချက်ကြည့်တော့ ဒီအိမ်ပေါ်မှာ ဘယ်လိုပဲဆက်ကုကု ထူးမှာမဟုတ်ဘူး။ အကောင်းဆုံးက တခြားအိမ်တစ်အိမ် ပြောင်းရွှေ့ပေးပါ။ ဘာကြောင့်ဆို သူ့အကြွင်းက သုညဖြစ်နေလို့ပဲ"

ငွေခေါင်းမဲတို့မောင်နှမအကြည့်၌ ဂန္ဓာရီဆရာမြအပေါ် ယုံကြည်အားထားစိတ်များ တဖွားဖွားပေါ်ပေါက်လာကြဟန် ရှိသည်။ ထို့ကြောင့်လည်း ဆရာမြပြောဆိုမှာကြားသည်တို့ကို ခေါင်းတဆတ်ဆတ်ညိတ်လျက်။

▶▶ ◀◀

## <၃> ယတြာအစွမ်း

အံ့ဩမည်ဆိုလည်း အံ့ဩလောက်ပါပေ၏။

အားလုံးက ပစ်လိုက်ရပြီဟု ထင်မှတ်ထားသော ရွှေဘိုကျောက်လုံးတစ်ယောက် အန္တတ္တသညာနှင့် ပြန်လည်စည်းဝါးကိုက်တော ကျန်းမာရေးဒေါင်ဒေါင်မြည်လာပြီး သူနှစ်သက်သော ယစ်ရွှေရည်ကို ထမင်းမစားမီ တစ်စိတ်ခန့် ပုံမှန်သောက်နိုင်လာ၏။ ကျန်းမာလာပြီဖြစ်၍ အလုပ်အကိုင်တွေကိုလည်း လုပ်နိုင်ကိုင်နိုင်လာ၏။ ဇနီးသည်မကြာစီမှာ ပမ်းသာ၍မဆုံးတော့။ ရွှေယောက်ဖဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူ ငွေဒေါင်းမဲခများလည်း အစ်မဖြစ်သူမှုဆိုးမဖြစ်မည့်ဘေးမှ ဝေးကွာသည့်အတွက် ကြည်နူးမဆုံး။ ပြီးတော့ ဆရာမြကိုလည်း ကျေးဇူးတင်မဆုံး။

"မိန်းမထက်၊ ယောက်ဖထက် ဝမ်းသာရတာ၊ ဆရာမြကို ကျေးဇူးတင်ရတာ ကျွန်တော်ပဲပေါ့ ကိုရွှေမိုးရာ။ ကျွန်တော့်ရဲ့ အခြေအနေဆိုတာ တစ်နေ့မဟုတ်တစ်နေ့ လုံးပါးပါးပြီး သေဖို့ နီးစပ်နေပြီ မဟုတ်လား။ အဲဒီနေ့ကလည်း ဆရာမြရောက်လာလို့။ နို့မဟုတ်ရင် ဘာမထီဆရာလှလက်ချက်နဲ့ ကျွန်တော်သေပြီ။ ဆရာမြ အချိန်မီကယ်တင်ပြီး မျက်စောင်းထိုးမှာရှိတဲ့ အရိုးလေးအိမ်ကို ပို့ခဲ့တယ်။ အဲဒီမှာတင် ထူးခြားမှုက စတင်တော့တာပဲ။ ချုပ်နေတဲ့ ဝမ်းဟာ စပြီးသွားတယ်။ ငုပ်နေတဲ့ချွေးတွေ ထွက်လာတယ်။ အဲဒီမှာ လေးလံနေတဲ့ တစ်ကိုယ်လုံးဟာ ပေါ့ပါးသွက်လက်လာတယ်။ ပြီးတော့ ဝမ်းထဲဟာပြီး ဆာလာတယ်။ ဒီလိုနည်းနဲ့ ခုလို ထူထူထောင်ထောင်ဖြစ်လာတာပဲ ကိုရွှေမိုး"

ဟူ၍ ရှင်းပြတော့ ကျွန်ုပ်မှာ မိတ်ဆွေရွှေဘိုကျော်ကလုံး အတွက် ဝမ်းသာအယ်လဲဖြစ်ရသည့်အပြင် ကျွန်ုပ်၏ရဲဘော်ကြီး ဂန္ဓာရီဆရာမြအတွက်လည်း များစွာဂုဏ်ယူရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



# မောင်သွေးရှင့်

## ဂမ္ဘီရနှင်းဆီတစ်ပွင့်

၁၉၆၈ ခုနှစ်မှ စတင်ကာ စာပေနယ်
ထဲ ခြေချခဲ့သည်။ [illegible]
[illegible]များ ရေးခဲ့သည်။ ယခုအခါ
မောင်သွေးရှင် ကလောင်ဖြင့်
ဂမ္ဘီရစာပေများ ကိုရေးသားလျက်ရှိသည်။

ပုံ/
မောင်သွေးရှင်

www.burmeseclassic.com

www.burmeseclassic.com

---

ထူးဆန်းပေစွ..။

အမျိုးသမီးကြီးသည် သူဆင်းတော့ ဘေးခုံမှ နှင်းဆီဝါလေးကိုပါ ယူဆောင်လာသည်။ ကော်ဖီနှစ်ခွက် မှာသည်။ နှင်းဆီဝါကိုလည်း ထိုင်ခုံတစ်ခုမှာတင်ထားသည်။ ကော်ဖီမစ်နှစ်ခွက်လုံးကိုဖျော်၏။ တစ်ခွက်သူသောက်၍ တစ်ခွက်ကို ချထားလေ၏။

---



## ဂမ္ဘီရနှင်းဆီတစ်ပွင့်

ကျွန်ုပ်သည် မော်လမြိုင်မြို့သို့ ရောက်ရှိနေသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်၏။ မူလက တစ်ပတ်ခန့်နေရန်ဖြစ်သော်လည်း ရန်ကုန်မြို့မှ ဖုန်းဆက်၍ ကိစ္စတစ်ခုကြောင့် ပြန်လာရန်ပြောသဖြင့် မီရာကားလက်မှတ်ဝယ်၍ ပြန်ခဲ့ရလေ၏။

ကျွန်ုပ်စီးလာသောကားကြီးမှာ အဲယားကွန်းဘတ်စ်ဖြစ်ပြီး ထိုင်ခုံမှာ ဆိုဖာများဖြင့် ဇိမ်ကျကျစီးနိုင်သောကားဖြစ်လေ၏။ သို့သော် ကျွန်ုပ်မှာ ဘေးခုံများမရတော့ဘဲ ရရာအလယ်ခုံကိုသာ ဝယ်လိုက်ရသဖြင့် သိပ်ဇိမ်မကျချေ။

မော်လမြိုင်-ရန်ကုန် ကားစီးကြရာဝယ် မော်လမြိုင်တစ်ဖက်ကမ်း မုတ္တမမှ စီးရခြင်းဖြစ်၏။ မုတ္တမနှင့်မော်လမြိုင် ကူးတို့သင်္ဘောဖြင့် ကူးရသေးသည်။ ထိုအချိန်က သံလွင်တံတား(မော်



www.burmeseclassic.com

www.burmeseclassic.com



လမြိုင်)သည် မပြီးသေးပါချေ။ ပေပေါင်း ၁၁၅၇၅ ပေရှည်၍ မြန်မာပြည်တွင် အကြီးဆုံးနှင့်အရှည်ဆုံးဖြစ်မည့် မော်လမြိုင်တံတားပြီးလျှင်တော့ ရန်ကုန်မှမော်လမြိုင် ဘိုက်ရိုက်ရောက်ပေတော့မည်။

ကျွန်ုပ်စီးမည့်ကားသည် မော်လမြိုင်-ရန်ကုန်ကားခ ၂၃၀၀ ကျပ်ကျသင့်၏။ တချို့ကားများက ၂၅၀၀ ကျပ်။ တချို့ကားများသာ ၁၇၀၀ ကျပ် ကျသင့်လေသည်။ ၁၇၀၀ ကျပ်ကားသည် အဲယားကွန်း မပါချေ။

ကျွန်ုပ်ကားပေါ်ရောက်တော့ ညနေ ၆ နာရီခွဲခန့်ရှိပြီ။ ကားက ၆း၃၀ နာရီ ထွက်မည်ဖြစ်၏။ ကားထွက်ရန် အချိန်နီးနေသော်လည်း ကျွန်ုပ်ဘေးရှိ ထိုင်ခုံနှစ်ခုံမှာ လွတ်နေသည်။ လမ်းမှစောင့်၍တက်မည်ဖြစ်ပုံရ၏။

ထင်သည့်အတိုင်းပင် ပေါင်မြို့အဝင်ရောက်သော် ကားရပ်သည်။ ခရီးသည်တချို့ တက်လာကြ၏။ ကျွန်ုပ်ဘေးမှ ထိုင်ခုံသို့လည်း လူရောက်လာသည်။ သို့သော် နှစ်ဦးမဟုတ်။ တစ်ဦးတည်းဖြစ်နေသည်။ နောက်တစ်ဦးက နောက်မှတက်လာဦးမည်ဟု ထင်မိလိုက်၏။

သို့သော်. .

ကျွန်ုပ်ဘေးခုံမှာ ဝင်ထိုင်သည့်အမျိုးသမီးကြီး၏ အပြုအမူကြောင့် ကျွန်ုပ်အံ့အားသင့်သွားမိတော့သည်။ အမျိုးသမီးကြီးသည် ကျွန်ုပ်ဘေးမှကပ်လျက်ခုံမှာ ထိုင်လျက် ပြတင်းပေါက်နှင့်





ကပ်လျက်ခုံကို ကြည့်ကာ တစ်စုံတစ်ရာတိုးတိုးပြောနေသည်။

ကျွန်ုပ်ကြားလိုက်မိသည်ကား "သမီးဒီမှာထိုင်"ဟူ၍ဖြစ်၏။ ဒီမှာထိုင်ဆိုပြီး သူ့အိတ်ထဲမှ ပန်းတစ်ပွင့်ကို ထိုင်ခုံပေါ်တင်ထားလိုက်သည်။

ခုံနံပါတ်(၁၃)ဖြစ်သော ထိုင်ခုံထက်မှာတော့ နှင်းဆီပန်းလေးတစ်ပွင့်။

နှင်းဆီနီလည်းမဟုတ်. .။
ပန်းရောင်နှင်းဆီလည်း မဟုတ်. .။
နှင်းဆီအဝါရောင်တစ်ပွင့်သာ ဖြစ်ချေ၏။
"ဘာသဘောပါလိမ့်. ."

ကျွန်ုပ်၏ရင်တွင်းမှာ စူးစမ်းနေမိ၏။ ခေတ်မီမီဝတ်စားထားသော အမျိုးသမီးကြီးကိုလည်း စူးစမ်းသလို တိမ်းငဲ့ကြည့်မိသည်။ သူကတော့ ဘေးဘီကိုလည်း သိပ်ဂရုမစိုက်။ သူဂရုစိုက်နေသည်ကား သူ့ဘေးမှ လူမရှိသည့်ခုံနှင့်တကွ နှင်းဆီဝါလေးတစ်ပွင့်ကိုသာဖြစ်သည်။

ကားက တရိပ်ရိပ်ပြေးနေသည်။ ည ၁၀ နာရီခန့်တွင် ဘီးလင်းသို့ ရောက်၏။ ဘီးလင်းမှာ တစ်ထောက်နား၍ ကားဆရာများ ထမင်းစားကြသည်။ ခရီးသည်များကတော့ ကော်ဖီသောက်၊ မုန့်စားဖို့ ဆင်းကြ၏။

ထူးဆန်းပေစွ. .။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးသည် သူဆင်းတော့ ဘေးခုံမှ နှင်းဆီဝါလေးကိုပါ ယူဆောင်လာသည်။ ကော်ဖီနှစ်ခွက်မှာသည်။ နှင်းဆီဝါကိုလည်း ထိုင်ခုံတစ်ခုမှာ တင်ထားသည်။ ကော်ဖီမစ်နှစ်ခွက်လုံးကိုဖျော်၏။ တစ်ခွက်သူသောက်၍ တစ်ခွက်ကို ချထားလေ၏။

ကော်ဖီသောက်ရင်း တိုးတိုးတိုးတိုးနှင့် ဘာတွေပြောနေသည် မသိ။ သူ့လုပ်ဆောင်ချက်များကို ကျွန်ုပ်သာ သတိထားမိခြင်းဖြစ်ပုံရ၏။ ကျန်ခရီးသည်များကတော့ ဘာမျှသိပုံမပေါ်။ ကျွန်ုပ်သာလျှင် ဘေးချင်းကပ်ထိုင်ခုံကမို့ သတိထားမိခြင်းဖြစ်သည်။

“မြေပြန့်သားမော်တော်ယာဉ်နဲ့ လိုက်ပါလာသော ခရီးသည်များ ကားပေါ်တက်နိုင်ပါပြီ။ မကြာခင် ကားပြန်ထွက်ပါ့မယ်”

ယာဉ်နောက်လိုက်က ကားတံခါးဖွင့်ပေးရင်း သတိပေး၏။ ခရီးသည်များ ယာဉ်ပေါ်ပြန်တက်ကြသည်။ အမျိုးသမီးကြီးကလည်း ကော်ဖီဖိုးရှင်းပြီး နှင်းဆီပွင့်လေးကိုကိုင်ကာ ကားဆီသို့သွား၏။ ကားပေါ်တက်သွား၏။ ကျွန်ုပ်ကားပေါ်ရောက်တော့ သူတို့ထိုင်ခုံမှာ ခုနလိုပင် နှင်းဆီပွင့်လေးနေရာယူထားသည်။

ကျွန်ုပ်သည် အလယ်တန်းကြားခုံတွင်ရပြီး အမျိုးသမီးကြီးမှာမူ ခုံလွတ်တစ်လုံးရှိနေသဖြင့် နေရာပြောင်းပေးဖို့ပြောရန် ကြံမိသေး၏။ သို့သော် မပြောဖြစ်ပါ။ ပြောလျှင် အဆင်ပြေလိမ့်မည်လည်း မထင်။ ထိုထိုင်ခုံကို သူဝယ်ထားသည်မှာ သေချာလှ၏။ ယာဉ်နောက်လိုက်နေရာပြကတည်းက နှစ်ခုံလုံးကို လက်ညှိုးထိုးပြ





သွားခြင်းမဟုတ်လား။

ကျွန်ုပ်လည်း ဘာမျှထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ငုတ်တုတ်ငိုက်ရင်းသာ လိုက်ပါခဲ့ရလေတော့၏။

အို. . အံ့ဩစရာပင်။

ဘယ်အချိန်က တက်လာသည်မသိလိုက်ရသော မိန်းကလေးတစ်ဦး. . ။

နှင်းဆီဝါတင်ထားသည့် ခုံနံပါတ်(၁၃)မှာ ရောက်နေပါပကော။

ကျွန်ုပ်မျက်မှောင်ကုတ်မိ၏။ သည်မိန်းကလေး ခုံမှာထိုင်ဖို့အတွက် သူမသည် ကျွန်ုပ်အား ဖြတ်ကျော်သွားရမည်ဖြစ်၏။ ကျွန်ုပ်ဖယ်ပေး၊ တိမ်းပေးမှ သူထိုနေရာသို့ဝင်နိုင်မည်။

ယခုတော့ ထိုခုံမှာ ဘယ်ကဲ့သို့ ဘယ်အချိန်ကရောက်နေသည် မသိ။

သူမအား တအံ့တဩကြည့်နေသော ကျွန်ုပ်အား သူမက နှစ်လိုစဖွယ်ပြုံးပြသည်။ သွားတက်လေးများပေါ်အောင် ပြုံးပြနေခြင်းဖြစ်ပေ၏။

ပန်းနုရောင်ဝမ်းဆက်ဝတ်ထားသော သူမသည်ကား ချောမောလှပသူလေးပင်။ ကော့သောမျက်တောင်၊ ရှန်းလဲ့သောမျက်ဝန်း၊ ဝင်းနေသော နှာတံလေး၊ နှုတ်ခမ်းပါးကလေးကလည်း ပန်းနုရောင်ပြေးလို့ပါ။ ဆံပင်က နက်မှောင်ရှည်လျားလှသည်။ ဆံပင်ကို

www.burmeseclassic.com



ဖြန့်ချထားပြီး ခေါင်းထက်မှာ ပန်းတစ်ပွင့်ပန်ထားသည်။ ဖြူသော အသားအရေနှင့် လိုက်ဖက်လှ၏။

ပန်ထားသည်ကား နှင်းဆီအဝါကလေး။ သူထိုင်နေသော ထိုင်ခုံက ပန်းကလေးပဲ ဖြစ်မည်ထင့်။

သူမသည် ငယ်ရွယ်နုပျိုလှ၏။ အသက်အားဖြင့်ရှိလှ ၁၆ နှစ်ခန့်သာ။ ကျွန်ုပ်ကိုကြည့်ရင်း သူမကပင် စကားစပြောသည်။

"သိပ်အံ့သြနေလားဟင်"

ကျွန်ုပ်ခေါင်းညိတ်မိ၏။ သိချင်လှစွာလည်း မေးမိ၏။

"မင်း . . ဘယ်အချိန်က တက်လာတာလဲ"

သူမက ပြုံး၍ဖြေသည်။

"ကားထွက်လာပြီး ပေါင်မှာရပ်ကတည်းက တက်လာတာပေါ့"

"မဖြစ်နိုင်ဘူး။ ငါမြင်တာ အဒေါ်ကြီးတစ်ယောက်တည်း"

"အဲဒါ နှင်းမေမေလေ။ မေမေက နှင်းကိုပြန်ခေါ်လို့ လိုက်လာတာ"

"မင်း . . ရန်ကုန်ကလား"

"ဟုတ်"

"ဘယ်ကပြန်လာတာလဲ"

"မော်လမြိုင်ကိုသွားတာ မရောက်ခဲ့ပါဘူး။ ပေါင်မြို့အထွက်မှာ ကားအက်ဆီးဒင့်ဖြစ်လို့"





"ဟင် . . ဘာဖြစ်သွားသေးလဲ"

"မေ့သွားတာပေါ့။ အခု မေမေလိုက်ခေါ်လို့ ပြန်လိုက်လာတာလေ"

ကျွန်ုပ်၏နားထဲမှာ ရှုပ်ထွေးနေ၏။ သူ့အမေနှင့် ပေါင်မြို့ကနေသာ လိုက်လာသည်သာပြောသည်။ ပေါင်မြို့မှာတက်လာတော့ သူမပါမလာပါ။ ကျွန်ုပ်မြင်မိနေသည်ပဲ။

ယခုမှ ဘယ်လိုများ ရောက်လာရလေသနည်း။

"ဟင်း . . ဟင်း . . သိပ်လည်းတွေးမနေပါနဲ့။ နှင်းနှင်းတို့အိမ် လိုက်လည်ပါလား။ မေမေနဲ့လည်း စကားပြောရတာပေါ့"

"မင်းတို့အိမ်က . . "

"တောင်ဥက္ကလာ . . . လမ်း၊ အမှတ် ၂၀ လေ။ လာလည်ပေါ့"

"အေး . . ငါလာခဲ့မယ်။ ဘယ်တော့လာရမလဲ"

"သန်ဘက်ခါကိုလာ။ အိမ်မှာ ဆွမ်းကျွေးရှိတယ်"

"တကယ်နော်"

"ကျွန်မ မလိမ်တတ်ပါဘူးရှင်"

"သထုံဆင်းမယ့်ခရီးသည်များ သထုံရောက်ပါတော့မယ်"

ကားစပယ်ယာ၏အော်သံကြောင့် ကျွန်ုပ်မျက်လုံးဖွင့်ကြည့်မိသည်။ သထုံရောက်နေပြီပဲ။ သထုံရွှေစာရံဘုရားကြီးအား ရွှေရောင်တဝင်းဝင်းနှင့် ဖူးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေစာရံဘုရားအား စိတ်ဖြင့်ကန်တော့ပြီးနောက် ဘေးသို့ လှည့်ကြည့်မိသည်။

"ဟင် . . သူမရှိတော့ပါလား"

ကျွန်ုပ်၏နှုတ်ဖျားမှ တိုးတိုးကလေး အာမေဋိတ်သံထွက်သွားသည်။ ဘေးမှ အမျိုးသမီးကြီးက ကျွန်ုပ်အားကြည့်၏။ ကျွန်ုပ် သူ့ကို ဂရုမစိုက်အားဘဲ သူဘေးမှခုံကိုသာ ကြည့်နေမိသည်။

ခုံပေါ်မှာတော့ နှင်းဆီဝါကလေးတစ်ပွင့် လဲလျောင်းလျက်ပင်။

ထိုခုံတွင် ခုနက မိန်းမပျိုလေးတစ်ဦးထိုင်နေသည်။ ကျွန်ုပ်နှင့် စကားပြောနေသေးသည်။ ယခု မရှိတော့။ ပျောက်သွားလေပြီ။

ကျွန်ုပ်၏ စူးစမ်းသောအကြည့်များကို အမျိုးသမီးကြီး ကြိုက်ပုံမရ။ ထို့ကြောင့် အကြည့်များကို ထိုခုံမှလွှဲဖယ်၍ မျက်လုံးမှိတ်ကာ စဉ်းစားနေမိသည်။

နှင်းဆီဝါတစ်ပွင့် . . ။

ချောမောလှပသော မိန်းမပျိုလေးတစ်ဦး . . ။

နံပါတ် (၁၃) ထိုင်ခုံတစ်ခုံ . . ။

မျက်လုံးမှိတ်စဉ်းစားနေမိသော ကျွန်ုပ်၏အမြင်အာရုံသို့ ခုနကမိန်းကလေး ပြန်ပေါ်လာသည်။ခုနက မြင်ရသည့်အတိုင်း ပါပဲ။

ကျွန်ုပ် ဖျတ်ဆို မျက်လုံးဖွင့်၍ ခုံနံပါတ် (၁၃) သို့ ကြည့်





လိုက်မိ၏။

ဘာမျှမရှိ။ နှင်းဆီပွင့်လေးသာရှိသည်။

ကျွန်ုပ် ဇဝေဇဝါဖြစ်သွားသည်။ "ငါအိပ်မက်မက်နေတာလား" ဟု တွေးမိသည်။

မနိုးတစ်ဝက်၊ နိုးတစ်ဝက် အိပ်မက်ဟုပင်ထားဦး။

ဘာလို့ နံပါတ် (၁၃) နှင့် မိန်းမချောလေးကိုသာ မြင်ရ မက်ရလေသနည်း။

ကျွန်ုပ် အတွေးချာချာလည်ရင်း ကားကြီးခေါင်ဆောင်ရာသို့ လိုက်ပါလာရာမှ နာရီကိုကြည့်လိုက်တော့ မနက် (၂) နာရီခန့်ရှိနေပြီ။

ကားကြီးက ဝေါမြို့ကိုဖြတ်ကျော်နေသည်။ မကြာမီ ပဲခူးသို့ ရောက်တော့မည်။ ပဲခူးရောက်လျှင် ကားခေတ္တနားပေလိမ့်မည်။

ကျွန်ုပ်သည် မျက်လုံးများကျယ်လောင်လျက် ခုံနံပါတ် (၁၃) နှင့် နှင်းနှင်းဆိုသောမိန်းကလေးကိုသာ ဆက်စပ်တွေးတော နေမိသည်။ ဘေးမှအမျိုးသမီးကြီးကို ကြည့်လိုက်တော့ အိပ်ငိုက်လျက် . . ။

အဲယားကွန်းကားကြီးက တော့ တာဝန်ကျေပွန်စွာ မောင်းနေဆဲ . . ။

▸▸ ◂◂

www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးဆင်းမယ့်ခရီးသည်များ ပဲခူးရောက်ပါပြီ"

ကားစပယ်ယာလေး၏အသံကြောင့် ကားပေါ်မှ အိပ်ငိုက်နေကြသူများ မျက်လုံးဖွင့်ကြည့်ကြသည်။ ဘေးမှ အမျိုးသမီးကြီးကလည်း မျက်လုံးဖွင့်ကြည့်သည်။

ပဲခူးနာရီစင်ရှေ့မှာ ခရီးသည်နှစ်ယောက် ဆင်းသွား၏။ ကားက မနားဘဲ ဆက်ထွက်လာပြီး ပဲခူးမြို့ပြင်ရောက်မှ 'အေးရာအေးကြောင်း' စားသောက်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်သည်။

"ခရီးသည်များ အားလုံးဆင်းကြပါ။ ခေတ္တနားပါ့မယ်။ ခြေခင်းလက်ခင်းသွား၊ လက်ဖက်ရည်ကော်ဖီသောက်နိုင်ကြပါတယ်ခင်ဗျား"

ကားတံခါးပိတ်ထားမည်မို့ အားလုံးဆင်းကြရသည်။ အမျိုးသမီးကြီးက ထုံးစံအတိုင်း နှင်းဆီဝါလေးကိုယူ၍ ဆင်းသည်။

စားသောက်ဆိုင်ထိုင်တော့လည်း ဘေးခုံမှာတင်ထားပြီး မုန့်ဟင်းခါးနှစ်ပွဲမှာတာ မြင်ရသည်။ ကျွန်ုပ်သည်လည်း အမျိုးသမီးကြီး၏ ထူးဆန်းသောအပြုအမူများကိုကြည့်လျက် စပ်စုလိုစိတ်၊ သိလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လျက်ရှိပေ၏။

ပဲခူးမှပြန်ထွက်တော့ နံနက် ၃ နာရီခွဲခန့်ရှိနေပြီ။ မကြာမီရန်ကုန်ရောက်တော့မည်။

ရန်ကုန်မရောက်မီ သိလိသည်များကို မေးမြန်းထားဦးမှ တွေးလျက် ကျွန်ုပ်မှ စကားစပြောလိုက်သည်။



"အဒေါ်က တောင်ဥက္ကလာ၊ . . . လမ်းကလားဟင်"

"ဟုတ်ပါတယ်ကွယ်။ ဘယ်လိုသိလဲ"

အမျိုးသမီးကြီးက အံ့ဩစွာဖြင့် ပြန်မေးသည်။

စိတ်မရှိပါနဲ့နော်။ ကျွန်တော် ကားပေါ်အိပ်ငိုက်ရင်း အိပ်မက်မက်တယ်လေ။ အဒေါ့်ဘေးမှာ မိန်းကလေးတစ်ယောက်ထိုင်လို့။ သူ့ကိုယ်သူ နှင်းနှင်းတဲ့။ အဒေါ့်သမီးတဲ့။ နေတဲ့လိပ်စာပါသူပြောတာ။ အဲဒါ ဟုတ်သလားလို့"

ကျွန်ုပ်၏စကားဆုံးတော့ အမျိုးသမီးကြီး၏မျက်နှာ ညှိုးသွားသည်။ ကျွန်ုပ်ကိုလည်း တအံ့တဩကြည့်လေ၏။

"အင်း. . မင်း ပြောတာ မှန်ပါတယ်။ ဒါတွေ မင်းသိတာ အံ့ဩစရာပဲ။ ရန်ကုန်ပြန်ရောက်ရင် အိမ်လာခဲ့ပါလား။ အဲဒီကျတော့မှ အကျိုးအကြောင်း အကုန်ပြောပြပါ့မယ်ကွယ်"

အမျိုးသမီးကြီးက ပြောပြောဆိုဆို သူ့အိမ်လိပ်စာကို ရွတ်ပြသည်။ ထိုလိပ်စာမှာ ရှေးမဆွကပင် နှင်းနှင်းပြောပြသွား သည့်လိပ်စာနှင့် တစ်ထပ်တည်းတူနေသဖြင့် အထူးအံ့ဩရလေ၏။

▸▸ ◂◂

ရန်ကုန်ပြန်ရောက်ပြီး တစ်ရက်နား၍ နောက်နေ့နံနက်မှာ ကျွန်ုပ်တောင်ဥက္ကလာပသို့သွားရောက်၍ နှင်းနှင်း၏အိမ်ကို ရှာဖွေမိလေ၏။ သူ့မိခင်မှာ ဒေါ်သန်းသန်းဖြစ်ပြီး မုဆိုးမတစ်ဦးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်လေးဆယ်ကျော်ခန့်ရှိပြီး သန့်သန့်ခန့်ခန့်ဖြစ်သည်။

သူတို့လိပ်စာကို သိပ်ရှာဖွေမနေရဘဲ တွေ့ခဲ့၏။ လူများစုရုံးရောက်ရှိနေကြရာ စူးစမ်းလိုက်တော့ ရက်လည်ဆွမ်းကျွေးနေခြင်းတည်း။

ကျွန်ုပ်ဝင်လာသည်ကိုမြင်သော ဒေါ်သန်းသန်းက ထွက်လာပြီး ခေါ်ရာသည်။ အိမ်ခေါင်းရင်းတွင် နေရာပေးသည်။ ကျွန်ုပ်ထိုင်ရင်းမှ အိမ်နံရံတွင်ချိတ်ထားသော ဓာတ်ပုံတစ်ပုံကို စူးရဲစွာကြည့်နေမိသည်။

နှင်းနှင်းဆိုသော မိန်းမချောလေး၏ ပုံပါတကား။

ဒေါ်သန်းသန်းက ကျွန်ုပ်အား မုန့်ဟင်းခါးစားစေပြီး ကော်ဖီနှင့်မုန့်ပါ ကျွေးမွေးဧည့်ခံသည်။ ပြီး. . ယပ်တောင်လေးတစ်ခု ကမ်းပေးသည်။

မနှင်းနှင်း (အသက် ၁၇ နှစ်)

ဟူသော စာတမ်းလေးက ယပ်တောင်မှာ ထင်းလျက်ရှိချေ၏။

ကျွန်ုပ်နားလည်လိုက်ပါပြီ။ ရပ်ဝေးတွင် သေဆုံးခဲ့ရသည့် သမီးငယ်အား နှင်းဆီပန်းလေးတစ်ပွင့်ဖြင့် ဝိညာဉ်ခေါ်ယူလာခြင်းတည်း။ သူမ၏အိမ်မှာ ပြုလုပ်မည့် ရက်လည်ဆွမ်းသွတ်ပွဲသို့ ဖိတ်ကြားခေါ်ဆောင်လာခြင်းပင်။

ပန်းလေးတစ်ပွင့်ဖြင့် သေသူ၏ဝိညာဉ်ကို ပင့်ဖိတ်ခေါ်

ဆောင်သည်ကို ကြားသာကြားဖူး၍ ကိုယ်တွေ့မကြုံဖူးချေ။ ကျွန်ုပ်၏ဖခင်ဆုံးစဉ်ကတော့ ကျွန်ုပ်ကိုယ်တိုင် သုသာန်မြေမှ ပန်းတစ်ပွင့်ကို ယူဆောင်လာကာ ရက်လည်သည်ထိ ထားခဲ့ဖူးသည်။ ရက်လည်ဆွမ်းကျွေးပြီးတော့ ကျွန်ုပ်ကိုယ်တိုင် သုသာန်သို့သွားပြန်ပို့ခဲ့ရဖူးသည်။ ဘာမှ ထူးခြားသည့်ဖြစ်စဉ်များတော့ မဖြစ်ခဲ့ပါချေ။

►► ◄◄

"မင်းက စာရေးဆရာလည်းဖြစ်၊ ကားပေါ်မှာ အတူစီးလာကြပြီး မြင်သိသူလည်းဖြစ်လေတော့ အဒေါ် သမီးလေးကံဆိုးပုံကို ပြောပြပါ့မယ်ကွယ်"

ဟု အစချီကာ ဒေါ်သန်းသန်းက ကျွန်ုပ်အား သူ့သမီးနှင်းနှင်း ကွယ်လွန်ရပုံကို ပြန်ပြောင်းပြောပြလေတော့၏။

မျက်ဝန်းရစ်မှာ မျက်ရည်စလေးများရစ်ဝဲနေရင်း ဒေါ်သန်းသန်းပြောပြသည်တို့ကို ကျွန်ုပ်လိုက်မောစွာနားထောင်နေမိ၏။

"အမေ. . သမီး ယုယုနဲ့ မော်လမြိုင်လိုက်သွားချင်တယ်"

"ဘာကိစ္စလဲ သမီးရယ်"

"ယုယုက မော်လမြိုင်က အဒေါ်တွေဆီသွားမှာ။ နှစ်ရက်လောက်နေပြီး ပြန်လာမှာတဲ့။ သမီးမရောက်ဖူးဘူးဆိုလို့ အဖော်ခေါ်တာ။ ဘုရားစုံလိုက်ပို့မယ်တဲ့။ လိုက်သွားမယ်နော်"

သမီးဖြစ်သူ နှင်းနှင်းက ပူဆာနေသဖြင့် ဒေါ်သန်းသန်း

www.burmeseclassic.com



သက်ပြင်းချမိသည်။ တစ်ခါမှ မိခင်နှင့်ခွဲ၍ ဝေးဝေးမသွားဖူးသော သမီးကို ခရီးဝေးလွှတ်ရမှာ သိပ်စိတ်မချချင်။ သမီးရောက်ဖူးအောင် လွှတ်လည်းလွှတ်ချင်၏။ နောက်ဆုံးတော့ စိတ်ဒုံးဒုံးချကာ လွှတ်ဖို့ဆုံးဖြတ်လိုက်ရလေတော့၏။ သူ့မှာက အမေတစ်ခု သမီးတစ်ခု နေကြရသည်မဟုတ်လား။

"ကဲ . . ကဲ . . သမီးသူငယ်ချင်းနဲ့ အဖော်ကောင်းတုန်း လိုက်သာသွားတော့။ မေမေကလည်း လိုက်ပို့နိုင်မှာမှမဟုတ်တာ"

"အဲဒါကြောင့် မေမေ့ကိုချစ်တာ။ သမီး အကြာကြီးနေမှာမှ မဟုတ်တာပဲအမေရယ်။ နှစ်ရက်သုံးရက်ဆို ပြန်ရောက်မှာပဲနော်။ မေမေမျှော်မနေနဲ့"

သမီးက မမျှော်နဲ့ဟု မှာသွားသည်။ ဒေါ်သန်းသန်းမှာ မျှော်ချိန်ပင် မရောက်လိုက်ရပါ။ သမီးနှင်းနှင်း ခရီးထွက်သွားပြီး နောက်နေ့မနက်မှာ သတင်းဆိုးကြီးတစ်ရပ် ကြားရစော့သည်။

သတင်းကား နှင်းနှင်းစီးသွားသောကားသည် ပေါင်မြို့အနီး၌ စက်ပျက်၍ ရပ်ပြင်နေစဉ် ကားပေါ်မှဆင်း၍ လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်သည့် နှင်းနှင်းအား ကားတစ်စီးက ဝင်တိုက်သွားခြင်းပင်။

နှင်းနှင်းခမျာ ကံဆိုးလှပါသည်။ ပေါင်ဆေးရုံမှတစ်ဆင့် မော်လမြိုင်ဆေးရုံရောက်ပြီး မကြာမီ သေဆုံးခဲ့ရ၏။

ယုယု၏မိဘများစီစဉ်ပေးမှုဖြင့် ဒေါ်သန်းသန်းလိုက်သွား၍ မော်လမြိုင်မှာပဲ သင်္ဂြိုဟ်လိုက်ရသည်။ ရက်လည်ဆွမ်းကိုတော့ ရန်ကုန်အိမ်မှာပဲကျွေးဖို့စီစဉ်သည်။



ဒေါ်သန်းသန်းသည် ချစ်သမီးနှင်းနှင်းကိုယ်စား သမီးကြိုက်သည့် နှင်းဆီပန်းဝါဝါလေးကိုသာ ဆောင်ကြဉ်းခဲ့ရတော့၏။

"သမီးရေ . . နှင်းနှင်း။ အမေနဲ့ ရန်ကုန်ပြန်လိုက်ခဲ့ပါကွယ်"

ဟုလည်း တီးတိုးခေါ်ရသေးသည်။ နှင်းနှင်းအတွက် ကားလက်မှတ်တစ်နေရာပိုဝယ်တော့ နံပါတ်က (၁၃) တဲ့။ ကံဆိုးသူနှင်းနှင်းအတွက် ကံမကောင်းသောဂဏန်းသင်္ကေတများပေလား။

"အဖြစ်ကတော့ ဒါပါပဲကွယ်။ အဒေါ်အံ့ဩတာက ကားပေါ်မှာ နှင်းနှင်း မင်းထိုင်ခဲ့တဲ့ ကားပေါ်မှာ နှင်းနှင်း မင်းထိုအိပ်မက်ပေးတာ ကွက်တိမှန်နေလို့ အံ့ဩမိတာပါ။ ဒါကြောင့်လည်း မင်းကို ဖိတ်မန္တကပြုရတာပဲပေါ့"

ဒေါ်သန်းသန်းက ညှိုးငယ်စွာပြောရင်း နှင်းနှင်းဓာတ်ပုံရှေ့မှ နှင်းဆီပန်းဝါဝါလေးကို ငေးစိုက်ကြည့်နေမိ၏။ နှင်းနှင်း၏ အဝတ်ခေါက်လေးပေါ်မှာ တင်ထားသည့် နှင်းဆီပန်းဝါလေးကတော့ သွေ့ခြောက်လို့နေပါပြီ။

ဘဝခြားသို့ ရောက်သွားရှာပြီဖြစ်သော နှင်းနှင်းဘဝသည်လည်း နှင်းဆီပန်းလေးနည်းတူ သွေ့ခြောက်ဦးမည်လား။

မည်သူသိနိုင်ပါမည်နည်း . . ။ ။

မောင်သွေးရှင်

www.burmeseclassic.com



## မောင်ညိုမှိုင်း(သန်လျင်)

# နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံရစဉ်က

[illegible]

[illegible]

## နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံရစဉ်က

အချိန်ကတော့ အလွန်ကို ကြာညောင်းခဲ့ပါပြီ။ ဟိုးမှာဘက်ခေတ်က ဖြစ်ခဲ့သည့်အဖြစ်အပျက်။ ကျွန်တော်တို့ တက္ကသိုလ်ဘွဲ့ရပြီးစအချိန်ကဆိုပါစို့။ ရန်ကုန်မြို့မှ အပျော်တမ်းစုစည်းထားသည့် ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ဒေသန္တရလေ့လာရေးအဖွဲ့သည် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ဝါရင့်သူအချို့ ဦးဆောင်မှုဖြင့် အပင်များ၊ အကောင်များ၊ ဘုရားစေတီအဟောင်းအပျက်များအကြောင်း လေ့လာကြရန် ခရီးထွက်ခဲ့ကြသည်။

သိပ်ဝေးဝေးတော့မဟုတ်။ ရန်ကုန်တစ်ဖက်ကမ်းရှိ မြို့ငယ်တစ်မြို့ရဲ့တောင်ဘက်။

ဟိုယခင် အင်္ဂလိပ်များစဝင်စဉ်က လှိုင်နိုးစတည်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ရေနံချက်ရုံဟောင်းကွင်းရှိရာပဲဖြစ်သည်။ ထိုနေရာသည် ကျယ်ပြန့်သည့်လွင်ပြင်လည်းရှိသည်။ ဧရာမရေကန်ကြီးငယ်များလည်းရှိသည်။ အုံ့ဆိုင်းနေသည့် သစ်ကြီးဝါးကြီးတောလည်းရှိသည့်အပြင် ကုန်းမြင့်များ၊ ခင်တန်းများ၊ လျှိုများနှင့် အပင်အမျိုးစုံတို့ ပေါက်ရောက်လျက်ရှိသည်။

အချို့သောမြန်မာတိုင်းရင်းဆေးဆရာကြီးများသည် လိုအပ်သော ဆေးပင်၊ သစ်ပင်များရရှိဖို့အတွက် ဖော်ပြပါ အရပ်ဝန်းကျင်မှာ လှည့်လည်ရှာဖွေသည်ဟု သိရှိရသည်။

ထိုလေ့လာရေးခရီးစသည့်နေ့က ဦးဆောင်သူများကား ရုက္ခဗေဒပညာရှင်သုံးဦး၊ ဇီဝဗေဒပညာရှင်နှစ်ဦးနှင့် ရှေးဟောင်းပစ္စည်းကျွမ်းကျင်ပညာရှင်တစ်ဦးတို့ ဖြစ်ကြသည်။

သဘော်ာဆိပ်မှတစ်ဆင့် ကားစီးပြီး ကျွန်တော်တို့ထွက်လာခဲ့ကြသည်။ စုစုပေါင်းလေ့လာရေးအဖွဲ့မှာ ဦးရေ(၃၀)ပါဝင်သည်။ အားလုံးခေတ်ပညာတတ် လူရွယ်မောင်မယ်များဖြစ်ကြ၏။

လူတိုင်းမှာ ထမင်းဘူး၊ ရေဘူး၊ လွယ်အိတ်(သို့မဟုတ်) ကျောပိုးအိတ်၊ တူးဆွစရာပစ္စည်းနှင့် ထည့်စရာအိတ်တစ်ခုစီ ကိုယ်စီပါကြသည်။

နံနက်(၉)နာရီခန့်မှာ မြို့ပြင်တောစပ် ရည်မှန်းချက်ရှိရာသို့ ရောက်ရှိခဲ့ကြပြီး ရုက္ခဗေဒကျွမ်းကျင်သူများက မြေပြင်ရေစပ်များမှာ တွေ့ရှိရသည့်အပင်များကို ရှာဖွေ၍ နားမလည်သူများ





အား ရုက္ခဗေဒအမည်များနှင့် မြန်မာအခေါ်အဝေါ်များ တွဲယှဉ်ရှင်းပြကြသည်။

တွေ့ရှိရသည့်အပင်များ၏ အသုံးဝင်ပုံနှင့် အကျိုးသက်ရောက်မှုများကိုလည်း ရှင်းပြသည်။ ဇီဝဗေဒအဖွဲ့က ကံကောင်းသည်။ သူတို့အဖွဲ့က ယုန်ပေါက်စလေးတစ်ကောင်၊ ပုံးပေါက်စလေးတစ်ကောင် အရှင်ဖမ်းဆီးရမိကြသည်။

နှစ်နာရီခန့်ကြာအောင် မြေပြင်၊ ရေစပ်၊ တောစပ်၊ သစ်ပင်များအပေါ်မှာပါမကျန် ပိုက်စိပ်တိုက်ရှာဖွေလေ့လာပြီးသောအခါ အပင်အမျိုးအမည်အတော်များများကို စုဆောင်းရှာဖွေတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

အဲဒီမှာ 'သဘော်ာ'ဆိုသည့် စကားလုံးပါဝင်သည့် အပင်(၂၅)မျိုးအနက်မှ အပင်အချို့ကို ထူးဆန်းစွာ တွေ့ရှိခဲ့ရသည်။ ရှေးဟောင်းပစ္စည်းလေ့လာသူများကလည်း ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွင်းမှ ရှေးဟောင်းဂဝံလက်ရာရုပ်တုများကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြသည်။

ကျွန်တော်တို့ တွေ့ရှိခဲ့ရသည့် အပင်များကား သဘော်ာမန်ကျည်း၊ သဘော်ာမဲဇလီ၊ သဘော်ာမုန်လာမြစ်၊ သဘော်ာမုန်လာရွက်၊ သဘော်ာလက်ပံ၊ သဘော်ာသခွား၊ သဘော်ာသမန်း စသည်နှင့် သပြေကြီး၊ သပြေချဉ်၊ သပြေခါး၊ သပြေစက်ကလေး၊ သပြေသတ်ချေး၊ သပြေနီ၊ သပြေပေါက်၊ သပြေဖြူ စသည်တို့ဖြစ်သည်။ ဆရာများ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်ဝါရင့်သူများ ရှင်းပြ၍လည်း အပင်အုပ်စုအမျိုးကွဲများ အကြောင်း ဗဟုသုတအဖြစ် သိခဲ့ရသည်။

(၁၂)နာရီထိုးသောအခါ ကိုယ့်အုပ်စုနှင့်ကိုယ် ပါလာသည့် ထမင်းဘူးများကိုဖွင့်၍ သစ်ရိပ်၊ ဝါးရိပ်အောက်မှာ ဝိုင်းဖွဲ့စား သောက်ကြသည်။

ကျွန်တော်၊ မသန်းသန်းချစ်နှင့် ဘူမိဗေဒယူထားသည့် ကိုကြည်လှိုင်တို့က အလွန်အရိပ်အာဝါသကောင်းသည့် ညောင် ပိန္နဲပင်ကြီးတစ်ပင်အောက်မှာ သုံးယောက်တစ်ဝိုင်းဖွဲ့၍ စား သောက်ကြသည်။ ထူးဆန်းသည်ကား ကျွန်တော်တို့ထမင်းစားနေ စဉ် ညောင်ပိန္နဲပင်အပေါ်မှ ညည်းသံကြီးလိုလို ကြားလိုက်ရခြင်း ဖြစ်သည်။ ကျွန်တော်က လူသံဟုပြောသည်ကို မသန်းသန်းချစ်က ခိုညည်းသံပါဟုဆိုသဖြင့် ဘာမှဆက်မပြောတော့ဘဲ ထမင်းကို အာရုံစိုက်စားနေလိုက်ကြသည်။

မကြာခင် အနားမှ ခြေသံလိုလို၊ ချောင်းဟန့်သံလိုလို ကြားလိုက်ရပြန်သည်။ လှည့်လိုက်လျှင် ဘာမှလည်းမတွေ့။ မည်သူ မျှလည်းမရှိ။ တစ်ကြိမ်တွင် စားနေသည့်ထမင်းချိုင့်များအပေါ်သို့ အထုပ်ကြီးတစ်ထုပ် ပြုတ်ကျလာ၍ သုံးယောက်သားလန့်အော်ခဲ့ ရသည်။ နောက်မှ ညောင်ရွက်များဖြစ်နေ၍ ဖယ်ရှားကာ အလန့် ပြေ ရေရွှတ်ပြီး ဆက်စားကြရသည်။

သို့နှင့် စားသောက်ပြီးချိုင့်များကို ပြန်ထပ်စီကာ ညောင်





ပင်ခြေရင်းမှာ ထားခဲ့ကြသည်။ သည့်နောက် ကျွန်တော်တို့သုံးဦး ခြေလက်များဆေးကြောကြရန် စီးထားသည့်ဖိနပ်များကို ညောင် ပင်အောက်မှာချွတ်ခဲ့ကြပြီး ဆယ့်ငါးပေခန့်မှာ မြင်နေရသည့် ရေ ကန်ငယ်ရှိရာသို့ ထွက်လာခဲ့ကြကာ ခြေ၊ လက်၊ မျက်နှာများ ဆေး ကြောကြသည်။

စိတ်ကြိုက်သန့်စင်ပြီးနောက် ညောင်ပင်အောက်သို့ ပြန် လာသောအခါ ကျွန်တော်နှင့် မသန်းသန်းချစ်တို့၏ ဖိနပ်နှစ်ရန် ပျောက်နေသည်ကို သတိပြုမိလိုက်သည်။ ကိုကြည်လှိုင်ကလည်း သူ့ထမင်းချိုင့်ပါမရှိတော့ဘူးဆို၍ အနီးဝန်းကျင်အနှံ့ လိုက်ရှာကြ၏။

“မဟုတ်မှလွဲရောပေါ့။ အောင်တင်တို့အုပ်စု လာနှောက် သွားတာပဲဖြစ်မယ် ရွှေတင်ရ”

အောင်တင်တို့လူသိုက်က ကျောင်းကတည်းက လူနောက် လူပြောင်များဖြစ်သည်။ သူတစ်ပါးမျက်ရည်ကျလုနီးပါးရှိမှ စားဝင် အိပ်ပျော်သည့်အကောင်စားများဖြစ်သည်။ သို့နှင့် တစ်ခေါ်ခန့် အကွာ ဝါးပိုးရုံအောက်မှာ ဝိုင်းဖွဲ့စားသောက်ပြီး စကားထိုင်ပြော နေကြသည့် အောင်တင်တို့၊ လှငွေတို့ အုပ်စုရှိရာသို့ ဒေါင်းတင် မောင်းတင်၍ လာခဲ့ကြသည်။

“မသန်းသန်းချစ်တို့ပါလား။ ဒီမှာ လက်ဖက်သုပ်ရှိတယ်။ ကိုရွှေတင်ကြီးရောပဲ. . လာ”

ခင်ခင်မူက လက်ဖက်သုပ်ပန်းကန်ကိုမြှောက်၍ ညွှ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ပြုနေ၏။

"ဟိုအကောင်အောင်တင်ရော မမူ"

"ရှိပ့်။ ဟိုမှာလေ စားပိုးနင့်ပြီး သေတော်မူမလို့ လုပ်နေလေရဲ့"

"ဟဲ့ကောင်. . အောင်တင်"

မသန်းသန်းချစ်က မျက်နှာထား တင်းတင်းနှင့် အသံပြုလိုက်ရာ အောင်တင်က လှဲနေရာမှ. .

"အို. . နှမတော်မိမိငဲ့။ မောင်တော်ဘုရားကို စိတ်မချလို့ လိုက်လာတယ်ထင်ပ့ါ နှမရယ်"

"နင့်နောက်ကို လိုက်ချင်လို့လိုက်လာတာ မဟုတ်ဘူး။ ရှပ်ကလည်း နှစ်ပြားတန်တာမဟုတ်ဘူး။ ဘယ်မှာလဲ ငါတို့ဖိနပ်တွေနဲ့ ကြည်လှိုင့်ထမင်းချိုင့်"

"ဘာဖိနပ်တွေလဲ နှမရဲ့။ မန္တလေးပိန်းတန်းလား။ ရန်ကုန်ကြိုးချုပ်လား"

"ဘာဖိနပ်ရမလဲဟဲ့။ ငါနဲ့ရွှေတင်ရဲ့ ဖိနပ်ရယ်၊ ကြည်လှိုင့်ထမင်းချိုင့်ရယ် ဟိုညောင်ပင်အောက်ထားပြီး လက်ခြေသွားဆေးနေတုန်း ပြန်လည်းလာရော မရှိတော့ဘူး။ အကောင်. . နင့်လက်ချက်ပဲနေမှာ။ အခု ထုတ်မေး"

"ဟာ. . မသန်းသန်းချစ်ရာ။ အိုးစွပ်ခွက်စွပ်ဟာ။ ငါတို့အားလုံး စားပြီးတာနဲ့ ဗိုက်အင့်လို့ ဘယ်မှမသွားဘဲ ချက်ချင်းလှဲနေတာပါဟာ။ မယုံရင် ခင်ခင်မူတို့ ဆရာကျော်တို့ကို မေးကြည့်ပါဟာ"



စိန်စိန်မြင့်က. .

"ဟုတ်တယ်ဟဲ့. . ချစ်ချစ်ရဲ့။ ဒီကောင်အောင်တင် မစားဖူးမသောက်ဖူးတာတွေ အလကားရတိုင်း စားပိုးနင့်အောင်စားပြီး စုဇကာပုဏ္ဏားလို အန်ပြီးလဲနေတာဟဲ့"

"တကယ်. ."

"ဘုရားစူး၊ မိုးကြိုးလွဲ၊ မြေက ရစေရဲ့ဟာ"

"နင်မနောက်နဲ့နော် အောင်တင်။ နင့်မျက်ခွက်ကိုကြည့်ရင် ငါတို့သိတယ်"

"တဲ့ဗျာ။ မယုံရင်လည်း ဆရာကျော့်ကိုသာ မေးကြည့်ပါတော့ပါဗျာ"

"ဟုတ်ပါတယ် မသန်းသန်းချစ်ရဲ့။ မောင်တင်အောင်ဘယ်မှမသွားသေးပါဘူး။ စားပြီးကတည်းက ဆရာတို့နဲ့အတူရှိနေတာ ကြာလှပါပြီ"

ဆရာကျော်ကပါ ဝင်၍ထောက်ခံချက်ပေးလိုက်သဖြင့် ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တာနေရင်း ညောင်ပင်အောက်သို့ ပြန်လှည့်လာလိုက်ကြသည်။

"ကျွဲကျောင်းသား၊ နွားကျောင်းသားများ အလစ်ဝင်သုတ်သွားရော့သလားကွာ"

"သူတို့လည်း မမြင်မိပါဘူးကွာ။ ဒီနားမှာ တခြားအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိပါဘူး။ တောက်. . "

"အေးလေ. . မကျေနပ်သေးဘူးဟာ။ လာ. . ပြန်ရှာကြည့်ကြဦးစို့"

သို့နှင့် သုံးယောက်သား ညောင်ပင်အောက်သို့ပြန်လာ ပိုက်စိပ်တိုက်ရှာရန် ပြင်လိုက်စဉ် ခေါင်းပေါ်ဘက်ဆီမှ ဖိနပ်တ ဖက်ပြုတ်ကျလာတော့သည်။ သန်းသန်းချစ်လည်း လန့်၍ထ လိုက်သည်။ အားလုံးမော့ကြည့်လိုက်စဉ်မှာပင် လူတစ်ဖက်ခန့် သော ဆန့်တန်းနေသည့် ညောင်ကိုင်းပေါ်မှ နောက်ထပ်ဖိ တစ်ဖက် ကျလာပြန်သည်။ ကြည့်လိုက်တော့ မသန်းသန်းချစ်ဖိ ဖြစ်နေ၏။

မသန်းသန်းချစ်က ဝမ်းသာအားရနှင့် ကုန်းကောက်လို စဉ်မှာပင် နောက်ဖိနပ်တစ်ဖက် ပြုတ်ကျလာပြန်၏။ ကြည့်လို တော့ ကျွန်တော့်ဖိနပ်တစ်ဖက်။ ဘာမှမကြာလိုက်ပေ။ ရှေ့ နောက်ဆင့် နောက်တစ်ဖက်ထူးဆန်းစွာပြုတ်ကျလာသည်ကို ယောက်သားမြင်လိုက်ရသောအခါ ဝမ်းလည်းသာခဲ့သလို တ တသြလည်း ဖြစ်ကြရသည်။

ညောင်ကိုင်းပေါ်မှာ လူမရှိဘဲ ဖိနပ်များ တစ်ခုချင်း နေသည်က အံ့သြစရာ။ သို့နှင့် ဘယ်သူရှိနိုင်မလဲ သိလိုသ ညောင်ကိုင်းပေါ်ကို မျက်စိရှင်ရှင်နှင့် လိုက်ကြည့်ကြပါသော် လူနှင့်တူတာ ဘာမှမတွေ့ရ။ မျောက်လည်းရှိသည့်နေရာ





ဟုတ်။

"ဟောဟိုမှာ. . ကြည်လှိုင်. . နင့်ထမင်းချိုင့်"

မသန်းသန်းချစ်က တစ်နေရာသို့ လက်ညှိုးထိုးပြီး အော် လိုက်သည်။

"ဘယ်မှာလဲဟ"

"ဟိုမှာလေ"

"ဟိုက်. . "

"ဟယ်. . မြတ်စွာဘုရား"

တွေ့မြင်လိုက်ရသည်မှာ တကယ့်ကိုအံ့သြစရာများပဲဖြစ် သည်။ ကြည်လှိုင့်ထမင်းချိုင့်သည် (၁၅)ပေခန့်မြင့်သော ညောင် ကိုင်းတစ်ခု၏ ညောင်ညွန့်နှင့် တွဲလွဲချည်နှောင်ခံရပြီး အပေါ်မှာ တန်းလန်းဖြစ်နေ၏။

"အမလေးဗျာ. ။ ငါ့ထမင်းချိုင့်ကို အဲဒီလောက်အမြင့် ကြီးမှာ ဘယ်သူများသွားချည်ထားပါလိမ့်ဗျာ။ အံ့ရော. . အံ့ရော"

မြင့်လွန်းလှ၍ ခုန်ယူလို့ကလည်းမရ။ မကြာခင်မှာ အောင် ဇင်တို့၊ ဆရာကျော်တို့အုပ်စုလည်း အသံကြား၍ ဝိုင်းရှာပေးရန် ရောက်ရှိလာကြရာ မိမိတို့က ဖိနပ်များ ထူးဆန်းစွာ ညောင်ကိုင်း ပေါ်မှပြုတ်ပြုတ်ကျလာပုံနှင့် ထမင်းချိုင့်ကတော့ မြင်ရသည့်အတိုင်း ညောင်ကိုင်းအဖျားမှာ တန်းလန်းအချည်ခံထားရပုံတို့ကို ပြောပြ၍ အားလုံးသိကုန်ကြသောအခါ ပို၍တအံ့တသြဖြစ်ကုန်ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အရပ်အရှည်ဆုံးဖြစ်သော အရှည်ကြီးအောင်မြင့်က ခုန်၍ဆွဲသည်။ မမိ၍ မရ။ အနီးအနား ဝါးလုံးရှည်လိုက်ရှာကြပြန်သည်။ မတွေ့. . ။ သို့ကလိုအခက်ကြုံနေစဉ် အသက်(၄၀) ခန့်ရှိ ကျွဲကျောင်းသားကြီး တစ်ဦး ရောက်ရှိလာခဲ့သည်။

ကျွန်တော်တို့က အကျိုးအကြောင်းဖြစ်စဉ်ကို ပြောပြ၍ အကူအညီတောင်းလိုက်သောအခါ ကျွဲကျောင်းသားကြီးက မျက်နှာအနည်းငယ်ပျက်သွားရာမှ ကျွန်တော်တို့မှာ ဘာစားစရာကျန်ပါသေးသလဲဟု ထူးဆန်းစွာမေးလိုက်သည်။ သည်တွင် မသန်းသန်းချစ်က ပဲမုန့်တစ်ထုပ်ကျန်ပါသေးကြောင်း ပြောလိုက်သောအခါ ကျွဲကျောင်းသားကြီးက ပဲမုန့်နှစ်ခုကို ယူပြီး ညောင်ပင်ခွကြားသို့ ရှိသေစွာသွားတင်လိုက်ပြီး နှုတ်မှလည်း စကားအချို့ကို ရေရွတ်နေတော့၏။

သည့်နောက် ညောင်ပင်ပေါ်သို့တက်၍ တွဲလွဲကျနေသော ထမင်းချိုင့်ကို ဖြုတ်ယူပေးခဲ့သည်။ ကျွန်တော်တို့က ကျေးဇူးတင်လွန်းလှ၍ ပိုလျှံနေသည့်မုန့်များကို ကျွဲကျောင်းသားကြီးအား အကုန်ပေးလိုက်ပြီး ဘာကြောင့် ဤကဲ့သို့ ထူးထူးဆန်းဆန်းဖြစ်ရသည်ကို ဝိုင်းမေးကြသည်။

"မင်းတို့အားလုံး ဒီနေရာက အမြန်ရွှေ့သွားကြပါကွယ်"

"ဘာ. . ဘာလို့လဲဦးလေး"

"ဘာလို့လဲဆိုတာကို တခြားနေရာရောက်မှ ပြောပြမယ်။ ကိုင်း. . ကိုင်း. . အားလုံး ပစ္စည်းတွေယူ၊ နေရာပြောင်းကြ"



ကျွဲကျောင်းသားဦးလေးကြီးစကားကို နာခံ၍ မိမိတို့အားလုံး အကူအညီနှင့် ပစ္စည်းများကိုသိမ်းကာ အောင်တင်တို့နေရာယူထားသည့် ဝါးပိုးရုံအောက်သို့ ပြောင်းရွှေ့လာလိုက်ကြသည်။

"ပြောပါဦး. . ဦးလေးရဲ့။ ကျွန်တော်တို့ကြုံတွေ့ရပုံက အတော်ထူးဆန်းလွန်းလို့ပါ။ ဘယ်လိုဖြစ်တာလဲခင်ဗျာ"

"အင်း. . ပြောရရင်တော့ မင်းတို့အားလုံး နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံရတာပဲ"

"ခင်ဗျာ. ."

"ရှင်. ."

"ဟင်. . တစ္ဆေဟုတ်လား"

"ဘုရား. . ဘုရား. . ငါကြောက်တယ်။ ဖွဟဲ့"

လူငယ်များထဲမှ အမျိုးသမီးအချို့သည် ကျွဲကျောင်းသားဦးလေးကြီး၏ ဆိုစကားကြောင့် လန့်ဖျပ်အံ့ဩကုန်ကြကာ တစ်ယောက်လက်တစ်ယောက်ဆုပ်၍ ဘုရားစာများကို ရွတ်သူက ရွတ်ကြတော့သည်။

"ဒီလိုကွယ့် လူကလေးတို့ရဲ့။ လွန်ခဲ့တဲ့နှစ်နှစ်လောက်က အဲဒီညောင်ပင်ဝန်းကျင်မှာ မှိုရှာထွက်တဲ့ မကျေးအုံဆိုတဲ့မိန်းကလေးဟာ ညောင်ပင်အောက်က မှိုကျင်းကိုနှိုက်ရင်း ပိုးထိမြွေကိုက်ခံရပြီး ဒီနေရာမှာ သေဆုံးခဲ့တယ်။ ကျေးအုံဆိုတဲ့ ကလေးမလေးဟာ လူ

www.burmeseclassic.com

www.burmeseclassic.com



ဘဝက နောက်ပြောင်တတ်တယ်ကွယ့်။ ပျော်လည်းပျော်တတ်တယ်။ သဘောလည်း ကောင်းပါတယ်။ ပြောရရင်တော့ ကံမကောင်း အကြောင်းမလှလို့ မကျွတ်မလွတ်ဘဲ ပရိဗ္ဗာဇ်တစ္ဆေဘဝနဲ့ ဒီ ညောင်ပင်မှာ မှီခိုနေရရှာတယ်။ ဒီနေရာကိုရောက်လာခဲ့ရင် သူ့ အတွက် တစ်ခုခုစွန့်ကြဲပေးကမ်းခဲ့မှ သူက ကျေနပ်တယ်ကွယ့်။ အဲဒီလိုလုပ်မပေးရင် သူက အခုမင်းတို့ကြုံတွေ့ရတဲ့အတိုင်း အထူး အဆန်းများကို လုပ်ပြပြီး ခြောက်လှန့်လေ့ရှိတယ်။

ဆိုးဆိုးဝါးဝါးတော့ မလုပ်ပါဘူး။ သမီးတို့က သူ့အကြောင်း လုံးဝမသိတော့ သူ့နေရာဝန်းကျင်မှာ စားသာစားကြတယ်။ သူ့ကို တစ်လုပ်တစ်ဖဲ့မကျွေးတော့ သိသွားအောင် စားချင်လို့ ခြောက်လှန့် ပြတာပါပဲကွယ်။

ကိစ္စမရှိတော့ပါဘူး။ အားလုံးပြီးသွားပါပြီ။ ဦးလေး မုန့်နဲ့ တောင်းပန်လိုက်ပါပြီ။

တစ်ခုတော်သေးတာက မကျေးအုံဟာ လူတစ်ယောက်ကို ဘယ်တော့မှ သေအောင်မခြောက်လှန့်ပါဘူး။ အဲဒါ သူ့စိတ်ရင်းပဲ။ ဟိုဘက်က ကျတ်ကုန်းဆို တယ်ဆိုးသပေါ့ ကလေးတို့ရယ်"

ဦးလေးကြီးက ကျတ်ကုန်းအကြောင်းပြောပြနေ၍ အား လုံးနားထောင်နေရင်း ကြက်သီးတဖြန်းဖြန်းထသွားခဲ့ကြသည်။ ဘုရား. . ဘုရား . ဤအံရပ်၊ ဤဒေသတား အလွန်လျို့ဝှက်ဆန်း ကြယ်သော ဖြစ်ရပ်များရှိသည့် ဂမ္ဘီရနယ်မြေပါကလား။



သည့်နောက် ကျွန်တော်တို့အားလုံး ရင်းဝန်းကျင်ကို စွန့်ခွာ ကာ ကျွဲကျောင်းသားဦးလေးကြီးကို ကျေးဇူးစကားဆိုခဲ့ရင်း အခြား နေရာများသို့ သွားရောက်လေ့လာကြသည်။ ရှေးဟောင်းစေတီပျက် များကို တွေ့ကြသည့်တိုင် အရမ်းကာရော မဝင်ရဲကြတော့။

ညနေ (၄) နာရီခန့်တွင် ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ အပြန်လမ်းတစ်လျှောက် လူမတွေ့ရဘဲ ဖိနပ်နှင့်ထမင်းချိုင့်ကို ဝှက် ထားပြီး နောက်မှတစ်ခုချင်းပြန်ချပေးခဲ့သည့် လျှို့ဝှက်ဆန်းကြယ် အံ့ဖွယ်ဖြစ်ရပ်ကို ပြန်ပြောကြရင်း ပရိဗ္ဗာဇ်လောက၏ အဆန်း အကြယ်ဖြစ်ရပ်ကို အံ့ဩခဲ့ကြရသည်။

မိမိတစ်ယောက်တည်းကြုံ၍ ဒီအဖြစ်ကို ပြန်ပြောပြလျှင် ယုံချင်မှယုံကြလိမ့်မည်။ အခု သုံးယောက်တွေ့ရသည်ဆိုတော့ ငြင်း လို့မရ။

တစ်သက်နှင့်တစ်ကိုယ် ကျွန်တော်တို့ဘဝမှာ နှခင်းကြောင် တောင်တွင် တစ္ဆေအခြောက်ခံရသည့်အဖြစ်ကား ဘယ်တော့မှ မေ့ ပျောက်၍ ရနိုင်လိမ့်မည် မဟုတ်ပါတကား။ ။

မောင်ညိုမှိုင်း(သန်လျင်)

သုရဿမဂ္ဂဇင်း (၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com



**မောင်မြင့်မား(ဘိုကလေး)**

# ကျွန်ုပ်နှင့်ထူးဆန်းသော လူပုလေးများ

[illegible]

## ကျွန်ုပ်နှင့်ထူးဆန်းသောလူပုလေးများ

ကျွန်ုပ်တာဝန်ထမ်းဆောင်နေသော စက်ရုံကြီးသည် မြေဧကပေါင်းထောင်ကျော်ကျယ်ဝန်းသော စက်ရုံကြီးဖြစ်သည်။ စက်ရုံအဆောက်အဦများအပြင် စက်ရုံအတွင်း မြေရိုင်းတောတွေ၊ ဗျိုက်တောတွေ၊ လယ်မြေတွေ၊ သင်ပေါင်းတောတွေ၊ ရေကန်တွေ စသည်ဖြင့် အနေအထားအမျိုးမျိုးဖြစ်သည်။

ကျွန်ုပ်အလုပ်မဝင်မီကဆိုလျှင် သင်ပေါင်းတောများထဲတွင် တောကြောင်များ၊ ရှဉ့်များ၊ တောဝက်များအပြင် ကျွဲရိုင်းအတော်များများရှိသည်။

စက်ရုံကြီး ကြီးသလောက် မြေဧရိယာပေါင်း မြေကွက်များစွာတွင် ထူးဆန်းသောအတွေ့အကြုံများကြုံခဲ့ရသောကြောင့် စက်ရုံကြီးသည် ကျွန်ုပ်အတွက် ကုန်ကြမ်းအများကြီးရှိသော နေရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဥပမာအားဖြင့် စက်ရုံတွင်းတစ်နေရာတွင် မထင်မရှား ဘုရားတစ်ဆူရှိသည်။ ထိုဘုရားသည် ယခင်က အုတ်ပုံသာဖြစ်သည်။ ဘုရားပျက်ဟုသိသော်လည်း မည်သူမျှ စိတ်မဝင်စားကြ။ ယခင့်ယခင်က ဝန်ထမ်းဟောင်းများပြောပြချက်အရ အင်္ဂလိပ်လက်ထက် အင်္ဂလိပ်လူမျိုးများ စက်ရုံတွင်ကြီးစိုးနေသောကာလတွင် ထိုအုတ်ပုံကြီးကိုဖယ်ပြီး တိုးချဲ့စက်ရုံဆောက်ရန် ရည်ရွယ်ချက်ဖြင့် ထိုနေရာကို ဘူဒိုဇာဖြင့်ထိုးရန် စေခိုင်းလိုက်သည်။

ဘူဒိုဇာသမားသည် ဘူဒိုဇာထိုးရန် အုတ်ပုံကြီးအနားသို့ ရောက်သည်နှင့် ဘူဒိုဇာသည် ရှေ့မတိုးဘဲ မြေထိုးသောသံပြားကြီးက အပေါ်ကိုလန်၍လန်၍တက်သွား၏။ ခဏခဏ ထိုအတိုင်းဖြစ်နေသောအခါ ဘူဒိုဇာသမားသည် မထိုးရဲဘဲ ဆင်းပြေးတော့သည်။

ထိုအခါ အမိန့်ပေးသော အင်္ဂလိပ်အရာရှိက သူကိုယ်တိုင် ဘူဒိုဇာပေါ်ထိုင်ကာ ထိုအုတ်ပုံကြီးကို ထိုးတော့သည်။ ထုံးစံအတိုင်း ဘူဒိုဇာသည် ရှေ့မတိုးဘဲ မြေထိုးသောသံပြားကြီးက အကြိမ်ကြိမ် လန်တက်သွားသောအခါ အင်္ဂလိပ်အရာရှိလည်း (Oh God) ဟု အော်ကာ ဆင်းပြေးတော့သည်။

ဂျပန်ခေတ်ရောက်စဉ်အခါတွင်လည်း ဂျပန်များက ထိုဘုရားပျက်အုတ်ပုံကိုရှင်းရန် အလုပ်သမားများကို ခိုင်းပြန်သည်။ အလုပ်သမားများက မြန်မာလူမျိုးများဖြစ်၍ မလုပ်ရဲသောကြောင့် ပါးရိုက်ခံပြီး ငြင်းကြသည်။ ထိုအခါ မကျေနပ်သော ဂျပန်များက



ဘူဒိုဇာပေါ်တက်ထိုင်ကာ ကြိုးစားကြပြန်သည်။ ဘူဒိုဇာရှေ့တိုးလို့မရ။ အရှိန်ဖြင့်ထိုးသောအခါ ဘူဒိုဇာမှောက်တက်သွားသည်။ ထိုအခါကျမှ လက်လျှော့သွားကြသည်။

ညဘက်ရောက်သောအခါ ထိုဘုရားပျက်နေရာမှ ဇကောလောက်ရှိမီးလုံးကြီးများ ဝိုင်းဝိုင်းလည်နေသည်ကို တွေ့ကြရသည်ဆို၏။ ထိုအခါကျမှ နိုင်ငံခြားသားများလည်း ထိုဘုရားပျက်ကို လှည့်မကြည့်တော့ဘဲ ဆက်သွားကြတော့သည်။

မြန်မာတို့၏ သိပ္ပံနည်းကျစမ်းသပ်၍မရသော ဂမ္ဘီရဆန်သည့်အကြောင်းများကို သဘောပေါက်သွားကြဟန်တူ၏။

ကျွန်ုပ်နှင့်အင်မတန်ရင်းနှီးသော စလေဓာတ်မြေဩဇာစက်ရုံမှ အရာရှိတစ်ယောက်သည် ဘုရားတစ်ဆူတွင် အမြဲတမ်းပုတီးစိပ်၊ တရားထိုင်၏။ သူပုတီးစိပ်၊ တရားထိုင်သောအချိန်က ည ၂ နာရီထိုးလောက်မှစ၍ မိုးလင်းသည့်အထိ တရားထိုင်ခြင်းဖြစ်သည်။ တစ်ညတွင် သူတရားထိုင်ရင်း နံဘေးမှ ချိုးချိုးချွတ်ချွတ် အသံကြားသောကြောင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ သူ့ဘေးတွင် နှစ်ပေခန့်မျှရှိသောလူပုလေးသုံးလေးယောက်ကို တွေ့ရသည်။ ထိုလူပုလေးများသည် မြေကြီးထောက်အောင်ရှည်သော မုတ်ဆိတ်မွေးဖြူကြီးများနှင့်ဖြစ်သည်။ သူ့ကိုတော့ အနှောင့်အယှက်မပေးကြ။ ဝိုင်းကြည့်နေကြပြီး သတိရ၍ ပြန်ကြည့်လိုက်သောအခါ ရှာမတွေ့တော့ပေ။ ညတိုင်းတော့မဟုတ်။ မကြာခဏ ထိုသို့တွေ့ရသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက ကျွန်ုပ်အား ထိုအကြောင်းကိုပြောပြ၍ သူတွေ့သောလူပုလေးများသည် ဘာကောင်တွေလဲ။ လူသားစစ်စစ် လူပုလေးများတော့ မဖြစ်နိုင်ဟုဆို၏။ ကျွန်ုပ်လည်း ဉာဏ်မမီသောကြောင့် မဖြေတတ်ပါ။

ကျွန်ုပ်စကားရှည်နေရခြင်းမှာ ထိုကဲ့သို့သော လူပုကလေးများအကြောင်းကို ကျွန်ုပ်တာဝန်ထမ်းဆောင်နေသောစက်ရုံတွင် ကိုယ်တိုင်တွေ့ကြုံရသောကြောင့် ထိုအကြောင်းကို တင်ပြချင်၍ သိုင်းဝိုင်းကာ လေရှည်နေရခြင်းဖြစ်ပါသည်။

ကျွန်ုပ် ထိုအကြောင်းကို ဆက်ပါမည်။ ကျွန်ုပ်ဉာဏ်မမီသော အဖြစ်အပျက်အတော်များများကို ကြုံတွေ့ဖူးသောကြောင့် ကျွန်ုပ်၏ဝါသနာအတိုင်း စာတိုစာရှည်ရေးကာ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ကျွန်ုပ်တင်ပြမည့် လူပုကလေးများအကြောင်းကို တစ်ယောက်ပြော၊ တစ်ယောက်ပြောနှင့် ကြားဖူးနေတာတော့ ကြာပါပြီ။

ကျွန်ုပ်သည် အလုပ်ခွင်ထဲတွင် တစ်လလျှင် တစ်ကြိမ်ခန့် တာဝန်မှူးတာဝန် ထမ်းဆောင်ရပါသည်။ တာဝန်ချိန်က နံနက် ၆ နာရီက နောက်တစ်နေ့နံနက် ၆ နာရီအထိ ၂၄ နာရီ တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည် တာဝန်ချိန်အတွင်း အနားမနေရ။ ကျွန်ုပ်နှင့်အတူ တာဝန်ထမ်းဆောင်ရသော အတွေ့အကြုံရှိသည့်ဝန်ထမ်းများနှင့် စကားစမြည်ပြောလေ့ရှိသည်။ ထိုသို့ စကားစမြည်ပြောရင်းမှ ဇာတ်လမ်းလေးများလည်း ရတတ်သောကြောင့်





ဖြစ်ပါသည်။

တစ်ရက်တွင် ဦးသိန်းဆွေဆိုသော ပုဂ္ဂိုလ်ကြီးနှင့်အတူ တာဝန်ကျသည်။ ဦးသိန်းဆွေသည် အသက် ၆၀ နီးပါး၊ လုပ်သက်ရင့်၊ အတွေ့အကြုံများသည့် ဝန်ထမ်းတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်သည် သူ့အတွေ့အကြုံကို တစ်ဆင့်စကားဖြင့် ကြားဖူးထားသောကြောင့်. .

ကျွန်ုပ် ။ ။ အဘ. . အဘကို မေးစရာတစ်ခုရှိလို့။

ဦးသိန်းဆွေ။ ။ မေးပါဆရာလေး. . မေးပါ။

ကျွန်ုပ် ။ ။ အဘ ညအကင်းလှည့်တုန်း လူပုကလေးတွေ တွေ့တယ်ဆိုတာ ဟုတ်သလား။

ဦးသိန်းဆွေ။ ။ ဟုတ်တာပေါ့ဆရာလေးရယ်။ ကျုပ်လည်း သူများတွေပြောတာ ကြားဖူးနေတာကြာပြီ။ မယုံလို့. . ။ ကိုယ်တွေ့ကျမှပဲ ယုံတော့တယ်။

ကျွန်ုပ် ။ ။ အဘကိုယ်တွေ့လေး မသိရဘူးလား အဘ။

ဦးသိန်းဆွေ။ ။ သိရပါတယ်။ ပြောပြပါမယ်။ ကျုပ်တာဝန်ထမ်းဆောင်နေတာ လုပ်သက် ၃၀ ကျော်ပြီလေ။ ဒီလုပ်သက်အတွင်းမှာ ကျုပ်တပည့်တွေထဲက ဂျီဝမ်းတို့၊ အေးလွင်တို့က သူတို့ ညအကင်းလှည့်ရင်း လူပုကလေးတွေတွေ့ကြောင်း ပြောကြတယ်။ သူတို့စတွေ့တာစကတော့ အထူးအဆန်းပေါ့။ ကြောက်လန့်ပြီး စက်ဘီး အမြန်နင်းပြေးခဲ့ကြရတယ်လို့ ပြောတယ်။ တွေ့တဲ့အချိန်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ည ၂နာရီ ၃ နာရီလောက်ဆိုတော့ ကြောက်မှာပေါ့။ နောက်ထပ်လည်း မတွေ့တော့ဘူးလို့ပြောတယ်။ ကျုပ်ကလည်း လက်တွေ့သမားဆိုတော့ သူတို့ပြောတာ မယုံဘူး။ တစ်ညမှာ ဆောင်းတွင်းဘက်ဆိုတော့ အေးကလည်းအေး၊ ခြင်ကိုက်လို့ အိပ်လို့ကလည်း မရ။ အဲဒီအချိန်မှာ ကျုပ်အထက်အရာရှိဆီက ဖုန်းလာတယ်။ သူခိုးနှစ်ယောက်သုံးယောက်လောက် စက်ရုံဝင်းထဲကို ဝင်နေတယ်ဆိုတဲ့အကြောင်းနဲ့ ဝင်တဲ့နေရာကို ရှိတဲ့လူနဲ့သွားဖို့ ဖမ်းမမိတောင် ခြောက်လှန့်လွှတ်ဖို့ ဖုန်းဆက်တယ်။ အဲဒီအချိန်မှာ ရုံးမှာရှိတဲ့လူတွေက တခြားနေရာတွေမှာကင်းလှည့်နေတော့ ကျန်တဲ့တပည့်တစ်ယောက်ကိုခေါ်ပြီး လက်နက်တန်ဆာပလာတွေနဲ့ စက်ဘီးကိုယ်စီနဲ့ ပြေးရတော့တာပေါ့ ဆရာရယ်။ အသည်းခိုက်အောင်အေးလှတဲ့ နှင်းတောထဲမှာ လေကတဟိုးဟိုးတိုက်ဆိုတော့ ချမ်းလိုက်တာလည်း ဘာပြောကောင်းမလဲပေါ့ ဆရာရယ်။ စက်ဘီးအတင်းနင်းလာတော့ မိနစ် ၂၀ သာသာလောက်မှာ သူခိုးဝင်တဲ့နေရာရောက်လာတော့ ကျုပ်တို့ကိုမြင်တာနဲ့ သူခိုးတွေ ပြေးကြတာပေါ့။ ကျုပ်တပည့်ကတော့ သူခိုးတွေနောက်က သားရေခွတစ်ချောင်းနဲ့ ပြေးလိုက်၊ ပစ်လိုက် လုပ်နေတုန်း ကျုပ်ကလည်း သူ့ကိုစောင့်လည်းစောင့်ရင်း၊ စက်ဘီးလည်းစီးရင်း နင်းလာခဲ့တယ်။ လမ်းကွေ့ကလေးတစ်ခုရောက်တော့ လမ်းဘေးချုံဖုတ်ထဲကနေ ပုပုမည်းမည်းသတ္တဝါနှစ်ခုက စက်ဘီးဆီပြေးလာတာ တွေ့ရတယ်။ ပထမတော့ ကျုပ်စိတ်ထဲ





မှာ ခွေးလိုလို၊ မျောက်လိုလိုအကောင်လို့ ထင်မိတာ။ အနားရောက်ပြီး စက်ဘီးလက်ကိုင်ပေါ် ခုန်တက်လိုက်မှ လူပုကလေးနှစ်ယောက်ဖြစ်နေတယ်။ နောက်မြီးနောက်က လူပိုတင်တဲ့ဖင်ထိုင်ခုံပေါ်မှာလည်း နှစ်ကောင်ရောက်နေတယ်။ သူတို့ဆီက တခစ်ခစ်ရယ်သံကိုလည်း ကြားရတယ်။ စက်ဘီးပေါ်က ခုန်ဆင်းလိုက်၊ ခုန်တက်လိုက်လုပ်ပြီး လမ်းဘေးချုံဖုတ်ထဲကို ဝင်ပြေးသွားတော့တာပဲ။ ကျုပ်လည်း စက်ဘီးကို မလဲအောင် မနည်းကြိုးစားနင်းပြီး ပြန်လာခဲ့ရတယ်။ လူကိုတော့ အန္တရာယ်မပြုပါဘူး။ ဒါပေမဲ့ အမှောင်ကြီးထဲမှာ အချိန်မတော် တစ်ခါမှမကြုံဖူးတော့ ကြောက်တော့ကြောက်သားဆရာရယ်။ နောက်ထပ် အဲဒီနားကို မကြာခဏရောက်ပေမယ့် မတွေ့တော့ဘူး ဆရာရဲ့။

ကျွန်ုပ် ။ ။ အေးဗျ. . စိတ်ဝင်စားစရာပဲ။ ကျွန်တော်လည်း အဘမပြောခင်ကတည်းက အဲဒီအကြောင်းတွေ ကြားထားတာ ကြာပြီ။ အဘလိုလူမျိုးက ကိုယ်တွေ့ကြုံလို့ ပြောတာဆိုတော့ ယုံရမှာပေါ့ အဘရာ။

ဦးသိန်းဆွေ။ ။ အဲဒီလူပုလေးတွေက ဘာကောင်တွေဖြစ်မယ်ထင်လဲ ဆရာလေး။

ကျွန်ုပ် ။ ။ လူ့ဘုံထဲကတော့ ဖြစ်နိုင်မယ်မထင်ဘူး။ ပြိတ္တာဘုံထဲကလို့တော့ ထင်တာပဲ။ ထင်တာပြောတာနော် အဘ။ ကျွန်တော်လည်း သေသေချာချာမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းဆွေ ။ မှင်စာဆိုတာရော ဖြစ်နိုင်လားဆရာလေး။

ကျွန်ုပ် ။ မှင်စာဆိုတာ ဘာလဲလို့မမြင်ဖူးတော့ ပြောရခက်သားအဘရာ။ ဒါပေမဲ့ အကောင်သေးသေးလေးတွေဆိုတော့ ကြားဖူးတယ်။ အဘပြောတာ ဖြစ်နိုင်ပါတယ်။

ဦးသိန်းဆွေ ။ ဆရာလေးက မြင်ဖူးချင်လို့လား။

ကျွန်ုပ် ။ ကြောက်စရာအကောင်မဟုတ်ဘူးဆိုတော့ မြင်ဖူးချင်ပါတယ်။

ဦးသိန်းဆွေ ။ ဒါဆိုရင် ညဘက် ဆရာလေးတာဝန်မှူးကင်းလှည့်ရင် အမှတ် ၈ ဂိတ်နားမရောက်ခင် သတိထားသွားပါ။ အဲဒီနားမှာ တွေ့တတ်တယ်။ အားနဲ့ဆိုတော့ တွေ့ချင်မှတွေ့မှာပါ။ ကျုပ်တို့တွေ့တာကတော့ စက်ဘီးနဲ့သွားရင် တွေ့တာများတယ်။

ကျွန်ုပ် ။ ဟုတ်ကဲ့ အဘ ။ သတိထားသွားပါမယ်။

ထိုကဲ့သို့ အဘဦးသိန်းဆွေနှင့် လူပုကလေးများအကြောင်း ပြောကြပြီး နှစ်လလောက်ကြာတော့ မိုးကျလာပါသည်။ ကျွန်ုပ်သည် တစ်လတစ်ကြိမ် တာဝန်မှူးကျသောရက်များတွင် မိုးတွင်းကို အမုန်းဆုံးဖြစ်ပါသည်။ စိုစိုစွတ်စွတ်နှင့် ဒုက္ခရောက်ရသည်။ ခြင်ကလည်းကိုက်သည်။ သို့သော် အဘဦးသိန်းဆွေပြောသောနေရာသို့ ညဘက် ၁၂ နာရီ၊ ၁ ချက်တီးနှင့်ကင်းလှည့်တိုင်း သတိထားကြည့်မိသည်။ တစ်ကောင်တစ်မြီးမျှပင် မတွေ့ရပါ။ မိုးတွင်းဘက်ဆိုတော့ လမ်းပေါ်မှာက ခြေမျက်စိမြုပ်ရုံ ရေကရှိနေတော့ ခြေလျှင်ကင်း





လှည့်လို့မကောင်း။ မိုးကုန်ပြီး ဆောင်းဝင်လာသောလတော်စုံလတွင် ထုံးစံအတိုင်း ကျွန်ုပ်တာဝန်မှူးတစ်ရက်ကျပြန်သည်။ ထိုဆောင်းရာသီသည် သိပ်အေးလှသည်တော့မဟုတ်သော်လည်း အတော်ကလေးတော့ နှင်းသည်းသည်ဟုဆိုရမည်။ ရာတာင်အင်္ကျီကို ရင်ဘတ်လုံအောင် ဇစ်ဆွဲတင်ထားရသည်။ ကျွန်ုပ်သည် ည ၁၂ နာရီမတိုင်မီ ရုံးခန်းအတွင်း ဟိုနားဒီနားလျှောက်၊ တွေ့တဲ့လူနှင့် ထွေရာလေးပါးစကားပြောရင်း ၁၂ နာရီထိုးသွားသည်။ ၁၂ နာရီထိုးသည်နှင့် အားဆရာကြီးဦးလှသိန်းတို့နှင့်ကြာ အဖော်နှစ်ယောက်နှင့် အတူ ကင်းလှည့်ရန် ထွက်ခဲ့တော့သည်။

စက်ရုံကြီးတစ်ဝိုင်းလုံး တိတ်ဆိတ်ငြိမ်သက်မှုအပ ဘာသံမှမကြားရ။ ကင်းရှေ့ခန်းမှစီးလာရင်း အဆောက်အအုံကြောင့် နှင်းခိုးများ၊ နားရွက်ဖျားများ အေးလာသည်။ ကျွန်ုပ်ကင်းလှည့်ရာလမ်းတစ်လျှောက် တာဝန်ကျဝန်ထမ်းများက တာဝန်မှူးလာသည်နှင့် ထွက်၍ အော်သူအော်၊ မီးဆလိုက်များထိုးသူထိုး၊ ဆက်ရေဒီယိုမြည်သံနှင့် တာဝန်မှူးကိုအသိအမှတ်ပြုကြသည်။ ချမ်းအေးရှိသည့်ညသန်းခေါင်မှာတောင် မအိပ်နိုင်ကြသေးပါ။ နိုင်ငံ့ဝန်ထမ်းပေကိုး။ ကျွန်ုပ်လည်း မအိပ်ရသေးပါ။ ကျွန်ုပ်၏ဆိုင်ကယ်မီးရှေ့နှင့် ဖောင်ချိုကြားတွင်နေသောကြောင့် ခိုက်ခိုက်တုန်နေပါသည်။ ကျွန်ုပ်လည်း သန်းလာမှာမလဲတိုး။

ကျွန်ုပ်တာဝန်ကျရာလမ်းတစ်လျှောက်တွင် ဆိုင်ကယ်မောင်းပြီးနေရာ



www.burmeseclassic.com

www.burmeseclassic.com



၈ ဝိတ်သို့ ကားရောက်သည့်အချိန်က ၁ နာရီထိုးရန် ၅ မိနစ်တိတိ။ ကားဆရာဦးလှသိန်းကို ကားခဏရပ်ရန်ပြောကာ ကားပေါ်မှဆင်းလိုက်သည်။ ၈ ဂိတ်မှာ တာဝန်ကျသော ဦးရွှေတို့ ကိုခင်သိန်းတို့နှင့် တွေ့ရာလေးပါးစကားပြောပြီး ကျွန်ုပ် ကားစက်နှိုးကာစောင့်နေသော ဦးလှသိန်းအား . .

ကျွန်ုပ်။ ။ အဘရေ. . မောင်းတော့။

ဦးလှသိန်း။ ။ ဆရာရော တက်လေ။

ကျွန်ုပ်။ ။ မလိုက်တော့ဘူးအဘ။ ကျွန်တော့်ဟာကျွန်တော် လျှောက်လာခဲ့မယ်။

ဦးလှသိန်း။ ။ ဟာ. . ဆရာ။ မဖြစ်ဘူးထင်တယ်။ ညဥ့်နက်နေပြီ။ ရုံးခန်းရောက်ဖို့ကလည်း အဝေးကြီးလိုသေးတယ်။ လမ်းမှာက လူလည်းပြတ်တယ်။

ကျွန်ုပ်။ ။ ရတယ်အဘ။ ကျွန်တော် ဒီလိုအချိန်မျိုးမှာ လမ်းလျှောက်ချင်လို့ပါ။

(ဦးလှသိန်းက ကျွန်ုပ်အား တအံ့တသြကြည့်၍ သူ့စိတ်ထဲမှာ ဘယ်လိုအူကြောင်ကြောင်တာဝန်မှူးနှင့် လာတွေ့နေပါလိမ့်ဟု စဉ်းစားနေပုံရသည်။ တာဝန်မှူးများနှင့် ညတိုင်းကင်းလှည့်နေသည်မှာ နှစ်နှင့်ချီပြီး ကြာနေပြီ။ ၈ ဂိတ်ကနေ ၉ ဂိတ်ကို ည ၁ နာရီလောက်မှာ လမ်းလျှောက်ပြန်သောတာဝန်မှူး ဒီတစ်ခါပဲကြုံဖူးသေးတယ်ဟု တွေးနေပုံရှသည်။ ဤကား စကားချပ်)





ကျွန်ုပ်ကို ကားဆရာဦးလှသိန်းက အူကြောင်ကြောင်ကြည့်ပြီး ကားမောင်းထွက်သွားသည်။ ကျွန်ုပ်လည်း ဦးရွှေ ကိုခင်သိန်းတို့နှင့် စကားနည်းနည်းပြောကာ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ထိုအခါ. .

ကိုခင်သိန်း။ ။ ဆရာ. . စက်ဘီးနဲ့လိုက်ပို့ရမလား။

ကျွန်ုပ် ။ ။ ရတယ်ကိုခင်သိန်း။ ကျွန်တော် လမ်းလျှောက်ချင်လို့ပါ။

ကိုခင်သိန်း။ ။ ဆရာတစ်ယောက်တည်း။ မကြောက်ဘူးလား။

ကျွန်ုပ် ။ ။ မကြောက်တတ်ပါဘူး ကိုခင်သိန်းရာ။ သွားမယ်နော်။

ကျွန်ုပ်လည်း မီးချောင်းများလမ်းတစ်လျှောက်ထိန်လင်းကာ ဖြောင့်ဖြူးနေသော ကတ္တရာလမ်းမကြီးအတိုင်း ဆောင်းလေကလေးတဖြူးဖြူးကို အံတုရင်း လမ်းလျှောက်လာခဲ့သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်လျက်။ ဆူးပင်၊ ချုံပင်၊ နွယ်ပင်များကြားမှ ပုရစ်သံများက စီစီညံလျက်။ ၁၀ မိနစ်ခန့် လျှောက်လာပြီးနောက် ကျွန်ုပ်နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ၈ ဂိတ်က ပိတ်ထားသောသံတံခါးကြီးကို သေးသေးလေးပဲမြင်ရတော့သည်။ ဒါတောင် ၈ ဂိတ်က မီးရောင်ကြောင့် မြင်ရခြင်းဖြစ်သည်။

ကျွန်ုပ်သည် စိတ်ကူးရလျှင် ညည်းလေ့ညည်းထရှိသော ကွယ်လွန်သူရုပ်ရှင်မင်းသားဝင်းဦး၏ သစ္စာဆိုသောသီချင်းကို တီး

www.burmeseclassic.com

တိုးဆိုကာ ခပ်မှန်မှန်လျှောက်လာသည်။ မီးတိုင်နှစ်တိုင်အကြား အိန္ဒိယနွယ်မှောင်သော နေရာအနောက်တွင် ကျွန်ုပ်၏နောက်မှ ခြေသံများ ကြားသောကြောင့် ဖြတ်ခနဲလှည့်ကြည့်လိုက်သောအခါ မည်းမည်းအရာတစ်ခု ယာဘက်လမ်းဘေးမှ ဝဲဘက်လမ်းဘေးသို့ ခပ်သုတ်သုတ်ဖြတ်သွားသည်ဟု ထင်လိုက်မိသည်။ မြင်ပြီး သိပ်မကြာလိုက်။ လမ်းဘေးအမှောင်ထုထဲတို့စွင်ကာ ပျောက်ကွယ်သွားသည်။ ကျွန်ုပ်ကြက်သီးဖြန်းခနဲထသွားသည်။ နည်းနည်းကြောက်စိတ်ဝင်သွားသည်။ ကျွန်ုပ်ဆက်လျှောက်လာရင်း မီးတိုင်နားမရောက်မီ မည်းမည်းပုပုသတ္တဝါနှစ်ခု ကျွန်ုပ်ရှေ့တည့်တည့်က ပြေးလာကာ အနားရောက်သည်နှင့် သူတို့က ကျွန်ုပ်ကိုကြည့်ပြီး ဝဲဘက်လမ်းဘေးအမှောင်ထဲသို့ ခုန်ပြေးသွားကြသည်။ ကျွန်ုပ်မျက်စိထဲတွင် မြင်လိုက်ရသည်ကား လူနှင့်တူသော ပုပုသတ္တဝါလေးများ။ ကျွန်ုပ်မြင်ဖူးချင်သော သတ္တဝါများကို နှုန်းတွေ့ဖူးနေတွေ့မြင်ရပါပြီ။ သူတို့က ရန်မပြုသောဟု ကြားဖူးသောကြောင့် ကျွန်ုပ်၏ကြောက်စိတ်များ လျော့သွားပါသည်။ သူတို့၏အရပ်များသည် အများဆုံးရှိမှ ဖြပေခန့်သာရှိကြပါလိမ့်မည်။ ကလေးအရွယ်တော့မဟုတ်။ လူကြီးပုံသဏ္ဌာန်ဖြစ်သည်။ အရပ်ပုသောကြောင့်သာ ကလေးပုံသဏ္ဌာန်ဖြစ်နေသည်။ ထပ်မံ၍ ကျွန်ုပ်၏နောက်နားမှ ခြေသံကြားရာ လူပုလေးနှစ်ကောင် ပြေးလိုက်လာကြပြန်၏။ ကျွန်ုပ်ကား ကြောက်စိတ်မရှိသောကြောင့်



ကျွန်ုပ် ။ ။ ဟေ့ ငါနဲ့အဖော်လိုက်ခဲ့ကြကွ။ ငါပျင်းလို့။

လူပုကလေးများထံမှအသံ ။ ။ ခိ၊ ခိ၊ ခိ၊ ခိ။

ကျွန်ုပ်အော်လိုက်ရင်း လမ်းဆက်လျှောက်လာသောကြောင့် လူပုကလေး သုံးလေးကောင်သည် ဝဲယာလမ်းဘေးတစ်ဖက်တစ်ချက်မှ ပြေးထွက်လာလိုက်၊ ရှေ့ကနေ ပေါ်လာလိုက်၊ နောက်ကနေ ပေါ်လာလိုက်၊ သူတို့ထံမှ ရယ်သံလေးများကြားရင်း ခေတ်မီးတိုင်အောက်ကို ရောက်လာပါသည်။ ထိုအခါ သူတို့ကို လုံးဝမတွေ့တော့ပါ။

ကျွန်ုပ်လည်း ဆက်လျှောက်လာရင်း နောက်ကပါလာမလားဟု တွေးကာ လှည့်ကြည့်လှည့်ကြည့်နှင့် လျှောက်လာခဲ့သည်မှာ ကျွန်ုပ်၏ရုံးခန်းသို့ ရောက်သည့်တိုင်အောင် မတွေ့တော့ပါ။

ကျွန်ုပ်လည်း ရုံးခန်းသို့ရောက်မှ သတိထားမိသည်မှာ ဆောင်းတွင်းဘက်ကြီးဖြစ်သော်လည်း ကျွန်ုပ်၏ အကျီနှစ်ထပ်ဝတ်ထားသောကိုယ်တွင်းမှာ ချွေးစို့နေပါလားဟု သတိထားမိသည်။

ကျွန်ုပ်သည် တာဝန်ချိန်ပြီး၍ အိပ်ရန်ဖြစ်သော်လည်း အိပ်မရနိုင်ဘဲ လူပုကလေးများအကြောင်းကို တွေးတောနေမိပါတော့သည်။

ဤလူပုကလေးများသည် လူသားမဟုတ်သည်ကတော့ သေချာသည်။ သို့ဆိုလျှင် ဘာဖြစ်မည်နည်း။

ပရလောကမှ ဖြိတ္တာလေးများ ဖြစ်ဖို့များသည်။ လူ့ရပ်လူ့

www.burmeseclassic.com



ဘုံတွင် ရုပ်သွင်အမျိုးမျိုး၊ စရိုက်အမျိုးမျိုးရှိသလို သူတို့လောကမှာလည်း ပုံသဏ္ဍာန်အမျိုးမျိုး၊ စရိုက်အမျိုးမျိုး ရှိကြပါသည်။

ပရလောကသားချင်းတူသော်လည်း တချို့သည် ဒေါသကြီး၍ ရန်လိုသည်။ တချို့မှာ နူးညံ့ပျော့ပျောင်းသည်။ လူပုကလေးများကတော့၊ တစ္ဆေ၊ မှင်စာများ မဟုတ်တန်ရာ။

လူ့ဘဝ၊ လူ့စရိုက်နှင့် လွန်စွာနီးကပ်သော၊ လူ့ဘဝကို စွဲလမ်းသော ပြိတ္တာဘုံသားလေးများဖြစ်ပါလိမ့်မည်။ သူတို့သည် လူကိုချစ်၏။ လက်ပွန်းတတီးနေလို၏။ အကုသိုလ်ကံ၏ အကျိုးပေးကြောင့်သာ ဤလိုရုပ်သွင်ဘဝမျိုးမှာ ရောက်နေကြရခြင်း ဖြစ်ပါလိမ့်မည်။ သူတို့သည် လူ့ဘဝကို စွဲလမ်းခုံမင်သည့်အားလျော်စွာ လူများကို ခင်တတ်မည်။

မနှင်းဖြူနှင့် လူပုကလေးများ. . စသော ပုံပြင်ထဲက လူပုကလေးများကား ဤလိုလူပုကလေးများသာ ဖြစ်ပါလိမ့်မည်။ ပုံပြင်ဟူသည် ဖြစ်စဉ်မှန်များဖြင့် ဆက်စပ်နေတတ်ကြောင်းကို စဉ်းစားရင်း စားပွဲမှာထိုင်၍ ဆေးလိပ်ကို မီးညှိလိုက်ပါသည်။

ကျွန်ုပ် ဤလူပုလေးများအကြောင်းကို ဝတ္ထုရေးရပါဦးမည်။

ဇီတံမေဟောတု. .

မောင်မြင့်မား(ဘိုကလေး)

(မြင်ကွင်းစုံဂျာနယ်၊ ၂၀၀၀ ခုနှစ်၊ ဧပြီလ)



# ကိုမောင်သန်းဝင်း

## ဆန်းကြယ်တဲ့ဝိဉာဉ်

ဒါမလေယောက ၁၃ဦ၊ ၁၉၆၇ - မှ ကမ္ဘာဖြင့် ဝင်ရောက်ခဲ့။

ကဗျာ၊ ဘာသာပြန်၊ ဟာသ၊ ဂမ္ဘီရ၊ ဘာသာရေး၊

ဆောင်းပါး၊ ဆွေမျိုးမိတ်ဆွေ ... ခဲ့၊ ... [illegible]

ဘာသာရေး ... [illegible]

... [illegible]

၁၄၊၈၊၀၆

ကိုမောင်သန်းဝင်း၊

(သန်းဝင်း - ဘကော်)

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရိုးစင်းသော၊ ရုပ်ရေးရွာရေးကိစ္စများကို အမြဲကူညီတတ်သော ကိုသြဘာကို ရွာတော်ရှင်က အာ ကြောင့် အသေသတ်ဆုံးမလိုက်ရပါသနည်း။ ဒါကိုတော့ နတ်ကတော်ဒေါ်စိန်ကြည် မဖြေနိုင်။

ဆန်းကြယ်တဲ့ဝိဉာဉ်

ဘာဖြူနှုန်ခွစ်တွေအဆောသိုးနဲ့ပြောသွားတဲ့ 'ကိုသြဘာကို' ဆိုသူဟာ သပြည့်၊ လကွယ်ညတွေမှာ လမ်းထွက်လျှောက်ရေ့ရှိပါသတဲ့။ အဲဒီသတင်းကိုကြားရစဉ်တုန်းက ကျွန်ုပ်တို့ဟာ အံ့သြမိပါသည်။ ဘယ်နှယ်ကြောင့်သေပြီးသူက လမ်းလျှောက်နေရပါသနည်း။ သူနှစ်စဉ်အိမ်တန်းကျော်မြေကြွယ်ကိုယ်တိုင်သူ၏ကြက်ခြံထဲတွင် တွေ့မြင်လိုက်ရပါသတဲ့။ သူတို့ အမျိုးကြီးမကျင်ဆွန်းလည်း ကြောက်ရယ်ရယ်ဖြစ်နေပါသတဲ့။

အံ့သြစရာသတင်းတွေက ကျွန်ုပ် ရှမ်းစုရွာသို့ရောက်လာတဲ့ညီက ဆက်တိုက်ကြားနေရသည်။ ထူးခြားလှပါတယ်။ မည်သို့ဆို မြေ ကျွန်ုပ်သည် အဲဒီသတင်းကို စိတ်ဝင်စားပါတော့

www.burmeseclassic.com



ကျွန်ုပ် ရှမ်းစုရွာသို့ မထင်မှတ်ဘဲ ရောက်လာခဲ့ခြင်းဖြစ်သည်။ ဝေါမြို့နယ်၊ သိမ်ဇရပ်မြို့လေးသို့ စာကြည့်တိုက်ဖွင့်ပွဲသို့ ရောက်ရှိခဲ့ခြင်းသာဖြစ်သည်။ ထိုမှ ဦးရီးတော်သူ ဘဖြိုးတစ်ယောက် ရှမ်းစုရွာတွင်ရှိနေသည်ဟု သိလိုက်ရသဖြင့် မတွေ့သည်မှာ နှစ်ရှည်ကြာပြီဖြစ်၍လည်းကောင်း၊ လုပ်စရာထွေထွေထူးထူးကိစ္စများ မရှိတော့၍လည်းကောင်း ဘဖြိုးရှိရာသို့ သိမ်ဇရပ်မှ စက်လှေတစ်တန်၊ လှည်းတစ်တန်စီး၍ ရောက်လာခဲ့ခြင်းဖြစ်လေ၏။

ရှမ်းစုရွာလေးသည် မြို့ပြနှင့်ဝေးကွာလှမ်းလှပါ၏။ ပေါင်းလောင်းတောင်ခြေစပ်၌ရှိပြီး အိမ်ခြေနှစ်ရာခန့်ရှိသော ရွာငယ်လေးသာဖြစ်သည်။ တောင်ခြေ၊ တောတန်း၊ စိမ့်စမ်းတို့ဖြင့် နေချင့်စဖွယ်ဖြစ်လေ၏။

ကျွန်ုပ်သည် ရိုးသားလှသောရွာသူရွာသားတို့၏ ဖော်ရွေမှုတွေကို တခဏနှင့်ပင် နွေးထွေးစွာပွေ့ဖက်မှု ခံရလေ၏။

တောင်ယာစိုက်ခြင်းသည် ရွာကလေး၏ အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်သလို ဝက်၊ ကြက်၊ ဘဲ မွေးမြူရေးနှင့် တောတက်သစ်ဝါးခုတ်ခြင်း၊ ရွှေကျင်၍ လုပ်ကိုင်စားသောက်နေကြသူတွေလည်း ရှိသည်။

တောရွာနေသူများပီပီ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ပူဇော်ပသသည့်ဓလေ့ကား ဘိုးစဉ်ဘောင်ဆက်က ပြုလုပ်ပသခဲ့ကြသည်မို့ အစဉ်အလာမပျက် လုပ်နေကြသေးသည်။



တစ်နှစ်တစ်ခါနှစ်ခါဆိုသလို သို့တည်းမဟုတ် အကြောင်းရှိလျှင်ရှိသလို ရွာတော်ရှင်နတ်ပွဲ ပြုလုပ်ကြ၊ ပသကြသည်လည်းရှိပါ၏။

▸▸ ◂◂

သေဆုံးသူ 'ကိုဩဘာ' ကို ရွာတော်ရှင်က ဆုံးမလိုက်တာဟု နတ်ကတော်ဒေါ်စိန်ကြည်က တရားသေပြောဆိုနေခြင်းကို ရွာသားတို့ ကန့်ကွက်မှု မပြုကြချေ။

သို့သော် ရိုးစင်းသော၊ ရပ်ရေးရွာရေးကိစ္စများကို အမြဲကူညီတတ်သော ကိုဩဘာကို ရွာတော်ရှင်က ဘာ့ကြောင့် အသေသတ်ဆုံးမလိုက်ရပါသနည်း။ ဒါကိုတော့ နတ်ကတော်ဒေါ်စိန်ကြည် မဖြေနိုင်။ အာရုံမရသေး၊ ရတော့ပြောမည်ဟုသာ လှီးလွှဲစကားဆိုသည်။ ရွာသားတွေကလည်း ကိုဩဘာ မည်သို့သေသည်၊ မည်သည့်အတွက်သေသည်ကို မတွေးဆတတ်ကြ။

ကိုဩဘာသေဆုံးပုံက ဆန်းသည်ကတော့ အမှန်ပင်။ ရွာပြင်က ဘုရားပျက်ကြီးရှေ့ ညောင်ပင်ကြီးအောက်တွင် မျက်စိမျက်ဆန်ပြူး၊ လျှာထွက်ပြီး ဇက်ကျိုး၍သေခြင်း၊ အသေဆိုးနှင့်သေခြင်းဖြစ်သည်။

တစ်စုံတစ်ယောက်က အငြိုးအတေးဖြင့် သတ်ရအောင်ကလည်း ကိုဩဘာတွင် မုန်းသူမရှိ။ ရှိ၍ သတ်သည်ပဲထားဦး။



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ရေး၊ ထစ်ရာ၊ ပြတ်ရှနာများ ရှိရမည်။ ရိုက်နှက်သိုးကြိတ်သတ်လျှင်လည်း အညိုအမည်းစွဲရာတွေ့ရှိရမည်။

မည်သည့် ဒဏ်ရာ၊ အမှတ်လက္ခဏာများ မရှိပါ၍ ဖြစ်ရိုး ပင်ကျိုး၍ သေခဲ့သည်မှာကား လွန်စွာမှ ပဟေဠိဆန်လှပါသော သေမှုသေခင်းတစ်ရပ်ပင် မဟုတ်ပါလော။

ကျွန်ုပ်သည် ယင်းကိစ္စရပ်အတွက် လွန်စွာမှ စိတ်ဝင်စားမိရင်း စိတ်ဝင်စားနေချေပြီ။ သြော်.. ဂမ္ဘီရဆန်သော ဇာတ်လမ်း တစ်ပုဒ်နှယ်ပါကလား။

စာရေးချင်စိတ်ကား ရှိန်းထလာ၏။ ဖြစ်ဆုံးခဲ့သူ ကိုသြဘာက ကျွန်ုပ်အား စာတစ်ပုဒ်ရေးဖို့ တွန်းအားပေးနေပြီလားမသိ။ ကြားသိမိရသမျှတော့ ကောက်မရိုင်းသေး။ မပီပြင်သေး။ အမေးအမြန်း ထုတ်ရချေတော့မည်။

“ဘဖြိုး.. ရွာတော်ရှင်က ကိုသြဘာကိုဆုံးမလိုက်တာမှာလို့ ကြားနေရတယ်။ ဘဖြိုးအယ်လိုထင်လဲဟင်”

ကျွန်ုပ်၏အမေးကြောင့် ဘဖြိုး တွေဝေဝေဖြစ်သွား၏။

“မင်းက အဲဒါကို မြင်ဖူးလို့လား”

“မသိလို့ ဘဖြိုးကိုမေးနေတာလေ”

“အေးကွ.. ဒီတိုက်တွေမှာ အကြောင်းကြောင်းကြောင့် ကိုးကွယ်ယုံကြည်နေကြတာတွေ ရှိတယ်။ မင်းပြောခဲ့သလို ရွာတော်ရှင်ပေါ့။





ရွာအတွက် ဖိုးအပ်ရင် လိုအပ်သလို ဝသတဲ့ ရွာတော်ရှင်ပေါ့။ လွယ်လွယ်ပြောလိုက်ရင်။ ဟိုတီးလေး... ရေစောင့်ပိုင်ဦးရှင်ကြီး၊ မြေစောင့် မြို့စောင့်နတ်သိုက်၊ တန့်ညားရိုးကျောက်တိုင်ရှင်မိ၊ အမေရေယာဉ်နတ်.. ပြောရရင် အများကြီးပဲ။ ဒီ ရိုးရာနတ်တွေလို့ပဲ သိလိုက်။ တချို့ တရှင်းချင်း၊ မွန်၊ စတဲ့တိုင်းရင်းသားတွေမှာလည်း ရိုးရာနတ်တွေ ရှိတယ်”

“ဘဖြိုးကလည်း နတ်တွေအကြောင်း ပြောနေပြန်ပြီ။ ကျွန်တော်မေးတာက အဲဒါမဟုတ်ဘူးလေ”

“မင်းကလည်း.. လောရန်ကော။ ရိုးရာနတ်တွေ ဘာတွေကို မကိုးကွယ်မဝသရင်နေ။ သွားမိထိမိတာနဲ့။ သူတို့လည်း သူတို့စွမ်းပကားနဲ့ သိရှိတယ်။ ဆုံးမတတ်တယ်။ နတ်ကိုင်တယ်၊ ရိုးရာကိုင်တယ်ပေါ့ကွာ။ ပြီးတော့ ဝိဇ္ဇာဆိုတာတွေလည်း ရှိတယ်”

ဘဖြိုးသည် ရေနွေးကြမ်းတစ်ခွက်ကို ဖြည်းညင်းစွာ သောက်သည်။ ထန်းလျက်စားသည်။ ပြီးမှ

“ဝိဇ္ဇာလောကမှာ မဟာဂန္ဓာရီဝိဇ္ဇာ၊ စူဠဂန္ဓာရီဝိဇ္ဇာ၊ နေမုဒဂန္ဓာရီဝိဇ္ဇာဆိုတာတွေရှိတယ်။ ကျန်တဲ့ဝိဇ္ဇာတွေ အများကြီးရှိတယ်။ မင်းရဲ့အမေးကို မှတ်မိအောင်လို့ အဲဒါတွေချန်ထားခဲ့မယ်.. ဟုတ်လား”

“ဟုတ်ကဲ့ ဘဖြိုး။ ဘဖြိုးပြောတာ စိတ်ဝင်စားစရာပဲ”

“အဲဒီ ဝိဇ္ဇာ ဂန္ဓာရီဝိဇ္ဇာတွေပေါ်ရော အဲဒီအထဲမှာ ဇနပုဒ



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရီဝိဇ္ဇာကတော့ ကြမ်းတယ်။ မှော်အတတ်လည်း တတ်တယ်။ သူတို့က ယုတ်မာတဲ့သူတွေကို သတ်ဖို့ လက်မနှေးကြဘူးတဲ့။

လက်ဝဲစခန်းဆိုတာမှာ နာမည်ကြီးတဲ့ ဦးသိပ္ပဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားအရပြောရရင် ရန်သူမိစ္ဆာဒိဋ္ဌိတွေကို သုတ်သင်ရမယ်။ ရှင်းပစ်ရမယ်။ ကျုပ်ဟာ အပြစ်မဲ့တဲ့ပိုးမွှားတစ်ကောင်ကို အကြောင်းမဲ့ မသတ်ဘူး။ အကျင့်မမှန်တဲ့ သာသနာဖျက်တွေကို ကျုပ်ပညာနဲ့ သတ်မယ်။ မကောင်းတဲ့၊ ယုတ်မာတဲ့သူတွေကို သတ်လို့များ ငရဲကျမယ်ဆိုရင် အဝီစိငရဲမှာ ရိုးဖွင့်ထားမယ်တဲ့။ အဲသလိုလည်း ရှိတယ်"

"ဟုတ်ကဲ့ ဘဖြိုး။ ကိုဩဘာသေဆုံးရတာက အဲဒါတွေနဲ့ ဘယ်လိုပတ်သက်နေလဲဟင်။ နတ်ကတော်ဒေါ်စိန်ကြည်ရဲ့စကားကို ဘဖြိုးအတည်ပြုရဲလား"

"မင်းမေးတဲ့ မေးခွန်းက အတော်ခွကျတာပဲ။ နတ်ကတော်ဆိုတာတွေကို ငါလည်းမယုံရဲ ယုံရဲကွ။ မောင်ဩဘာက လူရိုးကြီး။ လူငယ်ပီပီ သောက်စားတတ်တာကလွဲလို့ မဟုတ်တာလုပ်တယ်လို့ မကြားမိဘူး"

ကိုဩဘာသေဆုံးခြင်းနှင့် ဘဖြိုးရဲ့ပြောဆိုရှင်းပြမှုတွေက ဘယ်လိုဆက်စပ်ရပါမည်နည်း။ အစဉ်းစားရခက်ပါဘိ။

ရွာသားဆိုသူတွေထဲကလည်း ကိုဩဘာသေမှုသေခင်းဆိုတာကို စိတ်ထဲစိုးစဉ်းမျှမရှိကြတော့။ သူတို့ စိတ်ဝင်တစားရှိနေကြ





သည်ကား ကိုဩဘာ ရွာသို့ဝင်ထွက်နေသည့်သတင်း။ အပျိုကြီး မကျင်ညွန့်အိမ်အနီးတစ်ဝိုက်တွင် တရစ်ဝဲဝဲရှိနေသည့်သတင်း။ ကိုဩဘာ၏နှလုံးသားရပ်ဝန်းသည် အပျိုကြီးမကျင်ညွန့်၏ အိမ်ခြံတစ်ဝိုက်။ ကိုဩဘာမသေခင်က အပျိုကြီးမကျင်ညွန့်ကို စွဲလမ်းနေသကဲ့သို့ သေသည့်ဘဝ၌လည်း စွဲနေသေးသည်တဲ့။

'လင်နဲ့မယား၊ သားနဲ့သမီး၊ အသီးသီးကို၊ တပ်ငြိုးငံ့ထွေ၊ စွဲလမ်းသေသော်၊ မသွေမှန်စွာ၊ တပ်ရာနိုက်နိုက်၊ ပြိတ္တာပြိတ်၊ ဖြစ်၏မလွဲ' ဟု ရွာဦးဆရာတော်က ဟောထားတယ်။ ကျောင်းစွဲ၊ အိမ်စွဲ၊ သားသမီးစွဲ၊ ပစ္စည်းအစွဲ၊ လူပုဂ္ဂိုလ်အစွဲတွေကြောင့် သေရင် ပြိတ္တာဖြစ်တတ်သတဲ့။ ဒါဆို ကိုဩဘာပြိတ္တာဖြစ်နေပြီလား။ ပြိတ္တာဆိုတာ ပရလောကသားလား။ လားပေါင်းများစွာ. . ။

ကိုဩဘာနှင့်ပတ်သက်သည့် စကားတွေက မပြီးဆုံးနိုင်သေး။ ကျွန်ုပ်လည်း ကိုဩဘာ၏ဇာတ်လမ်း ရေးလိုစိတ်ကလည်း မငြိမ်းငွေ့နိုင်သေးဖြစ်နေလေ၏။

ဇာတ်လမ်း၏အဆုံးအစွန်ကို သိချင်စိတ်ကား ပြင်းပြနေပြီ။ ဖြစ်နိုင်လျှင် ကိုဩဘာဝိညာဉ်နှင့် တွေ့ဆုံပြီး မေးချင်နေပြီ။

စိတ်ဒုံးဒုံးချလိုက်ပြီး ကိုဩဘာအသေဆိုးနှင့်သေဆုံးခဲ့သော ရွာစပ်ရှိညောင်ပင်ကြီးအောက်သို့ သွားသည်။ ညဘက်လား. . ။ မဟုတ်ရေးချ မဟုတ်။ နေ့ခင်းကြောင်တောင် သွားခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ခေတ်ပညာတတ်တစ်ယောက်ဆိုပေမင့် ည
ချင်းမင်းကြီးတော့ ထိုနေရာသို့ မသွားရဲ။ အဲသည်လောက် သတ္တိ
မရှိ။ ကြောက်တတ်သည်ဟူ၍ပဲ ကားပါတော့။

ညောင်ပင်ကြီးကား အရိပ်အာဝါသအလွန်ကောင်းသည်။
အေးစိမ့်စိမ့်အနေအထားပင်ရှိနေ၏။ ကြက်သီးပင် အနည်းငယ်
ထသွားသည်။

အမှန်တကယ်က ကိုဩဘာဝိညာဉ်နှင့် တွေ့လိုတွေ့ငြား
အရဲကိုးလာခြင်းဟု ဆိုခဲ့သည်။ ဝိညာဉ်လောကကို ကျွန်ုပ်တို့၏
လူ့လောကအနေဖြင့် ဘယ်လိုမှတွေ့မြင်နိုင်သည်မှ မဟုတ်သည်ပဲ
ဝိညာဉ်ဆိုတာက ကျွန်ုပ်နှင့် တွေ့လို၊ ပြောလိုလျှင် တစ်ယောက်
ယောက်ထံ ပူးကပ်ဆက်နွယ်ပြီးမှ ပြောနိုင်သည်ဟု ဖတ်ဖူး၊ မှတ်
ဖူးထားသည်။

"ဆရာလေး"

အနောက်ဘက်ဆီမှ အသံ။ ထိုအသံကြောင့် ကြက်သီးထ
ခေါင်းနားပန်းကြီးသွားသည်။ ဟော.. လူတစ်ယောက်ပါလား။
ကျွန်ုပ်တွေးဆသလို ကိုဩဘာဝိညာဉ်ပူးကပ်ပြီး ကျွန်ုပ်ဆီကို လာ
ခဲ့လေချေပြီလော။ စိတ်အတွင်းမှ ဘုရားတမိလိုက်သည်။ နေ့ခင်း
ကြောင်တောင်ကြီး ဘာကြောက်စရာရှိသလဲဟု စိတ်ကို ပြန်တင်း
လိုက်သည်။

"ဆရာလေး" ဟု ခေါ်လိုက်သည့် လူရွယ်တစ်ယောက်





ကျွန်ုပ်၏အနီးသို့ ရောက်လာလေ၏။ လူရည်သန့်တစ်ယောက်ဟု
သိလိုက်သည်။

"ကျွန်တော်က ရွာလယ်ပိုင်းက မူလတန်းတွဲဘက်ကျောင်း
ဆရာ ကိုချစ်မောင်ပါ။ ဆရာရောက်နေတာလည်း သိပါတယ်။
ဘဖြိုးရဲ့မြေးဆိုတာလည်း သိသလို စာရေးဆရာတစ်ယောက်ဆို
တာလည်း သိပါတယ်"

"ဩော် . . ဟုတ်ကဲ့။ တွေ့ရတာ ဝမ်းသာပါတယ်"

ကျွန်ုပ်သူ့ကိုထပြီး အပြုံးဖြင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကိုဩဘာ သတင်းတွေကြားပြီးရောပေါ့နော်။ ဆရာ့
အတွက် ဂမ္ဘီရဇာတ်လမ်းတွေ ရနိုင်ပြီပေါ့။ ဟုတ်တယ်ဟုတ်"

ကျွန်ုပ် ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်ပြီး . .

"အဆက်အစပ်မရှိလှပါဘူးဗျာ"

ဟု ပြောလိုက်ရာ . .

"အဲဒါကို ကျွန်တော် ဇာတ်ကြောင်းကုန်စင်ပြောပြမယ်။
ဆရာစိတ်ဝင်စားမှာပါ"

"ဟုတ်ကဲ့။ ကျွန်တော်လည်း စိတ်ဝင်တစားရှိလွန်းနေ
တယ်ဗျာ။ ကျေးဇူးပဲ"

သည်တော့ သူနှင့်ကျွန်တော် ညောင်ပင်ကြီး၏ အမြစ်
ရောယှက်နေသည့် နေရာကောင်းတစ်ခုတွင် ထိုင်ကြသည်။

သူ့ပြောဆိုရှင်းပြချက်တွေက ကျွန်ုပ်အဖို့ လွန်စွာစိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဖွယ်ရာကောင်းသလို အံ့ဩစရာတွေနှင့်လည်း ပြည့်နှက်လို့နေသည်။

"ကိုဩဘာက အလွန်ရိုးစင်းတာဗျ။ သူ့မိခင်၊ ဖခင်ဆိုတာတွေကလည်း ငယ်စဉ်က ကွယ်လွန်ခဲ့တာဆိုတော့ ဥတစ်လုံး၊ တစ်ကောင်ကြွက်ပေါ့။

အလုပ်လည်း အရှုန်လုပ်တယ်။ ခြေတာတက်တယ်။ သစ်ခုတ်တယ်။ တောင်ယာလည်းလုပ်တယ်။ ရပ်ရေးရပ်ရွာကိစ္စမှန်သမျှလည်း ကူညီတယ်။ အပေါင်းအသင်းလည်း ဆန့်တယ်။ အသောက်အစားတော့ ယောကျ်ားပဲဗျာ။ နည်းနည်းပါးပါးရှိတာပေါ့။

ခြေသလုံးအိမ်တိုင်တော့ မဟုတ်ဘူးနော်။ အိမ်နဲ့ရာနဲ့ဗျ၊ တစ်နေ့ သူက ကျွန်တော့်ကျောင်းလာပြီး ဗလာစာအုပ်တစ်ဒါဇင်လာလှူတယ်။ မကြာမကြာ လာလှူတတ်တယ်ဗျာ။ သူ့ဘဝက ပညာမပြည့်စုံလို့ ပညာဒါနကပ်တာတဲ့။ နောင်ဘဝမှာ ပညာတတ်ဖြစ်အောင်တဲ့။

ပြီးတော့ သူက ငွေစုနေပါတယ်တဲ့။ ခုနစ်စဉ်တန်းက ဒေါ်မြကြွယ်ရဲ့တူမ မကျောင်ညွန့်ကို တင်တောင်းဖို့တဲ့။ တင်တောင်းတဲ့အခါ ကျွန်တော်က အမိအဘသဘောမျိုးနဲ့ လိုက်တောင်းရမ်းပေးဖို့ အားကိုးတကြီးပြောတယ်။

ငွေစုနေတယ်လို့ ပြောချိန်ကစပြီး အသောက်အစားတွေလျှော့လာတယ်။ အလုပ်တွေ ပိုလုပ်လာတယ်လေ။





အပျိုကြီးမကျောင်ညွန့်တို့ဘက်ကလည်း တင့်တောင့်တင့်တယ်လာတောင်းရမ်းရင် လက်ခံမယ့်အနေအထားပါ။

အဲဒါက ကိုဩဘာရဲ့အနေအထားပေါ့ဆရာ။

တစ်ခါတစ်ခါ ကိုဩဘာ ရွာကပျောက်ပျောက်သွားတာသတိထားမိတယ်။ တွေ့လို့ မေးမြန်းတော့ မြို့ကိုစီးပွားတက်ရှာကြည့်တာပါတဲ့။ အဆင်မပြေတဲ့အပြင် ပါတဲ့ငွေပါ ကုန်ခဲ့ပါသတဲ့။ မကျောင်ညွန့်နဲ့နီးစပ်ဖို့အရေးကတော့ ကြိုးစားရှာဖွေလျက်ပါလို့လည်းပြောတယ်။ ရိုးလွန်းတော့လည်း မြို့မှာ အလိမ်အကောက်ခံရတာနေမှာပေါ့ဆရာရယ်။

တစ်နေ့ သူ့ဆီကို မြို့ကလူတစ်ယောက် ရောက်လာပြီး သူနဲ့ ရွာထဲမှာ တွဲသွားတွဲလာလုပ်နေတာ တွေ့ရတယ်။ အဲဒီလူက ဗိန္ဒောဆရာလိုလို၊ ဓာတ်ဆရာလိုလိုနဲ့။ အဲဒီလူနဲ့ တွဲနေ၊ သွားလာနေပေမယ့် ဘာတွေလုပ်နေကြသလဲဆိုတာကိုတော့ ကျွန်တော်မမေးကောင်းလို့ မမေးမိပါဘူး။

အဲဒီလူစိမ်းရောက်ပြီး တစ်ပတ်အကြာ ဟောဒီညောင်ပင်ကြီးအောက်မှာ ကိုဩဘာ အသေဆိုးနဲ့ သေခဲ့တယ်လေ။ လူစိမ်းလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်လေသတည်းပေါ့"

ကိုချစ်မောင်အပြောကို စိတ်ဝင်တစားနားထောင်နေရာမှ ကျွန်တော်ကြားသိလိုသောဓာတ်လမ်းက အဆက်အစပ်ပြတ်ပြန်လေပြီဟူသောအတွေးနှင့် ဘဝင်မကျဖြစ်ရပြန်ချေပြီ။ ကိုချစ်မောင်



www.burmeseclassic.com

www.burmeseclassic.com



က ဒါကိုရိပ်ဖမ်းမိဟန်တူသည်။

"ဆရာကလည်း ကျွန်တော့်မှာ ပြောစရာတွေကျန်ပါသေးတယ်။ အားမလျှော့ပါနဲ့"

"မသိဘူးလေ။ ပြီးသွားပြီ အောက်မေ့တာ။ ပြောစရာကို ဆက်ပြောပါ။ နားထောင်ပါရစေ"

ကျွန်ုပ်အတွက် မျှော်လင့်ချက်ရလာဟန်ရှိသည်သို့ ဝမ်းသာမိရပြန်သည်။

"ကိုဩဘာသေပုံက လျှာထွက်၊ မျက်လုံးတွေပြူးထွက်ပြီး ဇတ်ကျိုးသေတာဆရာ။ ဘာဒဏ်ရာမှမရှိ။ သတ်သူလက်သည်ကလည်း ဘိတိပပမသိ။ မြင်သူသက်သေဆိုတာကလည်း ရှာမရဆိုတော့ ဘာအမှုမှလည်း မပေါ်ဘူး။ နောက်ဆုံး ရွာကလူကြီးတွေ သယ်မပြီး သင်္ဂြိုဟ်လိုက်ရတာပေါ့ဆရာ။

အဲဒီမှာ နတ်ကတော်ဒေါ်စိန်ကြည်အတွက် အကွက်ပေါ့။ ရွာတော်ရှင် ဆုံးမလိုက်တာ၊ ဘာညာကွိကွဆိုပြီး အာဘောင်အာရင်း သန်သန်နဲ့ ပြောနေတော့တာပဲ။ သူလုပ်စားကိုင်စားနေတာ ကြာပြီဆရာ။ ရွာသားတွေကလည်း ဗဟုသုတနည်းဆိုတော့ သူ့အပြောကို ယုံနေကြတယ်။

ကျွန်တော်ကိုယ်တိုင် သူ့ကိုသွားမေးတယ်။ လူရိုးကြီး၊ ပြီးတော့ ခင်ဗျားခိုင်းတာမှန်သမျှ အကုန်လုပ်ပေးတဲ့ ကိုဩဘာကို ရွာတော်ရှင်က ဘာကြောင့်ဆုံးမတာလဲ။ ဘာကြောင့် အသေသတ်



လိုက်ရတာလဲ။ ခင်ဗျားမတားဘူးလားလို့ပေါ့"

ကိုချစ်မောင်လုပ်ရပ်ကြောင့် ကျွန်ုပ်သဘောကျမိသည်။ အရယ်တစ်ဝက်ဖြင့် ပြောမိသည်။

"ခင်ဗျား အဲသလိုပြောတော့ နတ်ကတော်က ဘာပြန်ပြောသေးလဲဗျ"

"ပြောတယ်ဗျာ။ ကျောင်းဆရာက ခေတ်ပညာတတ်ဆိုပြီး မယုံမရှိနဲ့နော်တဲ့။ မယုံရင်ခနေ၊ မစော်ကားနဲ့။ သေးတွေ့တတ်တယ်လို့ ဆုံးမသလို ပြောသွားသေးဗျာ။ ဟား. . ဟား. . ဟား"

ကိုချစ်မောင်စကားကို နားထောင်ရသည်မှာ တစ်ထောင့်တစ်ညပုံပြင်လို ဖြစ်နေသည်။ ပြီးမှ ပြီးပါ့မလား။ ဆုံးမှ ဆုံးပါ့မလား။ စိတ်တထင့်ထင့် နားထောင်နေရသည်။ သူ့စိတ်ကွက်သွားမှာလည်း စိုးရသေးတော့ အပြုံးဖြင့် နားထောင်နေရသည်။

"ကိုဩဘာသေမှုသေခင်းကိစ္စ ပေါ်ပေါက်ခဲ့ရပုံကလည်း အဆန်းဗျာ။ ကိုဩဘာဝိညာဉ်က သူ့ချစ်သူ မကျင်ညွန့်အိမ်ခြံဝင်း အနီးအနားမှာ တဝဲဝဲရယ်တဲ့တလည်လည်ဆိုတော့ အခွင့်အခါသင့်တာလား၊ ဘာလားတော့မသိ။ အပျိုကြီးမကျင်ညွန့်ကို ဝင်ကပ်၊ ဝင်ပူးပြီးပြောတယ်။

ကိုဩဘာနဲ့အတူ တွဲသွား၊ တွဲလာလုပ်နေတဲ့ မြို့ကရောင်းလာသူတစ်ယောက်လေ။ အဲဒီလူက သိုက်သမားတဲ့။ ဟိုက ဘုရားပျက်ထဲက ဘုရားဌာပနာတွေယူဖို့လာတာ။ ကိုဩဘာကို ဥပါယ်

www.burmeseclassic.com

www.burmeseclassic.com



တံမျဉ်နဲ့ ကိုးကွယ်ချင်လို့ ဘာလို့ဆိုပြီး ညာခိုင်းတယ်။ ယူပေးခဲ ငွေတစ်သိန်းပေးမယ်ဆိုတော့ လက်ခံလိုက်တယ်။

ငွေတစ်သိန်းနဲ့ မကျောင်ညွှန့်ကိုတင်တောင်းမယ်ဆိုတဲ့အသိက ကဲနေတော့ ကိုသြဘာလည်း သိုက်ဆရာခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်တယ်။ လုပ်တဲ့အချိန်က ညသန်းခေါင်။

ကိုသြဘာ ဘုရားပျက်ထဲဝင်တော့ အဲဒီအထဲက ဘာလုပ်လိုက်သလဲမသိဘူး။ ကိုသြဘာ အသံနက်ကြီးနဲ့ ပြေးထွက်လာပြီး ဟော့ဒီနေရာမှာပဲ အသေဆိုးနဲ့ သေဆုံးခဲ့ရတာပါ။

သိုက်ဆရာဆိုသူက အောင်ငွေဝင်း။ မော်လမြိုင်ကမ်းနားက အောင်ချမ်းသာဆိုတဲ့ တည်းခိုခန်းမှာ ဖမ်းဆီးမိလိုက်တယ်လေ။

ဖမ်းမိပုံတလည်း ဆန်းကြယ်ပြန်တာပဲ ဆရာရယ်။ ကိုသြဘာဝိညာဉ်က ဖော်ထုတ်လိုက်တာပါပဲ။ အပျိုကြီးမကျောင်ညွှန့်ကို ပြောတဲ့အထဲမှာ တစ်ပါတည်းပါပြီး ပြောတာ။ နေရာရယ်၊ အချိန်ရယ် အတိအကျကိုပြောတာ။ ကျိုက်ထိုဘုရားက ဘုရားဆင်းတုတစ်ဆူကိုတောင် သက်ဆိုင်ရာက လက်ပူးလက်ကြပ်မိလိုက်သေးဆိုပဲ"

"အေးဗျာ။ အံ့တော့ အံ့သြစရာပါ။ လောကကြီးမှာ အံ့သြစရာတွေကလည်း အတော်များသား။ ကမ္ဘာမှာလည်း ဒီလိုမျိုးအဖြစ်တွေ ရှိနေဆဲလေ။ ဒါနဲ့ ကိုသြဘာဘယ်လိုသေရသလဲ။ ခုတ်ရာပြတ်ရာမရှိ၊ အညိုအမည်းစွဲရာမရှိပါပဲ အသေဆိုးနဲ့သေရကြောင်း ကို





ချစ်မောင်ပြောသလို ကျွန်တော်လည်း ပြောသံတွေကြားသိခဲ့ရပြီးပါပြီ။ အဲဒါ ဘယ်လိုများ ကောက်ချက်ချရမလဲ မသိဘူး"

"ဟုတ်တယ်ဆရာ။ ဒါကိုတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ဆရာဒီရွာမရောက်ခင်ကတည်းက သိချင်လို့ လေ့လာစုံစမ်းခဲ့ပြီးပါပြီ။ တတ်သိတဲ့ လူကြီးသူမတွေကိုလည်း မေးကြည့်ခဲ့ဖူးပြီ။ ပြီးတော့ မှုခင်းဆိုင်ရာ တတ်သိသူတွေကိုလည်း မေးကြည့်ခဲ့ဖူးပါပြီ။ ဘယ်သူမှ ကောက်ချက်ချပြီး မပြောနိုင်ကြဘူးဆရာ။ ဆရာကော ဘယ်လိုကောက်ချက်ချမလဲ။ ဆရာက ပညာတတ်တစ်ယောက်လေ။ ပြီးတော့ စာရေးဆရာ"

"ဗျာ. . ဘယ်လို. . ကျွန်တော်က ကောက်ချက်ချရမယ်။ ဟုတ်လား. . ။ ရှာတော်ရှင်ဆိုတာတွေ၊ ရိုးရာနတ်တွေ၊ ပရလောကသားတွေ၊ သာသနာစောင့်ပုဂ္ဂိုလ်တွေ၊ သာသနာဖျက်မိစ္ဆာဒိဋ္ဌိဆိုသူတွေကို ဆုံးမတတ်၊ သတ်ပစ်တတ်တဲ့ကိစ္စတွေ။ အဲဗျာ. . ကျွန်တော်ခေါင်းမမီဘူး ကိုချစ်မောင်"

ဟု ပြောလိုက်ရင်း ရှူးချင်ယောင်ဆောင်လိုက်ရသည်မှလွဲ၍. . ။ ။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



## ဇလွန်ကျော်ဦး

# ခြတောင်ပို့နှင့်ဖြစ်ရပ်ဆန်း

* ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်၊ ထောက်ကြန့် ကျေးရွာတွင် (၁၃-၁၁-၁၉၅၁) ရက်နေ့တွင် မွေးဖွားခဲ့။ မိဘများမှာ ဦးဘဖေ၊ ဒေါ်တင်မြင့် ဖြစ်။

၁၉၆၉-၇၀ ခုနှစ် [illegible] ကဗျာတစ်ထောင်စာအုပ်မှ "မှိုင်းခဲ" ကဗျာတိုဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့။

ယခုအခါ [illegible]မြို့နယ် စာပေအသင်း၊ စာနယ်ဇင်း အတွင်းရေးမှူးအဖြစ် စာပေတာဝန်ထမ်းဆောင်ရင်း စာပေများ ရေးသားနေသူဖြစ်။

ဇလွန်ကျော်ဦး

## ခြတောင်ပို့နှင့် ဖြစ်ရပ်ဆန်း

လွန်ခဲ့သော နှစ်သုံးဆယ်ကာလဝန်းကျင်ကဖြစ်သည်။ ကျွန်ုပ်တို့မိသားစုနေထိုင်သော ခြံကြီး၏အရှေ့မြောက်အရပ်ရှိ ကုက္ကိုပင်ကြီးအောက်တွင် ခြများစုဝေး၍ ခြတောင်ပို့ငယ်လေးများ ပြုလုပ်နေသည်ကို ကျွန်ုပ်သည် မမျှော်လင့်ဘဲတွေ့လိုက်ရ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကလေးသဘာဝ ခြများကို စူးစမ်းမိလေ၏။ ခြကောင်များသည် တန်းစီပြီး မြေကြီးများကိုသယ်ဆောင်၍ ခြတောင်ပို့ ပြုလုပ်နေသည်ကိုကြည့်ရင်း ကျွန်ုပ်အလိုလိုအံ့ဩမိလေ၏။

ထို့ကြောင့် ခြတောင်ပို့မပြုလုပ်ရန် ကျွန်ုပ်သည် ကလေး ပီပီ စဉ်းစားတွေးတောခြင်းမပြုဘဲ နီးရာတုတ်ချောင်းကလေးကို ယူ၍ ခြသွားရာလမ်းကြောင်းတွင် ခြများမသွားစေရန် တားမိလေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုစဉ် ကျွန်ုပ်အနီးသို့ အဘိုးရောက်လာသည်။

"လူလေး. . ဘာလုပ်နေတာလဲ"ဟုမေးရာ ကျွန်ုပ်က ခြတောင်ပို့မလုပ်ရန် တုတ်ဖြင့်တားနေသည်ဟု ပြောလိုက်လေ၏။ ထိုအခါ အဘိုးက "မလုပ်ကောင်းဘူး လူကလေး။ သူများအသိုက်အမြုံကိုဖျက်ရင် ကိုယ်လည်းပျက်စီးတတ်တယ်ကွဲ့။ လူကလေးကို ဘာအန္တရာယ်မှ သူတို့မပေးဘူး"ဟု ပြောဆိုဆုံးမသဖြင့် ကျွန်ုပ်သည် ခြလမ်းတွင် တားဆီးထားမိသော တုတ်ချောင်းကလေးကို ဖယ်ရှားလိုက်လေသည်။

ထိုနေ့မှစ၍ ကျွန်ုပ်အဘိုးသည် ခြတောင်ပို့ဘေးပတ်လည်တွင် ဝါးများကိုယက်၍ ကာထားလိုက်လေသည်။ ကျွန်ုပ်နှင့်အတူ အိမ်နီးချင်းကလေးများကိုလည်း ခြတောင်ပို့ဘေးတွင် မကစားရန် ပြောဆိုတားမြစ်လိုက်လေသည်။

ကျွန်ုပ်သည် ခြတောင်ပို့ကို မေ့မေ့လျော့လျော့နေလာမိသည်။ ကျွန်ုပ်တို့နေထိုင်သော ခြံကြီးထဲတွင် ဝါး၊ ကုက္ကို၊ သရက်၊ တမာ၊ ပိန္နဲနှင့် အခြားသစ်ပင်ကြီးငယ်များ နေရာမလပ်အောင် မြိုင်ဆိုင်စွာပေါက်ရောက်နေသဖြင့် ကျေးငှက်သတ္တဝါလေးများ လာရောက်ခိုနားပြီး အသိုက်အမြုံများပြုလုပ်၍ နေထိုင်ကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့ခြံကြီးထဲတွင် ကျီးကန်း၊ ဆက်ရက်၊ စာကလေးများနှင့် အခြားငှက်များအသံကို နေ့စဉ်ကြားရလေ၏။ ထိုငှက်များကို တွေ့မြင်ရသဖြင့် ကျွန်ုပ်သည် လေးခွတစ်လက်ကို



အဘိုးမသိစေရန် တိတ်တဆိတ်ပြုလုပ်ပြီး ငှက်များကို ချောင်းမြောင်းပစ်ခတ်လေသည်။ ကြာတော့ ငှက်များလည်း ကျွန်ုပ်ကိုမြင်လျှင် လန့်၍ပြေးကြလေသည်။ ထိုအဖြစ်ကို ကျွန်ုပ်အဘိုးက ရိပ်စားမိဟန်တူလေသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်အဘိုး ဘုရားဆွမ်းတော်ကပ်ပြီး ဆွမ်းတော်စွန့်ချိန်တွင် အမြဲတမ်းလာရောက်စားတတ်သော ကျီးကန်း၊ ဆက်ရက်နှင့် စာကလေးများ အတွေ့နည်းပါးလာသလို ငှက်များအသံက တိတ်ဆိတ်လာလေ၏။

"လူကလေး. . ခုတစ်လော ငှက်တွေ ဆွမ်းတော်စွန့်လာစားတာတောင် စိုးရိမ်ကြောင့်ကြဖြစ်နေကြတယ်။ ဘယ်သူလေးခွနဲ့ပစ်နေသလဲ မသိဘူး။ လေးခွသမားတွေ့ရင် အဘိုးကိုပြော လူကလေး"

"ဟုတ်ကဲ့ပါအဘိုး. ."ဟု ကျွန်ုပ်သည် စကားမဆိုဘဲ ကျွန်ုပ် အသံတိတ်ခေါင်းညိတ်ပြီး အဖြေပေးလိုက်မိပါသည်။ ကျွန်ုပ်မပေးလို့မဖြစ်ချေ။ ငှက်ကလေးများကို လေးခွဖြင့်ပစ်သူမှာ တခြားသူမဟုတ်ဘဲ ကျွန်ုပ်ကိုယ်တိုင်ဖြစ်သောကြောင့်ပင်။

ထို့ကြောင့် ကျွန်ုပ်သည် အဘိုးပြောသည့်နေ့မှစ၍ လေးခွဖြင့် ငှက်ပစ်ခြင်းကို လက်လျှော့လိုက်မိလေသည်။ ကျွန်ုပ်သည် ငှက်တလေးများကို ပြတင်းပေါက်ဆီမှနေ၍ ကြည့်မိလေသည်။ ကျွန်ုပ်အဘိုး ဆွမ်းတော်စွန့်ပြီးချိန်တွင် ယခင်ကလို ငှက်တစ်အုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်မကြီး လာမစားတော့ချေ။

ကျွန်ုပ်အဘိုးသည် ဆွမ်းတော်စွန့်ပြီးသားနှင့် ဆန်ကွဲဆန်ညှာလေးများကိုတင်ထားသော တစ်ချောင်းထောက်သစ်သားခုံလေးပေါ်တွင် ဝဲကာပျံကာ စားလိုက်၊ နားလိုက်နှင့် ဝမ်းစာဖြည့်နေသော ငှက်များကိုတွေ့ရ၍ ကျွန်ုပ်များစွာသနားမိလေသည်။ ထိုသနားစိတ်နှင့်အတူ အဘိုးမသိရန် ငှက်ထားမိသော ကျွန်ုပ်လေးခွကို စွန့်ပစ်ရန် ကြံလိုက်မိ၏။

ထိုစဉ် မမျှော်လင့်ဘဲ ထိုသစ်သားခုံပေါ်တွင်နား၍ အစာစားနေသော ငှက်တစ်ကောင်ကို ထူးထူးခြားခြားတွေ့လိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိချေ၏။ ထိုငှက်လေးကို ကျွန်ုပ်တို့ခြံကြီးထဲတွင် လာရောက်ခိုနားသော ငှက်များထဲမှ ကျွန်ုပ်အဖို့ တစ်ခါဖူးမျှ ထိုငှက်ကလေးကို မတွေ့ဖူး၊ မမြင်ဖူးချေ။ အရွယ်က စာကလေးသာသာအရွယ်ဖြစ်သော်လည်း အသွေးအရောင်စုံသောကြောင့် လှပနေ၏။ ကျွန်ုပ်ဘယ်လိုပဲကြည့်ကြည့် ကြည့်၍မဝနိုင်တော့ပါ။ အစာကို ဖြည်းညင်းစွာစားရင်း တစ်ချက်တစ်ချက် အော်လိုက်သောအသံက လေးတွဲတွဲဖြင့် နားထောင်ရသည်မှာ သာယာကြည်နူးဖွယ်ကောင်းလှချေ၏။

ထို့ကြောင့် ကျွန်ုပ်သည် စွန့်ပစ်ရန်ဆုံးဖြတ်ထားသော လေးခွကို ပြန်ကိုင်လိုက်ရင်း ထိုငှက်ကလေးကို လိုချင်စိတ်က ကျွန်ုပ်ရင်ထဲတွင် တဖွားဖွားပေါ်ပေါက်လာလေသည်။ ထို့ကြောင့် ပြတင်း





ပေါက်မှ ထိုတွေ့ရသော ရောင်စုံငှက်ကလေးကို လေးခွဖြင့်ပစ်ဖမ်းရန် ကျွန်ုပ်ဆုံးဖြတ်လိုက်မိချေ၏။

ငှက်ကလေးသည် အစာစားလိုက်၊ အော်မြည်လိုက်နှင့် ပတ်ဝန်းကျင်ကို မေ့လျော့နေဟန်တူသည်။ ကျွန်ုပ်သည် လေးခွဖြင့် ငှက်များကိုပစ်ခဲ့သည်ဆိုသော်လည်း ငှက်တစ်ကောင်မှ ရရှိခဲ့ဖူးခြင်းမရှိပါ။ ကျွန်ုပ်၏လေးခွသံကိုသာ ငှက်များကြောက်လန့်နေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် အစာစားနေသော ရောင်စုံငှက်ကလေးကို လိုချင်ဇောဖြင့် ကျွန်ုပ် လေးခွကို သေချာချိန်ပြီး ပစ်လိုက်မိလေသည်။ ကျွန်ုပ်ပစ်လိုက်သော လေးသီးဒဏ်က ပြင်းလွန်း၍လားမသိ။ ငှက်ကလေးသည် တစ်ချက်မျှအော်မြည်နိုင်ပြီး မြေကြီးပေါ်သို့ ရုတ်တရက်ပြုတ်ကျသွားလေသည်။

ကျွန်ုပ်သည် ဝမ်းသာအားရ အပြေးသွားပြီး ငှက်ကလေးကိုဖမ်းယူပြီး ကြည့်လိုက်မိသည်။ ငှက်ကလေးခြေထောက်တွင် စုတ်ပြတ်၍ သွေးများစို့နေသည်ကို တွေ့လိုက်ရသည်။ မကြာမီ ငှက်ကလေးသည် သတိရလာပြီး မျက်လုံးလေးပွင့်ကာ ကျွန်ုပ်လက်ထဲမှ လွတ်မြောက်ရန်အလို့ငှာ ရုန်းကန်လှုပ်ရှားနေသည်။ ထိုအခါ ကျွန်ုပ်သည် ငှက်ကလေးကိုကြည့်ပြီး များစွာသနားကာ ကျွန်ုပ်ပုဆိုးခါးပိုက်ထဲသို့ထည့်ပြီး အဘိုးမသိစေရန် မီးဖိုချောင်မှ နှင်းကိုရေနှင့်ဖျော်ပြီး ငှက်လေးခြေထောက်ကို လိမ်းကျံ၍ နွေးထွေးစွာ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိသည်။

ကျွန်ုပ်သည် ခြေထောက်ကျိုးသွားသော ငှက်ကလေးကို ဆန်ကွဲများ၊ ရေများတိုက်သော်လည်း ငှက်ကလေး ဒဏ်ရာပြင်းထန်စွာခံစားနေရ၍လားမသိ။ ကျွန်ုပ်ကျွေးသော အစာရေစာကို မစားမသောက်တော့ချေ။ ကျွန်ုပ်ကိုကြောက်လွန်း၍ ငှက်ကလေး၏ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်ယင်နေရှာသည်။ ထို့ကြောင့် ကျွန်ုပ်သည် ငှက်ကလေးကို အမြန်ဆုံးကောင်းရန် ပြုစုလေရာ မကြာမီ ငှက်တလေးခြေထောက်ထောက်နိုင်လာ၍ ကျွန်ုပ်ဝမ်းသာသွားမိလေသည်။

ကျွန်ုပ်သည် ငှက်ကလေးကို ကြည့်ပြီး နောင်တများစွာရမိလေသည်။ ကျွန်ုပ်ကို စိုးရိမ်ထိတ်လန့်စွာကြည့်နေသော ငှက်ကလေးကို ကျွန်ုပ်တောင်းပန်လိုက်မိသည်။

"ငှက်ကလေးရယ်. . ငါ့ကိုခွင့်လွှတ်ပါကွာ။ ငါ မင်းကို လိုချင်လို့ ပစ်ဖမ်းမိတာပါ။ နောင်. . ငါဘယ်ငှက်မှ လေးခွနဲ့မပစ်တော့ပါဘူးလို့ ကတိပေးပါတယ် ငှက်ကလေးရယ်"

ကျွန်ုပ်သည် ငှက်ကလေးနားနားသို့ တိုးကပ်ပြီး ပြောလိုက်မိ၏။ ငှက်ကလေးသည် ကျွန်ုပ်၏စကားကို နားလည်သည့်အလားငြိမ်သက်၍နေရှာသည်။ ထို့ကြောင့် ငှက်ကလေးကို ကျွန်ုပ် ပြတင်းပေါက်မှ လွှတ်လိုက်မိလေသည်။ ငှက်ကလေးသည် ပြတင်းပေါက်အနီးရှိ မာလကာကိုင်းပေါ်တွင် နားခိုရင်း ကျွန်ုပ်ကိုကြည့်နေရှာ





သည်။ ထို့နောက် လေးတွဲ့သောအသံလေးဖြင့် အော်မြည်ကာ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ကူးလူးပြီး မိုးပေါ်သို့ တစ်ဟုန်ထိုးပျံတက်သွားလေသည်။

ကျွန်ုပ်သည် ငှက်ကလေးပျံသန်းရာနောက်သို့ အပြေးလိုက်၍ ကြည့်မိလေသည်။ ငှက်ကလေးသည် ပဲပျံရင်း ကျွန်ုပ်တို့ခြံထောင့်ရှိ ကုက္ကိုပင်ကြီးဆီသို့ ပျံသွားလေသည်။ ကျွန်ုပ်သည် ငှက်ကလေးကိုတွေ့လိုဇောဖြင့် အပြေးလိုက်ခဲ့ရာ ကုက္ကိုပင်ခြေရင်းရှိမြေသားကို နင်းမိ၍ ရှတ်တရက်လဲကျသွားလေသည်။

ကျွန်ုပ်တွေ့လိုက်ရသည်က ကျွန်ုပ်စတွေ့စဉ်က သေးငယ်သောခြတောင်ပို့လေးများနေရာတွင် ရင်စို့ခန့်နီးပါးဖြစ်သော ခြတောင်ပို့ကို မြင်လိုက်ရ၍ ကျွန်ုပ်အံ့ဩထိတ်လန့်သွားမိလေသည်။

ကျွန်ုပ်နှင့်ဆုံတွေ့ရသော ငှက်ကလေးအသံသည် ထိုကုက္ကိုပင်ကြီးတွင် နောက်ဆုံးကြားလိုက်ရပြီးနောက် ကျွန်ုပ်သည် ထိုငှက်ကလေးကို မတွေ့မမြင်ရတော့ချေ။ ထိုငှက်ကလေးသည် ကျွန်ုပ်ကိုယ်တိုင်ကြုံတွေ့ရသော ခြတောင်ပို့နှင့်ဆုံရန် တမင်လမ်းညွှန်လိုက်လေသလားဟု ထင်လိုက်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့က ခြတောင်ပို့ကိုနင်းမိ၍ ကျွန်ုပ်ခန္ဓာကိုယ်တွင် နေရာလပ်မရှိအောင် ယားယံနေ၍ ကျွန်ုပ်ဖခင်၊ မိခင်တို့သည် အလွန်စိတ်ပူကြ၏။ ဝေဒနာက မသက်သာချေ။ ညဘက် ပို၍ယားယံသောကြောင့် တစ်ညလုံးမအိပ်နိုင်ဘဲ ကျွန်ုပ်ငိုနေမိသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန့်ပ်အဘိုးသည် ကျွန်ုပ်ဝေဒနာကိုကြည့်ပြီး စဉ်းစားတွေးတော လေ၏။ ပြီး. . ကျွန်ုပ်ကိုမေးလေသည်။

"လူလေး. . ခြတောင်ပို့ဘက် သွားသေးလား။ အဘိုးကို မညာနဲ့။ အဘိုးကိုညာရင် လူကလေးရောဂါပျောက်မှာမဟုတ်ဘူး။ အဘိုးကိုပြော။ အဘိုး ပျောက်အောင်ကုပေးမယ် လူကလေး"ဟု ကျွန်ုပ်ခန္ဓာကိုယ်ကို ပွတ်သပ်၍ မေးလေသည်။

ကျွန်ုပ်သည် အဘိုးကိုမညာဝံ့ဘဲ အဖြစ်အပျက်ကို ပြောပြမိလေသည်။ ကျွန်ုပ်စကားကြားသောအခါ အဘိုးသည် ကျွန်ုပ်မိခင်ကို အမွေးတိုင်ယူခိုင်းပြီး ကျွန်ုပ်ကို ခြတောင်ပို့ရှိရာသို့ ခေါ်ဆောင်သွားလေသည်။

ခြတောင်ပို့သို့ ရောက်သောအခါ ကျွန်ုပ် သုံးရက်ခန့်က လဲကျခဲ့သောနေရာကို ကြည့်လိုက်မိသည်။ ကျွန်ုပ်ခန္ဓာကိုယ်လဲကျရာနေရာကို မတွေ့ရဘဲ တိုး၍လာသော ခြတောင်ပို့မြေကြီးအသစ်များကို တွေ့လိုက်ရချေ၏။

"လူကလေးလဲတာ ဘယ်နေရာလဲ"ဟု ကျွန်ုပ်အဘိုးမေးသည်ကို ကျွန်ုပ်တွေတွေလေးကြည့်ရင်း နေရာမပြနိုင်ချေ။ ကျွန်ုပ်အဘိုး ယခင်က ခြတောင်ပို့ကာခဲ့သော ဝါးအကာများပင် ခြတောင်ပို့ထဲတွင်မြုပ်၍ အစအနများသာ တွေ့လိုက်ရသည်။ ကျွန်ုပ်အဘိုးသည် အမွေးတိုင်ကို မီးထွန်းပြီး ခြတောင်ပို့ပေါ် စိုက်လိုက်သည်။ ပြီး. . အဘိုးပါးစပ်မှ တတွတ်တွတ်ရွတ်နေလေသည်။ ရွတ်ပြီးမှ





ကျွန်ုပ်ကို ကြည့်၍. .

"ကဲ. . လူကလေးရောဂါ ပျောက်သွားပြီ။ နောင် သည်နေရာကိုမလာနဲ့ လူကလေး။ ခြတောင်ပို့နင်းမိရင် ယားလိမ့်မယ်"ဟု ကျွန်ုပ်အဘိုးသည် ကျွန်ုပ်ကိုပြောပြီး ခြတောင်ပို့ဘေးတွင် ဝါးများကို ထပ်၍ကာလိုက်လေသည်။ ကျွန်ုပ်သည် ခြတောင်ပို့ကို ကြည့်ရင်း ကျွန်ုပ်နှင့်ဆုံတွေ့ခဲ့သော ငှက်ကလေးကို သတိရနေမိလေသည်။

▶▶ ◀◀

ကျွန်ုပ်မိခင်သည် ထိုအချိန်မှစ၍ ခြတောင်ပို့ကို နေ့စဉ်မီးချပ်လျှင် အမွေးတိုင်များကို အမြဲတမ်းထွန်းလေတော့သည်။ ထိုစဉ်က ကျွန်ုပ်ဖခင်သည် လယ်မပိုင်ဆိုင်သော်လည်း လယ်စာရင်းငှားလုပ်ခြင်း၊ မိခင်က ဈေးရောင်းခြင်းဖြင့် ကျွန်ုပ်တို့မိသားစုစားဝတ်နေရေးကို ရုန်းကန်နေရလေ၏။

ထိုစဉ် ကျွန်ုပ်ဖခင်သည် လယ်ထွန်ရာမှ မမျှော်လင့်ဘဲ တစ်ကျပ်သားခန့်ဆွဲကြိုးတစ်ကုံးကို ရရှိခဲ့လေသည်။ ထိုလယ်သည် ပိုင်ရှင်လက်များခဲ့သလို စာရင်းငှားလည်း များခဲ့လေသည်။ နှစ်စဉ် လယ်ထွန်ခဲ့သော်လည်း မည်သည့်စာရင်းငှားမှ ထိုလယ်မှ ရွှေရှိသည်ဟု မကြားခဲ့ဖူးချေ။ ထို့ကြောင့် ကျွန်ုပ်၏ဖခင်သည် ထိုရွှေကို ရောင်း၍ အလှူဒါနပြုလုပ်ခြင်းနှင့်အတူ ကျွန်ုပ်အဘိုးဆောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော အိမ်အိုကြီးကို ပြန်၍အသစ်ဆောက်ခဲ့လေသည်။

ထိုမှစ၍ ကျွန်ုပ်တို့မိသားစုသည် နေနိုင်စားနိုင်သည့် အပြင် နှစ်စဉ် ယခင်ကမထားနိုင်ခဲ့သော မိုးတွင်းစာအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ပဲများကို သိုလှောင်နိုင်ခဲ့လေသည်။ ကျွန်ုပ်မိခင်သည် ယခင်ကလို အရပ်တကာလှည့်၍ ဈေးရောင်းချခြင်းအလုပ်ကို မလုပ်တော့ဘဲ ကျွန်ုပ်တို့အိမ်မှာပင် အိမ်ဆိုင်အဖြစ် ဈေးတည်ရောင်းချနိုင်ခဲ့လေသည်။

ကျွန်ုပ်မိခင်သည် နေ့စဉ်မပြတ် ထိုခြတောင်ပို့ကို ဆီမီးထွန်းခြင်း၊ အမွှေးနံ့သာများပက်ခြင်းတို ပြုလုပ်မြဲပြုလုပ်လေသည်။ တစ်နေ့ ကျွန်ုပ်ဖခင်သည် အကြွေးမဆပ်နိုင်၍ တန်ဖိုးညှိပြီးပေးလိုက်သော စားခွက်နှိုက်အရွယ် ဝက်ပေါက်လေးကို ကြိုးဖြင့်ချည်ပြီး အိမ်သို့ဆွဲလာလေသည်။ ထိုဝက်လေးသည် တစ်လမ်းလုံး တအီအီအော်ရင်း ရုန်းကန်၍ လိုက်လာလေသည်။ အိမ်သို့ရောက်သော အခါ ဝက်အော်သံကြောင့် ကျွန်ုပ်မိခင်က မေးလေသည်။

“ကိုဘဝေ. . ရှင် ဒီဝက်ကို မွေးမလို့ ဝယ်လာတာလား”

“ဝယ်လာတာမဟုတ်ဘူး မတော။ ကိုအုန်းညိုက တို့ဆီကယူထားတဲ့ကြွေးတွေ မဆပ်နိုင်လို့ တို့ကိုအားနာပြီး ဝက်ကို တန်ဖိုးဖြတ်ပြီး ပေးလိုက်တာ။ ဝယ်သူရှိရင် ပြန်ရောင်းလိုက်မယ် မတော”

ကျွန်ုပ်ဖခင်သည် ပြောပြောဆိုဆို ထိုဝက်ကလေးကို တိုင်တွင် ကြိုးချည်ပြီး ထမင်းရည်နှင့်ထမင်းကို ကျွေးလေသည်။ ထို





ဝက်လေးသည် အားရပါးရစားပြီး တအီအီအော်မြည်နေလေသည်။

ထိုဝက်လေးရောက်ပြီး ကျွန်ုပ်တို့တစ်ခြံလုံး ဝက်အော်သံက နေ့စဉ်ဟိန်းနေလေသည်။ ထို့ကြောင့် ကျွန်ုပ်မိခင်သည် နားမခံသာ၍ အစာကျွေးသော်လည်း ဝက်လေးက အော်မြဲအော်နေသည်။ ထိုဝက်၏အော်မြည်သံကြောင့် ကျွန်ုပ်ဖခင်သည် ဝက်ကလေးကို ရောင်းချရန် အရပ်ထဲသို့ စပ်ဟပ်ကြည့်လေသည်။

ဝက်ဝယ်သူများ အသီးသီးလာကြသော်လည်း ဘာကြောင့်မှန်းမသိ၊ ထိုဝက်ကလေးကိုကြည့်ပြီး ကြိုက်နှစ်သက်ခြင်းမရှိချေ။ နောက်ဆုံး ကျွန်ုပ်ဖခင်သည် ဈေးမတည့်၍ ကျန်နေသော ဝက်ကလေးကိုကြည့်ပြီး “အကျိုးပေးမယ့်ဝက်ကလေး”ဟု ကျွန်ုပ်မိခင်ကိုပြော၍ ဘယ်သူလာဝယ်ဝယ် လုံးဝမရောင်းတော့ချေ။

ထို့ကြောင့် ထိုဝက်ကလေးထားရန် ဝက်စင်ဆောက်ဖို့ နေရာရှာလေ၏။ ကျွန်ုပ်တို့ခြံကြီးသည် သီးပင်စားပင်နှင့် ရာသီပင်များကြောင့် ဝက်စင်ဆောက်ရန် နေရာလွတ်မရှိဖြစ်နေသည်။ နောက်ဆုံး ကျွန်ုပ်ဖခင်သည် အိမ်ရှေ့ခြံထောင့်ရှိ ခြတောင်ပို့နှင့်မနီးမဝေး မြေလွတ်ကလေးတွင် ဝက်စင်ဆောက်လေသည်။ ဝက်စင်ဆောက်ပြီး ဝက်လေးကိုထားသောအခါ ဝက်လေးသည် ယခင်ကလို ဆူညံစွာမအော်မြည်တော့ချေ။

ကျွန်ုပ်မိခင်၊ ဖခင်တို့သည် စီးပွားရေးတဖြည်းဖြည်းတိုးတက်လာသဖြင့် လုပ်ငန်းများတိုးချဲ့ရာတွင် ကျွန်ုပ်ဖခင်သည် နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဝက်များဝယ်၍ မွေးမြူရာ ယခင်ဝက်လေးတစ်ကောင်တည်း ထားခဲ့သော ဝက်စင်က ကျဉ်းမြောင်း၍လာလေသည်။

ထို့ကြောင့် ဝက်စင်ကို တိုးချဲ့ဆောက်လုပ်ရာ နောက်ဆုံး ဝက်စင်နှင့် ခြတောင်ပို့ သုံးလေးတောင်သာ ဝေးကွာတော့သည်။ ဝက်ကောင်ရေမည်မျှတိုးတိုး အစာဆာချိန်သာ တအီအီအော်မြည် တောင်းသော်လည်း ကျန်သည့်အချိန်တွင် ဝက်များတိတ်ဆိတ်နေသည်။ ဝက်များမွေးထားသည်ဟု မယုံကြည်ကြချေ။

ထိုစဉ် မမျှော်လင့်သောအဖြစ်များကြောင့် ကျွန်ုပ်တို့ မိသားစု ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားဟု မသိချေ။ တစ်ည ထိန်ထိန်သာနေသောလရောင်ကြောင့် ကျွန်ုပ်နှင့် ကျွန်ုပ် ညီမလေးတို့သည် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်၍ ဆော့ကစားနေကြသည်။ ထိုစဉ် ကျွန်ုပ်ညီမလေးသည် ခြတောင်ပို့ဘက်သို့ကြည့်၍ ကျွန်ုပ်ကိုလက်တို့ပြီး လက်ညှိုးထိုး၍ ပြလေသည်။ ကျွန်ုပ်သည် ညီမလေးလက်ညှိုးထိုးပြရာသို့ ကြည့်လိုက်မိသည်။ ဘာမျှမတွေ့ရချေ။ သစ်ရိပ်၊ ဝါးရိပ်ကြားမှ ထိုးဖောက်ထွက်လာသော လရောင် အလင်းတန်းသာ တွေ့ရ၏။

ကျွန်ုပ်ညီမလေးသည် ရုတ်တရက် ခြတောင်ပို့ရှိရာသို့ အပြေးကလေးသွားနေသဖြင့် ကျွန်ုပ်ပါ နောက်ကပြေးလိုက်ရလေသည်။ ကျွန်ုပ်ညီမလေးသည် ခြတောင်ပို့နှင့် ဝက်စင်ခြားသော လမ်းပေါ်မှ တစ်စုံတစ်ခုကောက်ယူနေသည်ကို တွေ့လိုက်ရလေ၏။



ကျွန်ုပ်သည် စိတ်ဝင်စားမိသဖြင့် ညီမလေးကောက်ယူပြီး လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသောအရာကို ဖြေ၍ ကြည့်လိုက်မိသည်။ ကျွန်ုပ် အလွန်တစ်ရာ အံ့သြသွားမိချေ၏။ အဘယ့်ကြောင့်ဆိုသော် လရောင်ကြားမှ ဝင်းလဲ့စွာပေါ်လာသော ဆွဲကြိုးတစ်ကုံးကြောင့်ဖြစ်လေသည်။ ကျွန်ုပ်သည် ညီမလေးကို ခေါ်ပြီး မိခင်ထံသို့ သွားပြမိလေသည်။

ကျွန်ုပ်မိခင်သည် ဆွဲကြိုးကိုကြည့်ပြီး လက်ဖြင့်ချိန်ဆ ကြည့်လေသည်။ ပြီး. . "ဘယ်ကရလာသလဲ"ဟုမေးရာ ကျွန်ုပ်က အဖြစ်အပျက်ကိုပြောပြရာ ကျွန်ုပ်မိခင်သည် အံ့သြသွားလေသည်။ ထို့ကြောင့် ဆွဲကြိုးကို ဆွဲယူပြီး "ဘယ်သူ့မှမပြောရ"ဟု ကျွန်ုပ်နှင့် ညီမလေးကို နှုတ်ပိတ်ထားခိုင်းလေသည်။

ကျွန်ုပ်သည် ထိုအဖြစ်ကို မေ့မေ့လျော့လျော့ရှိနေသော်လည်း ကျွန်ုပ်ညီမလေးက မမေ့ချေ။ ထို့ကြောင့် ကစားဖော်များကို ပြောပြရာမှ အိမ်နီးချင်းများသိပြီး ကျွန်ုပ်မိခင်ကို မေးကြလေသည်။ ကျွန်ုပ်မိခင်က အတန်တန်ငြင်းဆိုလေသည်။ နောက်ဆုံး ကျွန်ုပ် ဖခင်သိပြီး ဆွဲကြိုးကို သိမ်းထားရာမှထုတ်ကြည့်စဉ် ကောက်ရစဉ် က ရွှေရောင်တဖိတ်ဖိတ်တောက်ခဲ့သောဆွဲကြိုးသည် ရွှေအစစ် မဟုတ်ချေ။ မည်းညစ်သောအရောင်နှင့်သာ တွေ့ရလေသည်။

ကျွန်ုပ်မိခင်သည် ညီမလေးကို စိတ်ဆိုးမိသော်လည်း မသိ နားမလည်သောအရွယ်မို့ ခွင့်လွှတ်ကာ ထိုဆွဲကြိုးကိစ္စကို မေ့ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်လေသည်။ မျှားမကြာမီရက်ပိုင်းအတွင်း ကျွန်ုပ်မိခင်သည် အိပ်မက်မက်ကြောင်း ကျွန်ုပ်တို့မိသားစုကို ပြောပြလေသည်။

"နင်တို့ကောင်းစားဖို့ အစမ်းပေးကြည့်တာ။ စည်းမစောင့်ဘူး မဟုတ်လား။ ခုလည်း ဝက်စင်ကို ငါ့အနားမှာထားတယ်။ မကြိုက်ဘူး။ ဝေးဝေးထား"ဟု အိပ်မက်ထဲတွင် အမျိုးသမီးတစ်ယောက်ကပြောကြောင်း ပြောပြလေသည်။ ထိုအခါ ကျွန်ုပ်ဖခင်သည် မိခင်ကိုကြည့်၍. .

"မတောရယ်. . စိတ်စွဲလမ်းလို့ အိပ်မက်မက်တာပါ။ မင်းအိပ်မက်ထဲ ငါ့ဝက်တွေပါလာတာက သဘာဝမကျဘူး"

ကျွန်ုပ်ဖခင်သည် အိပ်မက်မက်ခြင်းကို လုံးဝယုံကြည်သူမဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်မိခင်သည် ရုတ်တရက် မျက်နှာညှိုးငယ်သွားလေသည်။

"ဒီလိုတော့မပြောပါနဲ့ ကိုဘဝေရယ်။ အိပ်မက်ပေးတယ်ဆိုတာ အကြောင်းတစ်ခုခု ပူးတော့ထူးလိမ့်မယ်ထင်တယ်"

ကျွန်ုပ်မိခင်သည် ဖခင်ကိုမပြောသာ၍သာနေသော်လည်း အိပ်မက်မက်ပြီးကတည်းက ချက်နှာရွှင်ရွှင်မျှမျှမရှိတော့ချေ။ ကျွန်ုပ်နှင့် ညီမလေးကလည်း မိခင်မျက်နှာကိုကြည့်၍ စိတ်မကောင်းဖြစ်မိလေသည်။

ထိုနေ့မှစ၍ ကျွန်ုပ်မိခင်ကို အိပ်မက်မပေးတော့ချေ။ ကျွန်ုပ်မိခင်သည် ဖခင်ပြောသကဲ့သို့ အစွဲအလမ်းကြီး၍ အိပ်မက်မက်



ခြင်းသာဖြစ်သည်ဟု ကျွန်ုပ်လည်းထင်လိုက်မိပါသည်။ သို့သော် ကျွန်ုပ်သည် ဌာနတစ်ခုတွင် ဝန်ထမ်းအဖြစ် တာဝန်ကျရာသို့ သွားရောက်နေသဖြင့် ကျွန်ုပ်သည် မိသားစုနှင့် ခြံကြီးကို ကင်းကွာခဲ့ရလေသည်။ သို့သော် နောက်ဆက်တွဲဖြစ်ရပ်ကို ကျွန်ုပ်ဆက်၍ သိရှိခဲ့ရပေသည်။

►► ◄◄

ကျွန်ုပ်တာဝန်ကျရာနယ်ရောက်ပြီး နှစ်နှစ်ကျော်ခန့်အကြာတွင် ဖြစ်လေသည်။ ကျွန်ုပ်ဖခင်ကြီးသည် ပွားများလာသောဝက်များအတွက် နေရာလွတ်မရှိ၍ ဝက်စင်ကို မြတောင်ပို့ဘေးတွင် ကပ်၍ဆောက်လိုက်လေသည်။

ကျွန်ုပ်မိခင်သည် စိုးရိမ်တကြီးဖြင့် အတန်တန်တားသော်လည်း မရတော့ချေ။ ကျွန်ုပ်ဖခင်က နားမဝင်ဘဲ ဝက်များကိုသာ တိုးချဲ့မွေးမြူလေသည်။ ကျွန်ုပ်ဖခင်မွေးသမျှ ဝက်များသည် သားပေါက်ရာတွင် ဝက်ချောဝက်လှဖြစ်ပြီး အမျိုးကောင်းသဖြင့် စားခွက်နှိုက်အရွယ်ကပင် ဝယ်ယူသူများ၊ ကြိုတင်မှာသူများကို ကြိုက်ဈေးဆို၍ ရောင်းရသဖြင့် အမြတ်အစွန်းများစွာရလေသည်။ ကျွန်ုပ်ဖခင်သည် နေ့စဉ် ဝက်များကိုကြည့်ပြီး ထွက်လာမည့်ငွေကို စိတ်တွက်တွက်၍ ပီတိဖြစ်နေသည်။

"မတောရေ. . ဒီတစ်သုတ်ထုတ်ရောင်းလိုက်ရင် တို့အတွက်

www.burmeseclassic.com



မနည်းဘူး အမြွတ်ကျန်မှာ။ အစာတော့ ဂရုစိုက်ကျွေး။ ခုကြည့် စမ်း. . ကြွေးတိုးကြောင့် တို့စီးပွားဖြစ်လာတယ်ဆိုရင် မမှားဘူး မိတောရေ”

ကျွန်ုပ်ဖခင်ပြောသော ကြွေးတိုးအမည်ရှိဝက်မှာ ကိုအုန်း ညို ကြွေးမကျေ၍ တန်ဖိုးဖြတ်ပေးလိုက်သော ပထမဆုံးဝက်ဖြစ် လေသည်။ ကျွန်ုပ်ဖခင်သည် နေ့စဉ် ချေးသေးမကျန် ဝက်များကို ဂရုစိုက်သော်လည်း ကျွန်ုပ်မိခင်မှာ ဝက်များကိုကြည့်၍ ရင်ထိတ် နေရှာလေသည်။

တစ်နေ့ ကျွန်ုပ်ဖခင် အရိပ်တကြည့်ကြည့်နှင့် မွေးထား သော ကြွေးတိုးသည် ဘာရောဂါဖြစ်သည်မသိ။ ရုတ်တရက် သေ နေသည်ကို တွေ့ရ၍ ကျွန်ုပ်ဖခင် ပူဆွေးသောကဖြစ်သွားလေ သည်။ ထို့နောက် ကြွေးတိုး၏အသားကို မရောင်းချဘဲ မြေမြှုပ် လိုက်လေသည်။ မကြာမီ ဝက်များသည် နေမကောင်းခြင်း၊ အစာ မစားနိုင်ခြင်းများကို ဆက်တိုက်တွေ့ရ၍ ကျွန်ုပ်ဖခင်စိုးရိမ်သွား လေသည်။

ထို့ကြောင့် သင့်ရာဆေးမြီးတိုများဖြင့် တတ်အားသမျှ ကုသသော်လည်း မရတော့ချေ။ သုံးလေးရက်ခြား ဝက်တစ်ကောင် ချင်း သေကုန်လေသည်။ ကျွန်ုပ်ဖခင်သည် ဝက်သေများကိုကြည့် ပြီး အရူးတစ်ပိုင်းနှင့် ယူကျုံးမရ ဖြစ်နေရှာလေသည်။

“ကိုယ့်စိတ်ကို ကိုယ်ဖြေပါ ကိုဘဝေရယ်။ သတ္တဝါတစ်ခု၊



ကံတစ်ခုမဟုတ်လား”

ကျွန်ုပ်မိခင် မည်သို့ပင်နားချချ ဖခင်နားမဝင်တော့ချေ။ နေ့စဉ် ဝက်စင်ကိုကြည့်၍ ဖခင်မျက်ရည်ဝဲနေရှာသည်။ ကျွန်ုပ်ဖခင် စိတ်တွက်ဖြင့်တွက်ခဲ့သော ဝက်များက တိုးပွားမလာဘဲ ရောဂါဖြစ် ၍ သေဆုံးသည့်အဖြစ်ကို စဉ်းစားမရဖြစ်နေရှာသည်။

တစ်နေ့ ကျွန်ုပ်ဖခင်သည် ဘာစိတ်ကူးပေါက်သည်မသိ။ ကျွန်ုပ်မိခင်မသိအောင် ခြတောင်ပို့ကို တစ်နေကုန် တူရွင်းဖြင့်တူး ဖော်လေသည်။ ခြတောင်ပို့တစ်ခြမ်းပင် ကုန်သလောက်ရှိပြီး ခြ တောင်ပို့အတွင်းမှ ခြမကြီးကိုပင် တွေ့ရသည်ဟု ဆိုလေသည်။ ကျွန်ုပ်မိခင်သိသောအခါ အချိန်လွန်ခဲ့လေပြီ။ ကျွန်ုပ်ဖခင်သည် သည်မျှဖြင့် ရပ်တန့်မနေ။ ဝက်စင်ကိုပါ အပြီးအပိုင်ဖျက်ချလိုက် လေသည်။

ကျွန်ုပ်ဖခင်သည် အဖျားအနာမလွတ်သော ဝက်များကို ရောင်းချသော်လည်း ဝက်ဝယ်မည့်သူက ဝက်နာအကြောင်းပြ၍ မဝယ်တော့ချေ။ ထို့နောက် ကျွန်ုပ်ဖခင်သည် အရူးကြီးသဖွယ် ငေးငိုင်၍ ဘယ်သူ့ကိုမှစကားမပြောတော့ဘဲ အိမ်တွင်းအောင်း၍ နေထိုင်လေသည်။ ကျွန်ုပ်မိခင်သည် ဖခင်ကိုစိတ်မချ၍ အနီးကပ် ပြုစုနေရလေသည်။

“မတော. . ငါ ညက အိပ်မက်မက်တယ်ဟ”

ကျွန်ုပ်ဖခင်၏ မထင်မှတ်သောစကားကြောင့် မိခင်အလွန်

www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်သွားလေသည်။ စိတ်အစွဲအလမ်းကြောင့် အိပ်မက်မက်သည်ဟု ယုံကြည်ထားသော ကျွန်ုပ်ဖခင်၏စကားသံက အထူးအဆန်းဖြစ်နေလေသည်။ ထို့ကြောင့် ကျွန်ုပ်မိခင်ကစိုးရိမ်ပြီး ကမန်းကတန်းမေးလိုက်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် ခြတောင်ပို့နှင့်ပတ်သက်သောအဖြစ်တို့ ကျွန်ုပ်မိခင်၏ရင်ထဲတွင် ရှိနေသည်မဟုတ်ပါလား။

"ဘာတွေအိပ်မက်မက်လို့လဲ ကိုဘဝေ။ ပြောစမ်းပါဦး"

"ငါသိပ်မှားသွားပြီ မတော။ သူများအသိုက်အမြုံဖျက်ဆီးလို့ . . ငါ . . သိပ်မှားသွားပြီ။ ညက ငါ့ဆီ မိန်းမတစ်ယောက်လာတယ်။ ငါ့ကိုယည်းတွေ့ရော နင်တို့တို ပေးမလို့လာတာ။ နင်တို့သစ္စာမရှိ ကြဘူးတဲ့။ အဲဒါကြောင့် . ."

ကျွန်ုပ်ဖခင်အိပ်မက်သည် ရိုးရှင်းစွာပြီးဆုံးခဲ့သော်လည်း ကျွန်ုပ်မိခင်စိတ်မကောင်းဖြစ်မှာစိုး၍လားမသိ။ စကားဆက်မပြောတော့ဘဲ ခြတောင်ပို့ရှိရာသို့ ငေးစိုက်ကြည့်နေလေသည်။

ကျွန်ုပ်ဖခင်တူးဖော်မှုကြောင့် ခြတောင်ပို့တစ်ခြမ်းကျော်ပျက်စီးခဲ့သည်။ သို့သော် . . ကျွန်ုပ်ငယ်စဉ်က ငှက်လိုက်ရင်း လဲကျ၍ ခြတောင်ပို့နေရာပျက်သဖြင့် သုံးလေးရက်အတွင်း ခြတောင်ပို့အစားထိုးခဲ့သော်လည်း ကျွန်ုပ်ဖခင်တူးဖော်မှုကြောင့် ပျက်စီးခဲ့သောခြတောင်ပို့က ခြများလုံးဝအစားမထိုးဘဲ တည်ရှိနေသည်။

ကျွန်ုပ်ဖခင်နှင့်မိခင်တို့သည် ငယ်စဉ်ကတည်းက သံယော





ဇဉ်ကြီးမားစွာဖြင့် နှစ်ဦးသဘောတူ တစ်အိုးတစ်အိမ်ထူထောင်ကြသူများဖြစ်ကြသည်။ ကျွန်ုပ်တို့ သားသမီးများ အရွယ်ရောက်သည့်တိုင် ကျွန်ုပ်ဖခင်နှင့်မိခင်သည် စကားခွန်းကြီးခွန်းငယ် ပြောဆိုရခြင်းမရှိခဲ့ပေ။ ယခုအခါ ကျွန်ုပ်ဖခင်နှင့်မိခင်တို့ အချင်းများကြလေသည်။

ထို့ပြင်မက ကျွန်ုပ်တို့ခြံဝင်းကြီးထဲမှာပင် ယခင်ကရှိခဲ့သော အိမ်ထောင်ပစ္စည်းများကို တစ်ဝက်စီခွဲရုံမက အိမ်ပါခွဲပြီး တစ်ဦးစီသီးခြားနေထိုင်ကြလေသည်။ ပြီး . . တစ်ဦးနှင့်တစ်ဦး မကြည့်ချင်လောက်အောင် မုန်းတီးသွားကြလေသည်။

ကျွန်ုပ်နှင့် မွေးချင်းများသည် ဖခင်ဘက်သို့မလိုက်၊ မိခင်ဘက်သို့မလိုက်ဘဲ မိခင်၊ ဖခင်အိမ်များတွင် အလျဉ်းသင့်သလိုနေထိုင်ကြလေသည်။ ကျွန်ုပ်ဖခင်နှင့်မိခင် ကွဲကွာနေခဲ့သည်က နှစ်ပင်အတန်ကြာခဲ့ချေပြီ။

ကျွန်ုပ်သည် ကျွန်ုပ်တို့မိသားစုအဖြစ်အပျက်များကို တွေးရင်း ခြံထောင့်ရှိ ကုက္ကိုပင်အောက်မှ ခြတောင်ပို့ကို အလိုလိုမြင်ယောင်လာမိလေသည်။ ခုတော့ ကျွန်ုပ်ဖခင်က ကွယ်လွန်ခဲ့ချေပြီ။ ကျွန်ုပ်မိခင်တစ်ဦးသာ ထိုခြံကြီးထဲတွင် နေထိုင်လျက်ရှိလေသည်။

ထူးဆန်းသည်က ခြံထောင့်ရှိခြတောင်ပို့ကြီးသည် အလိုလိုပျောက်ကွယ်ပြီး ခြတောင်ပို့အစအနပင် မတွေ့ရတော့ချေ။ ကျွန်ုပ်သည် ငယ်စဉ်က အဘိုးပြောခဲ့သော "သူများအသိုက်အမြုံ



www.burmeseclassic.com

www.burmeseclassic.com



မဖျက်ကောင်းဘူး" ဟူသော စကားသံနှင့်အတူ ကျွန်ုပ်ဖခင်သည် ထိုခြတောင်ပို့ကို တူးဖော်ဖျက်ဆီးခဲ့သည့်အပြင် ခြတောင်ပို့အောက်တွင် ဝက်မွေးခဲ့၍လားမသိ။ ကျွန်ုပ်မိခင်နှင့် အသက်ကြီးမှ အိမ်ထောင်ကွဲပြီး စီးပွားပျက်ခဲ့သည့်ဖြစ်ရပ်ကို ကျွန်ုပ်အသက်ရှင်သမျှ မေ့နိုင်တော့မည် မဟုတ်တော့ချေ။ ။

ဇလွန်ကျော်ဦး

(ရွှန်ပန်းမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၅ခုနှစ်)





# ဓနုတ်ဟိက်းဇော်

## ဂူမှတ်မီးလျှံနှင့် ရေသူမကျိန်စာ

အမည်ရင်း - [illegible] (၁၉၅၇) ခု
နှစ်၊ [illegible] (၁၉၉၄) ခုနှစ်တွင် စာပေလောက
သို့ဝင်ရောက်ခဲ့ပြီး (၁၉၉၇) ခုနှစ်မှာ "မ.ဆ.သ. [illegible]" "[illegible]" ကျော်
[illegible] [၃၀၀] ကျော်
[illegible]
[illegible] စာပေများ ရေးသားလျက်ရှိသည်။

ဓနုတ်ဟိက်းဇော်
၂၅-၅-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com

*ပိုက်ကိုဖော်ကြည့်လိုက်စဉ် ဦးတိုးစိန်တစ်သက်မှာ အံ့သြမယုံကြည်နိုင်လောက်အောင် ညက အိပ်မက်ထဲက အတိုင်း အချိန်နှစ်ဆယ်ကျော်ခန့်ရှိ ရေသူမတစ်ကောင်ကို ပိုက်ထဲမှာ ဖမ်းမိနေလေ၏။ ပြီးတော့ အိပ်မက်ထဲတွင် ၎င်းရေသူမပြောခဲ့သည့်အတိုင်း ငါးများဖြင့်လည်း ပိုက်တစ်ခု လုံး ပြည့်လျှံနေတော့၏။*



## ရမ္မက်မီးလျှံနှင့် ရေသူမကျိန်စာ

အခုတစ်လော ဦးတိုးစိန်တို့ ပိုက်ဝမ်းပိတ်ရသည်မှာ အခြေအနေသိပ်မကောင်း။ မိုးကလည်း အတော်လေးပါးနေသဖြင့် ထင်သလောက် ငါးများလည်းမတိုးချေ။ ထို့ကြောင့် ဦးတိုးစိန်နှင့် တကွ ပိုက်သူပိုက်သားအားလုံး စိတ်ညစ်နေကြရလေ၏။

စိတ်မညစ်လည်း ခံနိုင်ရိုးလား။ ပိုက်သူကြီးဦးတိုးစိန် အတွက်က တော်သေးသည်။ မတော်တာက ဦးတိုးစိန်ထံတွင် နေ့စားဖြင့် ပိုက်အငှားလိုက်ပေးသူများပင်ဖြစ်သည်။ ၎င်းတို့က ဘစ် နေ့လုပ်မှ တစ်နေ့စားပင်ဖြစ်သောကြောင့် တံငါသမားဘဝမှာ ဆို ရိုးရှိသည့်အတိုင်း လှေဦးစိုမှ ဝမ်းစိုသလို လှေဦးခြောက်တော့ ဝမ်း လည်းခြောက်ရတော့မည့်အခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လှိုင်နဲ့ဝင်းဗို၊ ဒီတစ်ရေကျပြီးရင် ပိုက်တွေအပြီး သိမ်းတော့ကွာ။ ငါအိမ်ပြန်နှင့်မယ်"

ဦးတိုးစိန်က ၎င်း၏အလုပ်သမားတို့ကို စိတ်ပျက်လေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ မကြာမီမှာပင် ဦးတိုးစိန်တစ်ယောက် ပစ္စည်းပစ္စယတို့ကို ပီနံအိတ်ဖြင့်ထည့်ယူထမ်းပိုးကာ အိမ်ရှိရာသို့ ပြန်ခဲ့လေ၏။

ဦးတိုးစိန်နေထိုင်ရာအိမ်နှင့် ပိုက်ဝမ်းပိတ်သောဖောင်တဲ က အတော်လေးတော့လှမ်းသည်။ တစ်မိုင်လောက်တော့ ရှိမည်ထင်၏။ ထိုခရီးကို နေ့စဉ်နှင့်အမျှ ခေါက်တုံ့ခေါက်ပြန်သွားနေရသဖြင့် ဝေးသည်ဟုတော့ မဆိုသာ။ ဦးတိုးစိန်တို့လို တံငါသမားတွေအတွက် ဤခက်ခဲမှုက ထမင်းစားရေသောက်သလိုသာရှိပြီး ဤအလုပ်နှင့် ဦးတိုးစိန်အသက်မွေးခဲ့သည်မှာလည်း နှစ်သုံးဆယ်ပင်ကျော်လေပြီ။

စီးပွားရေးမှာ အရမ်းအငှပြေလည်ကြီးမဟုတ်သော်လည်း ဦးတိုးစိန်တို့ရွာလေးတွင်တော့ ဦးတိုးစိန်တို့မိသားစု လူနေမှုအဆင့် က အလယ်အလတ်တန်းမှာရှိသည်ဟု ဆိုရမည်။

"ဒီနေ့ အိမ်ပြန်စောလှချည်လားအစ်ကို။ ငါးသိပ်မတိုးဘူး နဲ့ တူတယ်"

အိမ်သို့ရောက်ရောက်ချင်း ဇနီးသည်က ဦးတိုးစိန်ကို အနည်းငယ်စိတ်ပျက်လေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်မစောလှ။ မိုးလိုက်သိပ်မကောင်းတော့ ဒီရက်





အတွင်း ငါးလည်း ထင်သလောက်မဆွဲကြဘူး။ မောင်လှိုင်တို့အဖွဲ့ ကို ဒီတစ်ရေပြီးရင် ပိုက်ပြန်သိမ်းခဲ့ဖို့တော့ မှာခဲ့တယ်"

ဦးတိုးစိန်က ရှင်းပြပြီး ပက်လက်ကုလားထိုင်ပေါ် ခြေပစ် လက်ပစ်ထိုင်ချလိုက်သည်။ ပြီးမှ ဇနီးသည်ကို လှမ်းပြောလိုက်သည်။

"ထမင်းဝိုင်းပြင်တော့ မစောလှရာ။ ထမင်းစားပြီးရင် အစ်ကိုစောစောအိပ်ရာဝင် အနားယူတော့မယ်"

ထိုညနေက ဦးတိုးစိန်သည် ထမင်းစားပြီးနောက် ဒီမှန် တကယ်ပင် စောစောအိပ်ရာဝင်ဖြစ်ခဲ့လေ၏။

ညဉ့်နက်ပိုင်းသို့ရောက်သောအခါ ဦးတိုးစိန်တစ်ယောက် အလွန်ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်လေသည်။ ထိုအိပ် မက်ထဲတွင် ငါးတစ်ပိုင်းလူတစ်ပိုင်းနှင့်ရှိနေသော ရေသူမတစ်ကောင် က ၎င်းအား ဦးတိုးစိန်ပိုက်ထဲသို့ မတော်တဆဖမ်းမိနေခဲ့လျှင် ၎င်းကိုပြန်လွှတ်ပေးရန် တောင်းပန်အသနားခံသည်။

ချောင်းရိုးထဲတွင်ရှိသည့် ငါးတွေအားလုံးကိုလည်း ဦးတိုး စိန်ပိုက်ဝမ်းထဲ အကုန်ဝင်အောင် မောင်းသွင်းပေးမည်ဟုပြောပြီး ပြုန်းခနဲ အိပ်မက်ထဲမှ ပျောက်ကွယ်သွား၏။

ဦးတိုးစိန်တစ်ယောက် အိပ်မက်မှ ရုတ်တရက်လန့်နိုးလာ ပြီး အိပ်မက်ထဲကအဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်သောအခါ လူတစ်သိန်းမှာတစ်ယောက်မရှိနိုင်သောအဖြစ်အပျက်မို့ ထိုထူး ဆန်းသော အိပ်မက်အား မယုံကြည်နိုင်လောက်အောင် ပါအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမိသည်။

ထိုညတစ်ညလုံး ဦးတိုးစိန်တစ်ယောက် ပြန်အိပ်မပျော်တော့သဖြင့် ငုတ်တုတ်ထိုင်စဉ်းစားကာ မိုးစင်စင်လင်းခဲ့ရတော့၏။ ထိုညက မှတ်မှတ်ရရ ဝါခေါင်လဆန်း(၁၄) ရက်ညပင်ဖြစ်သည်။

▶▶ ◀◀

နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဦးတိုးစိန်သည် ပိုက်ဝမ်းပိတ်ရာ ဖောင်တဲသို့ အရောက်သွား၏။ ချောင်းရိုးထဲတွင် ရေပြန်ကျချိန်နီးသဖြင့် ညကမောင်လှိုင်တို့အဖွဲ့ရုပ်သိမ်းထားခဲ့သော ပိုက်ကို ကမန်းကတန်း ချောင်းရိုးထဲသို့ ပြန်ချပိတ်လိုက်သည်။

ဒီနေ့ မောင်လှိုင်တို့တစ်ဖွဲ့လုံးနားမည်ဟု ညကတည်းက ကြိုတင်လာပြောထားခဲ့သဖြင့် ဦးတိုးစိန်တစ်ယောက်တည်း ပိုက်ဝမ်းပိတ်ရခြင်းဖြစ်သည်။ ညက အိပ်မက်ထဲကအတိုင်း အမှန်တကယ်ဖြစ်လာခဲ့မည်ဆိုလျှင်တော့ ဦးတိုးစိန်အတွက် သာ၍ကောင်းပေသည်။ နို့မဟုတ် မောင်လှိုင်တို့အဖွဲ့အား နေ့စားခပေးနေရဦးမည်။ ဦးတိုးစိန်သည် ထိုသို့တွေးရင်း ဆေးလိပ်ဖွာလိုက်၊ ရေနွေးကြမ်းသောက်လိုက်ဖြင့် ရေစစ်ချိန်ကို စောင့်နေတော့၏။

သို့ဖြင့် မကြာခင် ရေစစ်သွားသည့်အခါ ပိုက်ဖော်(ပိုက်ရှုပ်)ရန် ချောင်းရိုးထဲသို့ဆင်းသွားပြီး ပိုက်ကိုဖော်ကြည့်လိုက်စဉ် ဦးတိုးစိန်တစ်သက်မှာ အံ့ဩမယုံကြည်နိုင်လောက်အောင် ညက အိပ်မက်





ထဲကအတိုင်း အချိန်နှစ်ဆယ်ကျော်ခန့်ရှိ ရေသူမတစ်ကောင်ကို ပိုက်ထဲမှာ ဖမ်းမိနေလေ၏။ ပြီးတော့ အိပ်မက်ထဲတွင် ၎င်းရေသူမပြောခဲ့သည့်အတိုင်း ငါးများဖြင့်လည်း ပိုက်တစ်ခုလုံးပြည့်လျှံနေတော့၏။

ဦးတိုးစိန်တစ်သက်မှာ တစ်ကြိမ်မျှမကြုံဖူးသောအဖြစ်မို့ ဝမ်းလည်းဝမ်းသာ၊ အံ့လည်းအံ့ဩဖြင့်ရှိနေပြီး ၎င်းအဖြစ်အား ပြန်ပြောလျှင် ယုံနိုင်ဖွယ်တောင် ရှိကြလိမ့်မည်မထင်ချေ။

ထို့နောက် ဦးတိုးစိန်တစ်ယောက်တည်း ပိုက်ထဲမှငါးများကို မနိုင်မနင်းလှယ်ယူလိုက်သလို ဖမ်းမိထားသောရေသူမကိုလည်း လုံခြုံသောနေရာတွင် အုပ်ဆိုင်းထားလိုက်သည်။

ဦးတိုးစိန်သည် ၎င်းရရှိထားသောငါးများကို ဖောက်သည်အချို့အား အကြောင်းကြားပြီး ဖောက်သည်ပြန်သွင်းလိုက်သလို လူ့ဘဝ၊ လူ့လောကတွင် ကြောက်စရာအတောင်းဆုံးသော လောဘရမ္မက်ကြောင့် ၎င်းဖမ်းမိထားသော ရေသူမအား ပြန်လွှတ်ပေးလိုက်လျှင် အလွန်နှမြောစရာကောင်းသည်ဟုတွေးကာ ၎င်းရေသူမအား ခေါင်းမှဖြတ်၍ သတ်ပစ်လိုက်သည်။

ပြီးတော့ ရေသူမအသားတို့မှာ အချိန်နှစ်ဆယ်ကျော်ခန့်ရှိနေသဖြင့် ဦးတိုးစိန်နှမြောမည်ဆိုလည်း နှမြောစရာ။ ထို့ကြောင့် ဦးတိုးစိန်သည် ၎င်းရေသူမအသားကို လင်းပိုင်အသားအဖြစ် လိမ်ညာရောင်းချခဲ့သလို ၎င်း၏အဆီများကိုလည်း လင်းပိုင်ဆီအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာပြီး ချက်ရောင်းခဲ့ပြန်သည်။

သို့သော် ၎င်းအသားများ၊ အဆီများကို မည်သူမျှ ဝယ်ယူခြင်းမရှိကြသလို အလကားပေးတောင် ယူမည့်သူမရှိကြချေ။ အားလုံးက ရေသူမအသားဟု သိကြ၍ မဝယ်ယူခြင်းလည်း မဟုတ်ပါ။ အလွန်အံ့ဩစရာကောင်းသော ထိုထူးခြားချက်ကြောင့် ဦးတိုးစိန်သည် အနည်းငယ်စိုးရိမ်လာခဲ့သလို မိမိမှားသွားပြီလားဟုပင် သံသယဝင်လာမိတော့၏။

ဒီလိုဖြင့် ဝါခေါင်လပြည့် (၁၅) ရက်နေ့ည ရောက်သည့်အခါ ညဉ့်သန်းခေါင်ကျော်ကျော် ဦးတိုးစိန်အိပ်ပျော်နေသည့်အချိန် ၎င်းရေသူမက ဒုတိယမြောက် အိပ်မက်လာပေးလေတော့၏။

အိပ်မက်ထဲတွင် ၎င်းရေသူမသည် ၎င်းအားပိုက်ဖြင့်ဖမ်းမိနေခဲ့လျှင် ပြန်လွှတ်ပေးပါဟု အကြိမ်ကြိမ်တောင်းပန် အသနားခံခဲ့သော်လည်း ဦးတိုးစိန်သည် လောဘရမ္မက်ဖိစီးကာ ၎င်းအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သလို ချောင်းရိုးထဲရှိငါးများကို မောင်းသွင်းပေးခဲ့တာကိုတော့ယူပြီး ၎င်းအပေါ် အား ကတိသစ္စာမတည်ဘဲ ရက်စက်ယုတ်မာခဲ့သည်။ အဲဒီအတွက် ၎င်းဘဝ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရသလို ဦးတိုးစိန်တို့ သားစုမှာလည်း ၎င်းကဲ့သို့ ဒုက္ခအကြီးအကျယ်ရောက်စေရမည်ဟု အိပ်မက်ထဲတွင် ရေသူမကပြောပြီး ပျောက်ကွယ်သွားတော့၏။

သို့ဖြင့် ဦးတိုးစိန်တစ်ယောက် အိပ်မက်မှ လန့်နိုးလာပြီး





တစ်ကိုယ်လုံးဇောချွေးပြန်ကာ ချောက်ချားထိတ်လန့်နေတော့သလို သွေးသားလည်ပတ်မှုတွေလည်း ကပြောင်းကပြန်ဖြစ်နေသလားဟုပင် ထင်မိတော့၏။

"ဘုရား . . ဘုရား . . ငါ . . ငါ . . မှားပြီနဲ့တူတယ်"

ထိုကဲ့သို့ နှုတ်မှရေရွတ်ပြီးနောက် ဦးတိုးစိန်လည်ပင်းတစ်လျှောက်လုံး တင်းတင်းကျပ်ကျပ်ကြီးဖြစ်လာကာ တစ်စုံတစ်ခုနှင့် ဆွဲညှစ်ထားသလိုမျိုး ခံစားရသည်။ အသက်ရှူလည်းမဝချင်။ ပြီးတော့ ခန္ဓာကိုယ်တစ်ခုလုံးလည်း လေးလံလာလေ၏။ မကြာခဏ ချောင်းဆိုးတိုင်း ပါးစပ်ထဲမှ သွေးစက်တွေပါပါလာသလို အစာလည်း ကောင်းကောင်းစားမရတော့ချေ။

နောက်ဆုံးတော့ ဦးတိုးစိန်တစ်ယောက် အိပ်ရာထဲ ဘုန်းဘုန်းလဲရသည့်အခြေအနေသို့ ရောက်ရှိသွားလေတော့၏။

ထို့နောက် ဦးတိုးစိန်တို့မိသားစု (၅) ယောက်စလုံး အသည်းအသန်ဓနထိုင်မကောင်း တစ်ယောက်တစ်လှည့်ဖြစ်ကြပြီး ဘယ်ဆရာ၊ ဘယ်ဆေးဝါးမန္တယားနှင့်မျှလည်း မတိုးတော့ချေ။ ငွေတွေကုန်လိုက်သည်မှာလည်း သောက်သောက်လဲ။ နောက်ဆုံး ဦးတိုးစိန်တို့မိသားစုစီးပွားရေးတစ်ခုလုံး အစအနပင်မကျန်တော့လောက်အောင် ယိုင်လဲသွားပြီး ပြန်နာလန်မထူနိုင်ခဲ့တော့ချေ။

ထိုအခြေအနေသို့ ရောက်ရှိလာမှ ဦးတိုးစိန်တို့မိသားစု ဘဝပျက်ခဲ့ရသည်မှာ ရေသူမကျိန်စာကြောင့်ဟု တစ်ရွာလုံးတစ်စသိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရသည်။ ယုံကြည်ခဲ့ကြသည်။

ဆိုးရွားသော ထိုအခြေအနေနှင့်အတူ ဦးတိုးစိန်သားသမီး သုံးယောက်လုံး ဘာရောဂါမျှမရှိဘဲ မစားနိုင်၊ မအိပ်နိုင်ဘဝဖြင့် တပိန်ပိန်တလိမ်လိမ်ဖြစ်ကာ အသက်ဆုံးရှုံးသွားကြရရှာသည်။

နောက်ဆုံးတော့ ဦးတိုးစိန်သည်လည်း ၎င်းသားသမီးများ သွားရာလမ်းသို့ လိုက်သွားရပြန်တော့၏။ ၎င်းမသေခင် ဇနီးသည်ကို အကြောင်းစုံရှင်းပြပြီး မှာထားခဲ့သဖြင့် ၎င်းဇနီးသည်လည်း ၎င်းကွယ်လွန်ပြီး ရက်သတ္တပတ်အတွင်းမှာပင် ထိုအိမ်ကြီးအား ရောင်းချပြီး တခြားနေရာသို့ အပြီးတိုင်ပြောင်းရွှေ့သွားသောကြောင့် အသက်ဘေးမှ သီသီလေးလွတ်မြောက်သွားခဲ့သည်ဟု ဆိုရလိမ့်မည်။

သို့ရာတွင် ၎င်းတို့၏ဆိုးကျိုးအမွေများကို ဆက်ခံသူကတော့ ကိုဌေးလှိုင်တို့မိသားစုပင်ဖြစ်၏။ ဦးတိုးစိန်တို့အိမ်ကြီးက ဈေးတန်သည်ဟုဆိုကာ ထိုအကြောင်းအရာစုံကို မသိဘဲ ဝယ်ယူထားလိုက်သူဖြစ်သည်။

ပြောရလျှင် ရေသူမကျိန်စာက ဦးတိုးစိန်တို့မိသားစုကိုပင်မက ထိုအိမ်ကြီးနှင့်ထိုခြံဝိုင်းထဲရှိ ဆက်စပ်နေသမျှကိုပါ ကျိန်စာသင့်သျှက်ရှိစေသည်။

နောက်ဆုံးတော့ ကိုဌေးလှိုင်သည်လည်း ၎င်း၏သားလေး ကွယ်လွန်ဆုံးရှုံးပြီး ၎င်းတို့ဇနီးမောင်နှံနှစ်ယောက်စလုံး နေထိုင်





မကောင်းကြသည့်အခါမှပင် ထိုအကြောင်းစုံကို တစ်စွန်းတစ်စသိထားကြသော ရွာထဲမှ လူတချို့က အသိပေးလိုက်သောကြောင့် ကိုဌေးလှိုင်တို့မိသားစုသည်လည်း အသက်ဘေးမှ သီသီလေးလွတ်ကာ အခြားသို့ပြောင်းရွှေ့သွားကြတော့သည်။

ထူးဆန်းအံ့ဩစရာအတိဖြင့် မယုံကြည်နိုင်စရာကောင်းသော မိသားစုနှစ်စု၏ဖြစ်ရပ်နှင့်အတူ ယခုဆိုလျှင် ထိုအိမ်ကြီး၏သက်တမ်းမှာ နှစ်သုံးဆယ်ဝန်းကျင်ပင် ရှိလေပြီဖြစ်၏။

တစ်ရွာလုံးက ရေသူမကျိန်စာသင့်ထားသော အိမ်ကြီးအဖြစ် သတ်မှတ်ကာ ထိုအိမ်ကြီးနှင့် ခြံထဲသို့ မည်သူမျှ သွားလာနေထိုင်မဝံ့ကြဘဲ ရွာအလယ်ပိုင်းတွင်ရှိသော ထိုအိမ်ကြီးနှင့် ခြံကြီးအား တံခါးပိတ်လျက် ဒီအတိုင်းသာ ထားခဲ့ကြရလေသည်။ ။

(စာရေးသူနှင့် သွေးသားချင်း မကင်းသူတို့၏ ဖြစ်ရပ်မှန်ကို ဗဟုသုတဖြစ်စေရန် ရေးဖွဲ့ထားခြင်းဖြစ်ပါကြောင်း)

မနုတ်ဟိုက်းဇော်

ငွေပန်းမဂ္ဂဇင်း အမှတ် (၂) (၂၀၀၄ ခုနှစ်၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com



## မောင်တည်တုံ့

# သက်သေ

မောင်တည်တုံ့ (ယင်းတော်)

အစဉ်ည်ရင်းမှာ တင်မောင်ထိုက်၊ မန္တလေးတိုင်းဒေသကြီး ဘုယင်မြို့နယ်၊ ယင်းတော်မြို့မကျေးရွာတွင်၊ အဖေဦးသိန်းဖေ၊ အမေဒေါ်ကြင်ဖြင့်အေးတို့မှ (၁၀.၆.၅၇) ခုနှစ်တွင် မွေးဖွားခဲ့။ မွေးချင်းကိုးယောက်တွင် အကြီးဆုံးသား။ ရွာတွင် အခြေခံပညာ အထက်တန်း၊ အဆင့်ထိရှိသော အတန်းပညာ သင်ကြားခဲ့ပြီး၊ (၁၉၉၁) ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့။ အလုပ်တစ်ကယ်ဖြစ်ချင်ခဲ့သော ဆန္ဒမှာ [illegible] ဆရာ။ ဆိုပေမယ့်၊ လျှောက်လှမ်းခဲ့ရသော ဘဝလမ်းမှာ မိတ်ဆွေအစစ်၊ အားပေးဖော် အဖြစ် ဖြစ်သည့် စာအုပ် စာပေများကို ဖတ်ရှု၊ လေ့လာ၊ မှတ်သား ခဲ့ရာမှ တဆင့်၊ [illegible] သို့ (2003) ခု၊ ဖေဖော်ဝါရီလထုတ် [illegible] မဂ္ဂဇင်းမှ 'ဆန္ဒ' [illegible] တို့နှင့် [illegible] မဂ္ဂဇင်းမှ [illegible] ပြီးသော်လည်း [illegible] တို့ဖြင့် စတင် [illegible] ခဲ့။ ထို့နောက် မဂ္ဂဇင်းနှင့် ဂျာနယ်တို့တွင် စာပေ [illegible] ဝတ္ထုတိုများ ဆက်လက်ရေးသား [illegible] ယခုအခါတွင် [illegible] (၁၀) ပုဒ်ခန့်ပါ၊ [illegible] ရှိခဲ့။

အရပ် (၁၁၀)၊ (၃) [illegible]၊ (၁) [illegible]၊ (၁) [illegible]၊ သာမြို့သစ်၊ [illegible] ကုန်း၊ မြို့နယ်တွင် နေထိုင်လျက်ရှိသည်။

## သက်သေ

လွန်ခဲ့သောရှစ်နှစ်ခန့်က ကျွန်တော့်အသက် (၁၄) နှစ်သားသာ ရှိသေးခဲ့သည်။

ထိုသို့သောကာလလေး၏ မိုးရာသီတစ်ညဉ့်ဖြစ်သည်။ အဖေက "သားကြီး . . ဒီည အဖေနဲ့ လယ်ထဲ လိုက်ခဲ့ကွာ။ တကယ်လို့ မိုးရွာတဲ့အခါ ပျိုးခင်းကို ရေမမြုပ်အောင်စောင့်ကြည့်ရင်း ဖားလည်းရိုက်ကြတာပေါ့" ဟူသောစကားကြောင့် ကျွန်တော်နှင့်အဖေ လယ်ထဲသို့ ရောက်ရှိနေရသည်။

ကာလကလည်း ညဟူသည့်အတိုင်း မှောင်မည်းနေသည်။ လေပြင်းတွေကလည်း တဟိုးဟိုးတိုက်ခတ်နေတာကြောင့် ကျွန်တော်တို့နေနေသောတဲလေးမှာ ပြိုသွားမလားထင်ရအောင် ယိမ်းယိုင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သည့်ပြင် ဝန်းကျင်မှဖားအော်သံတွေကလည်း ညံစီနေသည်။ ခြင်ကိုက်သက်သာအောင် ဖိုထားသော မီးဖိုလေးမှ မီးညွန့်မှာလည်း လေဝှေ့တိုင်း ယိမ်းယိုင်နေသည်။

"ဝုန်း . . ဂျလိမ်း"

"အမေ့"

ရုတ်တရက်ထွက်ပေါ်လာသော မိုးချုန်းသံနှင့်အတူ လျှပ်စီးလက်မှုလင်းထိန်ထိန်ကြီးကြောင့် ကျွန်တော်လန့်ဖျပ်ပြီး အော်မိသွားသည်။

အဖေ့ကိုကြည့်လိုက်တော့ ဆေးပေါ့လိပ်ကြီး ပါးစပ်မှာခဲထားရင်း ရယ်ကျဲကျဲလုပ်နေသည်။

ကျွန်တော်ကတော့ အခုလိုညမျိုးတွေနှင့် အတွေ့အကြုံနည်းသူပီပီ ကြောက်လန့်နေမိသည်။

"ဒီညမိုးရွာမှာကွ။ အနည်းဆုံးတော့ သုံးပိဿာကျိန်းသေပဲ"

အဖေ့နှုတ်က ထွက်လာသောစကားသံကို ကျွန်တော်မည်သို့မျှပြန်မပြောမိဘဲ ပတ်ဝန်းကျင်ကိုသာ အကဲခတ်နေမိသည်။ အအေးဓာတ်ကလည်း ကဲလာတာကြောင့် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်ပိုမိုထိကပ်ရင်း မီးဖိုအနားတိုးကပ်လိုက်သည်။ ထိုသို့ရှိစဉ် ကျွန်တော်တို့တဲလေး၏ အနောက်တောင်ထောင့်ဆီမှ တဝေါဝေါမြည်သံကြီးကို ကြားလိုက်ရသည်။ ထိုအခါ အဖေ၏ဦးခေါင်းကြီးမှာ





ငုံ့ပြီးမီးလှုံနေရာမှ ဆတ်ခနဲထောင်လာသည်။

"မိုးလာပြီကွ"

"အဟုတ်လားအဖေ"

"အဟုတ်ပေါ့ကွာ။ မှတ်ထား . . ။အနောက်တောင်ထောင့်ကလာမှမိုး၊ ဒေါင်ဒေါင်မြည်မှအိုး၊ သုံးလွန်တင်မှကြိုးတဲ့"

အဖေရွတ်ပြလိုက်သောစာချိုးကြောင့် ကျွန်တော်ပြုံးမိသွားပြီး ဦးခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ် ကျွန်တော်တို့နှင့် ခန့်မှန်းရသောအဝေးမှ တဝေါဝေါမြည်သံမှာ တဖြည်းဖြည်းနီးကပ်စွာကြားလိုက်ရပြီး တစ်ခဏမှာပင် မိုးက ဝုန်းခနဲရွာချလိုက်လေတော့သည်။ ထိုစဉ် လျှပ်စီးကလည်း ဝင်းခနဲတစ်ချက်လက်လိုက်သောကြောင့် ကျွန်တော့်မျက်ဝန်းတည့်တည့် တစ်ခေါ်စာအဝေးမှ မန်ကျည်းပင်ကြီးဆီကို ကြည့်မိသွားသည်။

ထိုမန်ကျည်းပင်ကြီး၏ အကိုင်းအခက်တို့မှာ လုံးဝန်းပြီးမြေကြီးနှင့်နီးကပ်စွာရှိနေသည်။ ကျွန်တော်သည် လယ်ထဲသို့လာတိုင်း ထိုမန်ကျည်းပင်ကြီးအောက်မှာ မကြာမကြာအိပ်လေ့ရှိသည်။ အကိုင်းအခက်တို့၏ အိကျပုံမှာလည်း မြေကြီးနှင့်နီးကပ်လွန်းတာကြောင့် အပင်အောက်သို့ဝင်လျှင် ငုံ့၍ပင်ဝင်ရသည်။ အရိပ်လည်းကောင်းကောင်းရသည်။

ထို့ကြောင့် ကျွန်တော်တို့နှင့်လယ်ချင်းကပ်လျက်ရှိ လယ်ပိုင်ရှင်များနှင့် အခြားသောသွားကျောင်းသူတို့မှာ ထိုမန်ကျည်းပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်ရောက်လျှင်"တောက်. . အားရပါးရ အိပ်ပစ်လိုက်ရရင် တော့ကွာ"ဟု မချိကြိမ်း ကြိမ်းလေ့ရှိကြသည်။ သို့ပေမယ့် မအိပ်ရဲကြပေ။ အကြောင်းမှာ တစ်ခါက ကျွန်တော်တို့လယ်ဘေးမှ ဦးလေးဦးသန်းအောင်မှာ ညဘက်တီဗီကြည့်ရင်း ညဥ့်နက်သွားတာကြောင့် နေ့ခင်းဘက်မှာ အိပ်ချင်စိတ်အလွန်ပေါ်ပြီး ထိုမန်ကျည်းပင်အောက်မှာ အိပ်ဖို့ကြိုးစားဖူးသည်။ သူဘယ်လိုမှအိပ်၍မရ။ ဒါ့အပြင် နန္ဒင်းနံ့လိုလို၊ မီးနေသည်နံ့လိုလို ခပ်ညှီညှီအနံ့ရတာကြောင့် တော်တော်နှင့် အိပ်မရခဲ့။ သို့ပေမယ့် အိပ်ချင်စိတ်က ဘယ်လိုမှတားမရသောအခါ သူအိပ်ပျော်သွားခဲ့သည်။ သူအိပ်နေရာမှ နိုးသောအခါတွင်တော့ မန်ကျည်းပင်ကြီးနှင့်ဝါးတစ်ပြန်လောက်အကွာမှာ ဝါးရိုးကိုင်းခြောက်ပုံကြီးအနားတွင် ရောက်နေကြောင်း သိလိုက်ရတော့ ကြက်သီးမွေးညင်းများပင်ထပြီး သူ့လယ်မှတဲဆီသို့ တစ်ချိုးတည်း လစ်ပြေးခဲ့ကြောင်းကို အဖေ့တို့အားပြောပြ၍ ကျွန်တော်လည်းသိခဲ့ဖူးသည်။ ကျွန်တော်ကတော့ ဒါမျိုးတွေရှိသည်ကို မယုံကြည်ပါ။ ယုံကြည်၍လည်း မရပါ။

"ကဲ. . သားကြီး။ မိုးကာဝတ်တော့။ ဖားရှာထွက်မယ်။ ပြီးမှ ပျိုးခင်းရေကြည့်တာပေါ့"

အဖေ့စကားကြောင့် ကျွန်တော့်အတွေးစတို့ ပြယ်လွင့်ကုန်သည်။ အဖေ့ကိုကြည့်လိုက်တော့ ငါးဆထိုးဓာတ်မီးကြီးနှင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲထိုးကြည့်နေပြီ။ ကျွန်တော်လည်း မိုးကာအကြီ





ရှည်ကြီးကို ကောက်ဝတ်ပြီး အနားမှ ပလိုင်းကိုပါ ကောက်လွယ်လိုက်သည်။

"အဖေ. . သွားတော့မလား"

"အေး. . သွားမယ်"

အဖေ့စကားဆုံးသည်နှင့် ကျွန်တော်တို့နှစ်ယောက် တဲအပြင်ကို လှမ်းထွက်လိုက်သည်။ ထိုအခါ မိုးစက်နှင့်လေပြင်း၏ ထိတွေ့မှုကြောင့် ခန္ဓာမှာ ချမ်းစိမ့်သွားသည်။

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ မှောင်မည်းနေလို့ ဖားအော်သံနှင့် လေဖြူးသံတွေကလည်း ညံစီနေသည်။ လျှပ်စီးတွေကလည်း တဖျိုးဖျိုးတဖျပ်ဖျပ်နဲ့ လက်နေသည်။ ထိုသို့ လျှပ်စီးလက်တိုင်းလည်း ကျွန်တော်က မန်ကျည်းပင်ကြီးဆီကို ကြည့်ပစ်လိုက်သည်။

နောက်တော့ အဖေက လယ်ကန်သင်းရိုးပေါ်တွင်လျှောက်ရင်း လက်နှိပ်ဓာတ်မီးကိုထိုးလိုက်ရာ အလင်းရောင်အောက်မှာ မျက်လုံးလေးပြူးတီပြူးကြောင်နှင့် အသက်ရှူနေသော ဖားများကို တွေ့လိုက်ရသည်။ ထိုအခါ အလင်းရောင်ကြောင့် ကြောင်တိကြောင်တောင်ဖြစ်နေသောဖားများကို လက်ထဲမှ နွားကန်(တုတ်)နှင့် ရိုက်လိုက်ရာ ဖားမှာ ရှောင်ချိန်ပင်မရလိုက်ဘဲ ဆက်တင့်ငုံ့ခန္ဓာနှင့် သေပွဲဝင်ရတော့သည်။ ထိုအခါ ကျွန်တော်က ဝိညာဉ်မဲ့လုလုဖားကို ကောက်ပြီး ပလိုင်းထဲထည့်လိုက်သည်။ ထိုသို့ဖြင့် အချိန်တော်တော်လေးကြာသွားသောအခါ ကျွန်တော့်ပခုံးမှ ပလိုင်းမှာ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးလာသောကြောင့် ငုံ့ကြည့်လိုက်ရာ ဖားများပြည့်လုလုဖြစ်နေလေပြီ။

"အဖေ. . ပလိုင်းပြည့်တော့မယ်"

"ဟေ. . ဟုတ်လား။ ဒါဆို တော်ကြတော့မယ်လေ။ ကဲ. . လာ . . လာ. . လာ. . ။ ပျိုးခင်းသွားကြည့်ကြရအောင်"

အဖေ့စကားအဆုံးမှာရတော့ ကျွန်တော်တို့နှစ်ယောက် ပျိုးခင်းရှိရာသို့ ဦးတည်ပြီး လျှောက်သွားကြတော့သည်။

"ဝုန်း. . ဂျလိမ်း. . လိမ်း. . ရိမ်း"

"အဖေ့. ."

"ဟော့ကောင်. . ဘာဖြစ်တာလဲ"

ရုတ်တရက်ကြားလိုက်သော မိုးချုန်းသံကြီးကြောင့် လန့်သွားသည့်ကျွန်တော့်ကို အဖေက လှည့်ကြည့်ကာ ဓာတ်မီးနှင့်ထိုးရင်း မေးသည်။ ထိုအခါ ကျွန်တော်က ကြက်သီးများဖျင်းခနဲထလာရင်းမှ "ဘာမှမဖြစ်ပါဘူး။ မိုးချုန်းသံကြောင့်ပါ" ဟု ရယ်ကျဲကျဲနှင့် ဖြေလိုက်ရသည်။

"မင်းကလည်း အတော်သတ္တိကြောင်တဲ့ကောင်ပဲ။ တော်ပါပြီ။ နောက်နေ့တွေ မင်းမခေါ်တော့ဘူး"

အဖေက ကြောက်တတ်သော ကျွန်တော့်ကို စိတ်မရှည်သလိုနှင့်ပြောရင်း ရှေ့ဆက်လျှောက်သွားသည်။ ကျွန်တော်လည်း နောက်မှလိုက်သည်။





ထိုသို့ဖြင့် ပျိုးခင်း၏ကန်သင်းရိုးပေါ် ရောက်တော့ လှမ်းနေသော အဖေ့ခန္ဓာကိုယ်မှာ ရုတ်တရက်ရပ်သွားသည်။

"သား. . လာ. . အဖေ့အနားကပ်လှည့်"

အဖေ့စကားကြောင့် ကျွန်တော်လည်း အမြန်လျှောက်ပြီး အနားကပ်လိုက်သည်။ ပြီးတော့ အဖေက လက်နှိပ်ဓာတ်မီးနှင့် ရှေ့နားကိုထိုးပြီး "နင့်လမ်းနင်သွား။ ငါ့လမ်းငါသွားမယ်" ဟု ပြောတာကြောင့် ဓာတ်မီးအလင်းရောင်ရှိရာကိုကြည့်လိုက်ရာ ကျွန်တော့်လက်ကောက်ဝတ်ခန့်နီးနီးရှိသော အစိမ်းရောင်မြွေကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

"အမလေး. . ကြောက်စရာကြီး"

"မင်းကလည်း. . လင်းမြွေပါကွာ။ အားအားရှိ ကြောက်ဖို့ပဲသိတယ်။ ကဲ. . လာ. . လာ"

အဖေက ပြောရင်း ရှေ့ဆက်လျှောက်သည်။ ကျွန်တော်လည်း အဖေ့အနားမှကပ်ပြီး လိုက်နေမိသည်။ ထိုသို့ဖြင့် ခြေလှမ်းဆယ့်ငါးလှမ်းခန့် လှမ်းပြီးသောအခါ ပျိုးခင်း၏ကန်သင်းရိုးတွင် ရေဆင်းပေါက်ဖွင့်ထားသည့်မြောင်းကို တွေ့လိုက်ရသည်။ ထိုအခါ သူ့အဖေက သူ့လက်ထဲမှ နွားကန်(တုတ်)ကို ချောဘေးသို့ချပြီး လက်နှိပ်ဓာတ်မီးကိုလည်း ကျွန်တော့်ထံပေးသည်။

"ရော့. . ငါ့ကိုမီးထိုးပြ။ ဒီမိုးအတိုင်းသာဆိုရင် ခဲ့ငါးခဲ့မှရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ပြောပြောဆိုဆိုနှင့် ဖိနပ်ကိုချွတ်၊ ပုဆိုးခါးတောင်းကျိုက်ပြီး လယ်ထဲဆင်းလိုက်သည်။ ပြီးတော့ သူ့လက်သန်သန်မာမာကြီးနှစ်ဖက်ဖြင့် ကန်သင်းဘောင်သားကို ဖဲ့ပြီးချဲ့နေသည်။

ကျွန်တော်ကလည်း အမေ့ကို ခါတ်မီးကြီးနှင့်ထိုးပြရင်းကြည့်နေမိသည်။ ထိုစဉ် မန်ကျည်းပင်ကြီးရှိရာဘက်မှ လျှပ်စီးတစ်ချက် ဝင်းခနဲလက်လိုက်တာကြောင့် အကြည့်ကရောက်သွားသည်။ ထိုအခါ. .

ကျွန်တော်အံ့အားသင့်သွားရသည်။ ဒါကြောင့် သေသေချာချာမြင်ရရန် မျက်နှာကိုပွတ်သပ်ပြီး ကြည့်မိလိုက်သည်။ ခန္ဓာတစ်ခုလုံးမှာ ကြက်သီးက ဖြန်းခနဲထလာသည်။ မြင်ရသောမြင်ကွင်းက မယုံချင်စရာ။

မန်ကျည်းပင်ကြီး၏ဘေးတွင် ဇာတ်ထဲမှ အငြိမ့်မင်းသမီးကဲ့သို့ ဝတ်ဆင်ထားသော မိန်းမငါးယောက်၏ ကနေသည့်မြင်ကွင်း။ သူတို့ဘေးတွင် အလင်းရောင်က မှိန်ပျပျနှင့်။ ဝတ်ထားကြတာကလည်း အဖြူရောင်တွေချည်း။ မြင်နေရသောအနေအထားကတော့ ဒူးအထက်ပိုင်းသာ။ အောက်ပိုင်းကတော့ လယ်ကန်သင်းရိုးတွေကွယ်နေတာကြောင့်ဖြစ်နိုင်တယ်ဟု ကျွန်တော်မှတ်ချက်ချလိုက်မိသည်။

ထိုသို့ ထူးဆန်းအံ့ဩဖွယ်မြင်ကွင်းကိုကြည့်နေရင်း ကြက်သီးမွေးညင်းတွေ တဖျင်းဖျင်းထလာပေမယ့် အကြည့်က မခွာမိ။





သေချာသည်။ ဇာတ်ပွဲတွေထဲမှ ယိမ်းအကကဲ့သို့ ညီညီညာညာကနေကြသော မြင်ကွင်းမှာ တကယ့်ကိုလှပသည်။

"အဖေ့ကိုပြောလိုက်ရင် ကောင်းမလား"

စိတ်ထဲက ဒတွေးမိပြီး အဖေ့ကိုကြည့်လိုက်တော့ ကန်သင်းရိုးမှ ရွှံ့စိုင်တွေကို ဖဲ့နေဆဲ။ ကျွန်တော်လည်း ခါတ်မီးကို သေသေချာချာထိုးပြထားပြီး မန်ကျည်းပင်ကြီးဆီကို အံ့ဩစိတ်နှင့် ငေးကြည့်လိုက်ပြန်သည်။

"ဟား. . ဟုတ်ကောဟုတ်ရဲ့လား"

စိတ်ထဲမှ ဇဝေဇဝါနှင့် တွေးမိပြီး ငေးကြည့်နေဆဲမှာပင် ကနေကြသောမင်းသမီးငါးယောက်ထဲမှ တစ်ယောက်မှာ ကျွန်တော်နှင့်အဖေရှိရာကို လျှောက်လာနေပြီဟု ထင်မိလိုက်သည်။

လျှပ်စီး ဖြိုးခနဲလက်လာပြန်သည်။ ကျွန်တော်လည်း စေ့စေ့ငုငုကြည့်မိလိုက်သည်။ ဟုတ်သည်။ ကနေသော ငါးဦးထဲမှ တစ်ဦးမှာ ကျွန်တော်တို့ဆီ လျှောက်လာနေသည်။

ကျွန်တော်သည် တွေဝေမှင်တက်စွာနှင့် ငေးကြည့်နေမိသည်။ ထိုအခါ ကျွန်တော်သတိထားမိလိုက်သည်။ ကျွန်တော်တို့ထံလျှောက်လာနေသောမင်းသမီးမှာ ခြေထောက်များနှင့် လမ်းလျှောက်ခြင်းမဟုတ်ဘဲ လေပေါ်မှာခြေစုံရပ်ထားပြီး လာနေခြင်းဖြစ်သည်။

ကျွန်တော်လည်း အကြည့်ကိုမလွှဲဘဲ ငေးမြင်ငေးနေမိလိုက်သည်။ ကျွန်တော်နှင့် နီးလာသည်။ ပိုပြီးနီးလာသည်။ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ သဲသဲကွဲကွဲမမြင်ရသေး။ ထို့ကြောင့် မျက်နှာကို သဲသဲကွဲကွဲ မြင်ရရန် စူးစူးစိုက်စိုက်နှင့် ကြည့်နေလိုက်သည်။ ကျွန်တော်နှင့် တဖြည်းဖြည်း နီးသထက်နီးလာသည်။ ထိုသို့ဖြင့် ကျွန်တော်နှင့် ဝါးနှစ်ပြန်ခန့်လောက်အကွာကို ရောက်လာသောအခါ မိုးစက်မိုးပေါက်များအောက်တွင် လျှပ်စီးရောင်ကြောင့် သဲသဲကွဲကွဲမြင်လိုက်ရသည်။

"ဟာ. . ခေါင်းကြီးက နောက်ပြန်ကြီး။ ဟာ. . အဖေ. . အဖေ. . ဟို. . ဟိုမှာ. . ခေါင်း. . ခေါင်းကြီးက နောက်ပြန်ကြီး"

ကျွန်တော်လည်း ထိတ်ထိတ်လန့်လန့်နှင့် အဖေ့ကိုပြောရင်း လယ်ထဲကို ခုန်ဆင်းလိုက်သည်။ ဓာတ်မီးကိုတော့ လက်က ကျစ်ကျစ်ပါအောင်ဆုပ်ထားဆဲ။

"ဟေ့ကောင်. . ဘာလဲကွ"

အဖေက ဒေါသတကြီးနှင့်ပြောရင်း ကျွန်တော့်ပခုံးကိုကိုင်လှုပ်သည်။ ကျွန်တော်လည်း စောစောက မင်းသမီးလာရာဆီသို့ ဓာတ်မီးနှင့်ထိုးရင်း. .

"ကျွန်. . ကျွန်တော် မင်းသမီးလို ဝတ်ထားတဲ့ မိန်းမတစ်ယောက်ကို တွေ့လိုက်ရတယ်။ ပြီးတော့ ကျွန်တော့်တို့ဆီလျှောက်လာတယ်။ အနားလည်းရောက်ရော ခေါင်းကြီးက နောက်ပြန်ကြီး အဖေ"

ဟု ပြောလိုက်တော့ အဖေက ဟားတိုက်ပြီးရယ်သည်။





လေတိုက်သံ၊ မိုးစက်ကျသံနှင့် ဟားအော်သံတွေကြားမှာ အဖေ့ရယ်သံက ရောယှက်သွားသည်။

"ဟား. . ဟား. . ဟား. . ဘာများလဲလို့ ငါ့သားရာ။ မင်း အိပ်ချင်မူးတူးနဲ့ ပေါက်ကရတွေ လျှောက်မြင်နေတာကိုး။ ဟား. . ဟား. . ဟား။ ကဲ. . ပြီးပါပြီကွာ။ ပြန်ကြတော့မှာပါ"

အဖေ၏အပြောနှင့် အမူအရာတွေကြောင့် ကျွန်တော် အဖေ့ကို စိတ်တိုမိသွားသည်။ သို့ပေမယ့် မည်သို့မျှပြန်မပြောတော့ဘဲ အဖေ့အနားကိုသာ ပိုမိုတိုးကပ်ပြီး မန်ကျည်းပင်ကြီးဆီ မကြည့်မိအောင်ပဲ နေမိလိုက်တော့သည်။

▶▶◀◀

အိမ်ပြန်ရောက်သောအခါ ကျွန်တော့်မှာ အိပ်၍မရခဲ့တော့။ သို့ပေမယ့် တစ်ချက်မှေးခနဲ ဖြစ်သွားပြီး နိုးထလိုက်သောအခါ တိုင်ကပ်နာရီကို ကြည့်မိလိုက်သည်။

"ဟင်. . ကိုးနာရီတောင် ထိုးနေပြီပဲ။ ဟူး. . ကျောင်းပိတ်ရက်မို့ တော်သေးတယ်"

ပါးစပ်က ညည်းမိရင်း အိမ်ရှေ့ကိုကြည့်လိုက်တော့ ဆန်ပြာနေသော အမေ့ကို တွေ့လိုက်ရသည်။

"အမေ. . အဖေကော လယ်ထဲသွားပြီလား"

ကျွန်တော့်မေးခွန်းကြောင့် အမေက လက်ထဲမှဆန်ကော



www.burmeseclassic.com

www.burmeseclassic.com



ကို ချလိုက်ပြီး "အေး. . နှင့်အဖေကော၊ နှင့်အဘွားကော လယ်ထဲသွားကြလေရဲ့။ သားကြီး. . နှင် ညက လယ်ထဲမှာ ဘာတွေအမှားလုပ်ခဲ့လဲမှ ငါတို့မသိတာ" ဟု မကျေမချမ်းအမူအရာနှင့် ပြောပြီး ဆန်ကိုဆက်ပြာနေတော့၏။

"ငါ. . ဘာမှား အမှားလုပ်ခဲ့မိလို့လဲ"

ပါးစပ်မှ ခပ်တိုးတိုးရေရွတ်မိရင်း ညကအဖြစ်အပျက်တွေကို အစမှအဆုံးထိနီးနီး တွေးနေမိတော့သတည်း။ ။

မောင်တည်တံ့ (ယင်းတော်)





# လူလေး(မြစ်ဝကျွန်းပေါ်)

## လူဝင်စားမောင်သန်းစိန်

ဦးကျော်ညွန့်၊ ဒေါ်[illegible]တို့မှ ၁၉၂၀ ခုနှစ်တွင်
[illegible]မြို့နယ် [illegible]ကျေးရွာတွင် မွေးဖွားခဲ့သည်။
[illegible] ကလောင်အမည်မှာ လူလေး (မြစ်ဝကျွန်းပေါ်)။
[illegible] ၂၀၀၅ ခုနှစ် [illegible]လတွင်
[illegible] "ငါ့ရိုးရာ [illegible]" [illegible]
[illegible] ရေးသားနေသည်။

လူလေး (မြစ်ဝကျွန်းပေါ်)

www.burmeseclassic.com

www.burmeseclassic.com



## လူဝင်စား မောင်သန်းစိန်

ကျွန်ုပ်သည် ဝိညာဉ်များအကြောင်း၊ လူဝင်စားများ အကြောင်း ဖတ်ဖူးသည်။ ကြားဖူးသည်။ သို့သော် ကျွန်ုပ်ကိုယ်တိုင် မတွေ့ဖူး၊ မမြင်ဖူးသေး၍ ဟုတ်ပါ့မလား၊ ဟုတ်နိုင်ပါ့မလားဟု သံသယဝင်ခဲ့မိသည်။

ကျွန်ုပ်တို့ သပြေကုန်းရွာနှင့် သုံးမိုင်ခန့်ဝေးသည့် ခွေးလေး ရွာတွင် လူဝင်စားဦးသန်းစိန်ဆိုသောလူတစ်ဦးရှိကြောင်း ကျွန်ုပ် ဖခင်ပြောပြ၍ သိရသည်။ ကျွန်ုပ်ကိုယ်တိုင် လူဝင်စားဦးသန်းစိန် အား တွေ့ဖူး၊ မြင်ဖူးလိုသည့်ဆန္ဒက ကျွန်ုပ်စိတ်တွင် တဖွားဖွား ပေါ်ပေါက်နေသည်။ ဦးသန်းစိန်နှုတ်ဖျားမှ သူသည်လူဝင်စား ဖြစ်ကြောင်း ခိုင်လုံသည့်သက်သေအထောက်အထား ပြောစကား





များကို ကြားချင်နေမိသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ဖခင်နှင့်အတူ အိမ်ရှေ့ကွပ်ပျစ် တွင် မိုးနှီးထိုင်ထိုးနေကြသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့အိမ်ရှေ့သို့ လူကြီးတစ်ယောက်ဝင်လာနေသည်ကို တွေ့ရသည်။ ကျွန်ုပ်ဖခင် က အဆိုပါလူကြီးအား မြင်သွားပြီး ဖိတ်ခေါ်လိုက်သည်။

"ဟာ . . ကိုသန်းစိန်ပါလား။ လာ . . ထိုင်ဗျာ။ ရေနွေးကြမ်း သောက်ပါဦး။ အလည်သက်သက်ပဲလား"

"အလည်လာရင်း ကိုကျော်ညွန့်ကို အကူအညီတစ်ခု တောင်းချင်လို့ဗျ"

"ဘာများလဲဗျ။ အကူအညီပေးနိုင်ရင်တော့ ပေးရမှာ ပေါ့ဗျာ"

"ကိုကျော်ညွန့်တို့ဥယျာဉ်မှာ ဒီမိုးတွင်း သခွားပင်စိုက်ချင် လို့ပါ"

"ရပါတယ်ကိုသန်းစိန်။ ကိုသန်းစိန်သခွားစိုက်လို့ ကျွန်တော် တို့ငှက်ပျောပင်ကို မထိခိုက်ပါဘူး။ ပေါင်းမြက်ရှင်းပြီးသားတောင် ရပါသေးတယ်"

"ဝမ်းသာလိုက်တာဗျာ"

ဟုပြောရင်း ကျွန်ုပ်တို့သားအဖအနီးသို့ ဝင်ထိုင်လိုက်ပြီး ရေနွေးကြမ်းငှဲ့၍သောက်နေသည်။

ကျွန်ုပ်သည် ကိုသန်းစိန်ဆိုသောနာမည်ကို ကြားရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လူ့ဝင်စားဦးသန်းစိန်များ ဖြစ်နေမလားဟု စိတ်ဝင်စားသွားမိသည်။

"အဖေ . . ခွေးလေးရွာက ဦးသန်းစိန်များလား"

"ဟုတ်တာပေါ့ကွ။ အဖေပြောပြောနေတဲ့ လူဝင်စားကိုသန်းစိန်ဆိုတာပေါ့"

"ဘာဖြစ်လို့လဲ ကိုကျော်ညွန့်။ ခင်ဗျားသားက ဘာသိချင်လို့တုံး"

"ကိုသန်းစိန်ရေ . . ကိုသန်းစိန် လူဝင်စားဖြစ်တယ်ဆိုတာ ကျွန်တော့်သားက သိပ်မယုံဘူး။ သူကိုယ်တိုင် မြင်ချင်တယ်၊ ကြားချင်တယ်တဲ့ဗျာ။ ခင်ဗျား ကျွန်တော့်သားကို ပြောပြလိုက်ပါဦး"

"ပြောပြရမှာပေါ့ဗျာ။ ကျွန်တော်ကလည်း ပြောပြချင်နေတာနဲ့ အတော်ပါပဲ"

ဟုဆိုကာ ကျွန်ုပ်အား စီကာစဉ်ကာပြောပြပါတော့သည်။

▸▸ ◂◂

ဦးသန်းစိန်၏ ယခင်မိဘနှစ်ပါးဖြစ်သည့် ဦးစအုန်းမောင်နှင့် ဒေါ်နန့်သဲမူသည် ကရင်လူမျိုးများဖြစ်သည်။ မြစ်ဝကျွန်းပေါ် ထောက်ကြာကုန်းဆိုသော ကရင်ရွာလေးတွင် နေထိုင်ကြသည်။

ဦးစအုန်းမောင်နှင့်ဒေါ်နန့်သဲမူတို့ အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ခန့်တွင် သမီးလေးတစ်ဦးဖွားမြင်ခဲ့သည်။ သမီးလေးအား



နန့်စိန်တင်ဟု အမည်ပေးလိုက်သည်။ သမီးလေးနန့်စိန်တင် (၄) နှစ်သမီးအရွယ်တွင် ဦးစအုန်းမောင်တို့မိသားစု ထောက်ကြာကုန်းရွာထဲမှပြောင်းရွှေ့ပြီး သူတို့ပိုင်လယ်ကွင်းတွင် အိမ်တစ်လုံးဆောက်၍ သွားရောက်နေထိုင်ကြသည်။

လယ်လုပ်ငန်းအောင်မြင်လာပြီး စီးပွားရေးကောင်းလာသောကြောင့် နွားမတစ်ရှဉ်းဝယ်မွေးလိုက်သည်။ ကံကောင်းသည်ဟု ပြောရမည်။ နွားမနှစ်ကောင်စလုံး ဗိုး(သန္ဓေ)ပါလာသဖြင့် ဦးစအုန်းမောင်တို့မိသားစု ပျော်နေကြသည်။

လုံ့ထမ်းလာတာမြင်ရမည်၊ ကံထမ်းလာတာမမြင်ရ ဆိုသောစကားလိုပင် ဦးစအုန်းမောင်၏နွားမနှစ်ကောင်လုံး နွေရာသီတွင် ရှေ့ဆင့်နောက်ဆင့် နွားထီးလေးနှစ်ကောင်မွေးသည်။ နွားထီးလေးများက အသွေးအမွေးလှပြီး နွားချောလေးများဖြစ်သည်။ ဦးစအုန်းမောင်တို့ ကံကောင်းပြီးရင်း ကံကောင်းနေတော့သည်။

သမီးလေးနန့်စိန်တင်မွေးပြီးကတည်းက စီးပွားရေးအဆင်ပြေလာ၍ တစ်ဦးတည်းသောသမီးလေးအား အချစ်ပိုခဲ့သည်။ သမီးလေးနန့်စိန်တင်အား ငါးနှစ်အရွယ်တွင် အစိုးရမူလတန်းကျောင်းရှိသော ခွေးလေးရွာရှိ အဒေါ်ဖြစ်သူအိမ်တွင် သွား၍ကျောင်းထားခဲ့သည်။

နန့်စိန်တင်က စာတော်သည်ဟု ပြောရမည်။ သူ့အသက် (၁၀) နှစ်တွင် သုံးတန်းသို့ရောက်နေပြီဖြစ်သည်။ သူလည်း ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်မွန် ရေးတတ်၊ ဖတ်တတ်၍ စာမတတ်ကြသော မိဘနှစ်ပါးက ဝမ်းသာနေကြသည်။

▶▶ ◀◀

ထိုခေတ်အခြေအနေက ပညာရေးမထွန်းကားသဖြင့် ရွာတွင် စာမတတ်သူများသည်။ စာသင်ဖို့ထက် လယ်ယာလုပ်ငန်းခွင်ဝင်ဖို့ကိုသာ ဦးစားပေးကြသည်။ ဦးစအုန်းမောင်တို့ လယ်ကွင်းထဲကအိမ်နှင့် ခွေးလေးရွာသည် ဝေးသည်မဟုတ်။ ထောက်ရှာကုန်းရွာနှင့် ခွေးလေးရွာကြားတွင် ရှိသည်။ ငါးမိနစ်၊ ဆယ်မိနစ် လမ်းလျှောက်သည့်နှင့် ရောက်သည်။

ထို့ကြောင့် ခြေခင်းလက်ခင်းသာချိန်တွင် သမီးမနန့်စိန်တင်အား လယ်ကွင်းထဲကအိမ်မှ ကျောင်းတက်စေသည်။ ဦးစအုန်းမောင်နှင့် ဒေါ်နန့်သဲမှုတို့ သမီးဖြစ်သူအား မခွဲနိုင်တာလည်းပါသည်။ နန့်စိန်တင်က ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာကောင်းသည်။ ရယ်လိုက်လျှင် ပါးချိုင့်လေးနှစ်ဖက် ခွက်သွားသည်ဆိုသည်။

အိမ်တွင်မွေးထားသော ခွေးကြီးရန်လုံက နန့်စိန်တင်နှင့်ကစားဖော်ကစားဖက်။ လူစိမ်းများ အိမ်နားဖြတ်လျှောက်လျှင်လိုက်ကိုက်တတ်သော ခွေးကြီးရန်လုံကလည်း နန့်စိန်တင်တစ်ခွန်းပြောလိုက်သည်နှင့် ငြိမ်သွားသည်။ အမြီးလေးတနန့်နန့်နှင့် သခင့်အနားပြေးလာတော့သည်။ နွားမနှစ်ကောင်က မွေးထားသော တိုး





ကြီးနှင့်တိုးလေး နွားထီးနှစ်ကောင်ကလည်း နန့်စိန်တင်နှင့် ရင်းနှီးသည်။ လူစိမ်းများ အကပ်မခံသော တိုးကြီး၊ တိုးလေးနွားနှစ်ကောင်သည် နန့်စိန်တင်အနားသွားပြီး ပွတ်ပေးလျှင် ငြိမ်နေတတ်သည်။

စီးပွားရေးအဆင်ပြေလာသော ဦးစအုန်းမောင်နှင့် ဒေါ်နန့်သဲမှုတို့သည် သမီးလေးနန့်စိန်တင်အား ရွှေငါးမူးသားခန့်ရှိ ပတ္တမြားနားကပ်တစ်ရံဆင်ပေးသည်။ မိဘနှစ်ပါးက နန့်စိန်တင်ကို အရိပ်တကြည့်ကြည့်။ နန့်စိန်တင်ကလည်း သူ့ကိုချစ်သော၊ အလိုလိုက်သော မိဘနှစ်ပါးအား ကျေးဇူးတင်နေမိသည်။ လေးစားနေမိသည်။ ဝမ်းသာနေမိသည်။

လယ်ကွင်းကိုဖြတ်ပြီး နေပူပူတွင်ကျောင်းသွားတက်ရသော သမီးနန့်စိန်တင်တစ်ယောက် ရေချိုးမှားကာ အပြင်းဖျားသည်။ အနီးပတ်ဝန်းကျင်တွင် ဆေးဆရာမရှိ၍ ဆေးမြီးတိုများဖြင့်ကုသော်လည်း အဖျားမကျ။ တဖြည်းဖြည်းရောဂါအခြေအနေဆိုးလာသည်။ ဝါးခယ်မမြို့သို့ သွားရောက်ဆေးကုရန်စီစဉ်နေစဉ် နန့်စိန်တင်ရေတိမ်နစ်သွားခဲ့သည်။

နန့်စိန်တင်သေသွားသည်ကို သူကိုယ်သူမသိ။ သူအိပ်နေသော အိပ်ရာဘေးတွင် သူ့အားဖက်၍ငိုနေသော မိခင်နှင့်ဖခင်ကို တွေ့နေရသည်။ အမိုးနဲ့ဖထီး ဘာလို့ငိုနေတာလဲဟု အိမ်ထဲပြေးမေးချင်ပေမယ့် အိမ်ထဲဝင်၍မရ။ အော်မေးလိုက်သော်လည်း အသံကမထွက်။ သူဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဘာသာတွဖြစ်ကုန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ ဘာတွေဖြစ်သွားလို့လဲ။ ဘာဆိုဘာမှ ကွဲကွဲပြားပြား နန့်စိန်တင် မသိဖြစ်နေသည်။

▶▶ ◀◀

ထူးခြားသည်မှာ နန့်စိန်တင်တို့အိမ်တွင် လူတွေဝင်လိုက် ထွက်လိုက်နှင့် ရှုပ်ယှက်ခတ်နေသည်ကိုတော့ တွေ့နေရသည်။ ခွေးကြီးရန်လုံး၏ဟောင်သံကိုလည်း ကြားနေရသည်။ ရန်လုံးကို သူ့ဖထီးက သံကြိုးဖြင့်ချည်ထား၍ ရုန်းကန်နေသည်ကို မြင်နေရသည်။ "ရန်လုံ့ကို သံကြိုးနဲ့ချည်မထားပါနဲ့ ဖထီး" ဟု ဖထီးအား သွားပြောချင်ပေမယ့် သွားလို့မရ။ ပြောလို့မရ။ ခွေးကြီးရန်လုံ့နားတွင် သူရှိနေသည်ကို ရန်လုံးလိုလားပုံမပြ။ သူ့ကိုကြည့်ပြီး ဟောင်နေသည်။

တိုးကြီးနှင့်တိုးလေးနားသွားကြည့်တော့ နားရွက်ထောင်ပြီး တရှုံးရှုံးနှင့် နှာမှုတ်နေသည်။ အရင်တုန်းက သူအနားသွားလျှင် ငြိမ်နေတတ်သော တိုးကြီးနှင့်တိုးလေး အခု ဘာကြောင့် သူ့ကို အနားအကပ်မခံတာလဲ။ စဉ်းစားလို့မရ။ သူ့ကို ဘာကြောင့် လက်မခံတော့တာလဲ။ တွေ့သမျှ၊ မြင်သမျှ၊ ကြားသမျှ အားလုံးသည် သဲသဲကွဲကွဲမရှိ။ မှုန်ဝါးဝါးတွေသာဖြစ်နေသည်။

ဦးစအုန်းမောင်နှင့် ဒေါ်နန့်သဲမူတို့သည် ဗုဒ္ဓဘာသာ တလိုင်းကရင်လူမျိုးများဖြစ်သည်။ နန့်စိန်တင်သေပြီး (၇) ရက်ပြည့်သောနေ့တွင် ရက်လည်ဆွမ်းသွပ်တရားနာရန် ခွေးလေးရွာလယ်





ဆရာတော် ဦးတိလောကအား ပင့်ဖိတ်ခဲ့သည်။

"(. . .) ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းသွားသော နန့်စိန်တင်၊ အသက်(၁၁) နှစ်အား ရည်စူး၍ ပြုလုပ်သော ကောင်းမှုကုသိုလ်ကို အတူတကွတရားနာရန်. ."

နန့်စိန်တင်တရားနာလိုက်ရမှ သူ့ကိုယ်သူသေသွားမှန်း သိလိုက်သည်။ ဝမ်းနည်းကာ မျက်ရည်ကျမိသည်။ သူကျသောမျက်ရည်အား ဘယ်သူမှတွေ့မည်မဟုတ်။ ယခင်က မိခင်နှင့်ဖခင်နှစ်ယောက်အား အနားကပ်ပြီး နွဲ့ဆိုးဆိုးခဲ့သော နန့်စိန်တင်။ အခုတော့ အနားကပ်လို့မရ။ ခွေးကြီးရန်လုံကလည်း သူ့ကို မသိတော့။ မမြင်တော့။ တိုးကြီးနှင့်တိုးလေး နွားထီးလေးနှစ်ကောင်ကလည်း အနားကပ်မခံ။ ၎င်းတို့နှင့် သူသည် ဘဝခြားသွားပြီကော. .။

"နန့်စိန်တင် သမီးလေးရေ. . ရောက်ရာဘဝက သာဓုခေါ်နိုင်ရန် အမေအမျှပေးတယ်။ သမီးရေ. . သာဓုခေါ်ပေတော့။ ကြားကြားသမျှ အမျှ. . အမျှ. . အမျှ. . ဝေမျှကုသိုလ် ရမှုဆို. . သာဓု. . သာဓု. . သာဓု"

ဟု ဝမ်းနည်းကြေကွဲနေသော အမိုး၏အမျှဝေသံကို နန့်စိန်တင်ကြားလိုက်ရသည်။

"သာဓု. . သာဓု. . သာဓု"

ဟု နန့်စိန်တင်လိုက်ဆိုလိုက်သည်။

နန့်စိန်တင် သာဓုခေါ်ဆိုလိုက်ရ၍ ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဝိညာဉ်သည် သွားချင်ရာသွား၊ လာချင်ရာလာ လွင့်မျောနေသည်။ စိတ်သွားတိုင်း ကိုယ်ပါသည်ဟု ထင်နေသည်။

▶▶ ◀◀

တစ်နေ့ ချောင်းထဲတွင် လှေတစ်စင်းလှော်လာနေသည်ကို နန့်စိန်တင်တွေ့လိုက်ရသည်။ လှေပေါ်တွင် ဦးကြီးတစ်ယောက်က လှေပဲ့ပိုင်းက လှော်နေသည်။ ဒေါ်ကြီးတစ်ယောက်က လှေဦးကနေ ထိုင်လှော်လာသည်။ နန့်စိန်တင် ထိုလှေကိုမြင်သည်နှင့် လိုက်ချင်စိတ်ပေါ်လာသည်။ ထို့ကြောင့် မပြောမဆို လှေပေါ်ခုန်တက်လိုက်သည်။ လှေက သိမ့်ခနဲ လှုပ်ခါသွားသည်။

"ကိုသောင်းဟန်. . ရှင် လှေကို ဘာလုပ်လိုက်သလဲ။ လှေပေါ် တစ်ယောက်ယောက်ခုန်တက်လိုက်သလိုပဲ"

ဟု နောက်လှည့်၍ သူ့ယောကျ်ားအားမေးသည်။

"ငါ. . ဘာမှလည်း မလုပ်ပါဘူး။ ဘယ်သူမှလည်း ခုန်မတက်ပါဘူးကွာ။ မတင်ရွှေ စိတ်ထင်လို့ နေမှာပါ"

ဟု သူ့ဇနီးအား ပြန်ပြောလိုက်သည်။

ဒေါ်တင်ရွှေစိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသည်။ တကယ်ကို လူတစ်ယောက်ခုန်တက်လိုက်၍ လှေလှုပ်ခါသွားသည့်ပုံစံ။ လှေပေါ်တွင် လူတစ်ယောက်လိုက်လာနေသည်ဟုလည်း စိတ်ထဲတွင် မသိုးမသန့်ဖြစ်နေသည်။ မမြင်ရတော့လည်း ငြင်းနေ၍မရ။ စိတ်





ထဲတွင် စနိုးစနောင့်နှင့်သာ နေလိုက်ရသည်။

နန့်စိန်တင်သည် လှေဦးတွင်လှော်နေသော ဒေါ်တင်ရွှေကို ဖက်ချင်စိတ်ပေါက်လာသည်။ သို့သော် အနားကပ်၍ကား မရ။ ဒီလိုနှင့် လှေပေါ်ပါသွားသည်။

ဦးသောင်းဟန်နှင့် ဒေါ်တင်ရွှေတို့နှစ်ယောက် လှေဆိပ်တွင်ဆိုက်၍ လှေကိုကြိုးချည်ပြီး တံတားပေါ်မှတစ်ဆင့် ကုန်းပေါ်တက်သည်။ နန့်စိန်တင်က နောက်ကလိုက်သည်။ အချိန်က ညနေနေဝင်ချိန်။ ရွာထဲရောက်တော့ ခွေးတွေဝိုင်းအူကြသည်။

ဦးသောင်းဟန်က ရှေ့ကသွားပြီး ဒေါ်တင်ရွှေက နောက်ကလိုက်သည်။ အိမ်ထဲသို့ ဦးသောင်းဟန်က အရင်ဝင်သည်။

"ကိုသောင်းဟန်. . သောက်ရေတစ်ခွက်လောက် ခပ်ပေးစမ်းပါတော်။ ဘာဖြစ်လို့လဲ မသိဘူး။ ရင်တွေပူပြီး ရေအရမ်းဆာနေတယ်"

ဦးသောင်းဟန်က ရေအိုးစင်က ရေတစ်ခွက်ခပ်လိုက်ပြီး ဒေါ်တင်ရွှေကို လှမ်းပေးလိုက်သည်။

"ရော့. . မတင်ရွှေ။ ဖြည်းဖြည်းသောက်။ မြန်မြန်သောက်ရင် ရေနင်နေဦးမယ်"

"အေးပါတော်"

နန့်စိန်တင် ထိုအခွင့်အရေးကို အသုံးချလိုက်သည်။ သောက်ရေခွက်ထဲသို့ အမှိုက်သဏ္ဌာန်ဆောင်၍ ဝင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ရွှေတစ်ယောက် ရေဆာဆာနှင့် သောက်ချလိုက်ပါတော့သည်။ ထိုအချိန်မှစ၍ နန့်စိန်တင်အသီး နန့်စိန်တင်အမြင်တွေ မရှိတော့ဘဲ နိဂုံးချုပ်ခဲ့သည်။

"ကိုသောင်းဟန်. . ကျွန်မ ညက အိပ်မက်မက်တယ်ရှင့်"

"ဘယ်လိုမက်လို့လဲ မတင်ရွှေရဲ့"

"ဒီလိုရှင့်။ ဖြူဖြူချောချောကလေးတစ်ယောက်က ကျွန်မတို့ဆီမှာ လာနေချင်လို့ဆိုပြီး ခွင့်တောင်းတယ်။ ကျွန်မကလည်း လာနေချင်ရင်နေပေ့ါ။ ငါ့မှာ ကလေးမရှိလို့ လိုချင်နေတာနဲ့ အတော်ပဲလို့ ပြောလိုက်တယ်။ ကျွန်မ ကိုယ်ဝန်များရှိနေပြီလား မသိဘူး"

"မဖြစ်နိုင်ပါဘူးကွာ။ မတင်ရွှေအသက်က (၄၆) နှစ်ရှိနေပြီဆိုတော့ စဉ်းစားကြည့်ပေါ့။ သွေးဆုံးခါနီးလို့လည်း ဖြစ်မယ်။ စိတ်စွဲလို့ အိပ်မက်မက်တာပါ"

"စိတ်စွဲလို့ ဟုတ်မယ်မထင်ဘူး။ အသေအချာကို အိပ်မက်ထဲမှာ တွေ့လိုက်ရတာ"

"အေးပါကွာ. . ဟုတ်တော့လည်း ကောင်းတာပေါ့"

ဒေါ်တင်ရွှေကိုယ်ဝန်ရှိပြီဆိုတော့ ဦးသောင်းဟန်ပျော်နေသည်။ ဒေါ်တင်ရွှေက အဆိုးဆုံး။ တစ်ရွာလုံး လှည့်၍ကြွားသည်။ အများက မယုံကြ။ ဒီအရွယ်ရောက်မှ မဖြစ်နိုင်ပါဘူးဟု ပြောကြသည်။ ဒေါ်တင်ရွှေကို အားလုံးက မြူးနေသူအဖြစ် သတ်မှတ်ထားသည်။ အရွယ်ကောင်းတုန်းကဆို ဟုတ်ဦးမည်ဟုလည်း ပြောကြ





သည်။ အသက်(၅၀)နီးမှ ကံပေါ်တယ်ဆိုတာ မဖြစ်နိုင်ဘူးဟုလည်း ဆိုကြသည်။ ပြောကြသည်။

ဘယ်သူတွေဘာပြောပြော ဒေါ်တင်ရွှေတွင် အမှန်တကယ် ကိုယ်ဝန်ရှိနေ၍ ဦးသောင်းဟန်နှင့် ဒေါ်တင်ရွှေတို့ကတော့ ပျော်ရွှင်နေသည်။ ဝမ်းသာနေကြသည်။

ဒီလိုနှင့် ကိုးလလွယ်ကာ ဆယ်လအရောက်တွင် သားယောကျ်ားလေး ဖွားမြင်ခဲ့သည်။ သောကြာသားဖြစ်၍ မောင်သန်းစိန်ဟု အမည်ပေးလိုက်သည်။

►► ◄◄

ဦးသောင်းဟန်နှင့် ဒေါ်တင်ရွှေသည် မြန်မာလူမျိုးဖြစ်သော်လည်း မောင်သန်းစိန်စကားပြောတတ်သောအရွယ်တွင် မြန်မာစကားအပြင် ကရင်စကားပါပြောတတ်ကြောင်း ထူးဆန်းဖွယ်ရာ တွေ့ရသည်။ ထောက်ရှာကုန်းရွာက ကရင်လူမျိုးတွေလာလျှင် မောင်သန်းစိန်ပျော်နေတတ်သည်။ ကရင်လိုလည်း သူငို့နှင့်လိုက်ပြော၍ အားလုံးက အံ့ဩနေကြသည်။

မောင်သန်းစိန် စကားကောင်းကောင်းပြောတတ်သောအရွယ်တွင် မိဘနှစ်ပါးအား သူသည်လူဝင်စားဖြစ်ကြောင်းပြောသည်။

ယခင်ဘဝက မိဘနှစ်ပါးအမည်နှင့် သူ့အမည်အား မှန်ကန်စွာပြောနိုင်သည်။ သူ့မိဘက ပတ္တမြားနားကပ်လယ်ဆင်ပေးဖူး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းလည်းပါသည်။ မောင်သန်းစိန်တွင် နားပေါက်နှစ်ဖက် မွေးကတည်းက ပါလာသည်။ ခွေးကြီးရန်လုံနှင့် တိုးကြီး၊ တိုးလေး နွားပေါက်နှစ်ကောင်ရှိကြောင်းလည်း ပြောပြသည်။

အစပထမတွင် မောင်သန်းစိန်ပြောပြသည်ကို မယုံကြ။ သူပြောသည်များမှာ မှန်နေသဖြင့် မောင်သန်းစိန်လူဝင်စားဖြစ်ကြောင်း တစ်ရွာလုံးကယုံကြည်သွားကြသည်။ အနီးပတ်ဝန်းကျင်ရွာများကလည်း လူဝင်စားမောင်သန်းစိန်ဟု လူသိများလာကြသည်။

မောင်သန်းစိန် (၃) နှစ်သားအရွယ်တွင် ယခင်ဘဝက နေအိမ်ကို သွားပြီး မိဘနှစ်ပါးအားတွေ့ချင်သည်ဆို၍ ဦးသောင်းဟန်နှင့် ဒေါ်တင်ရွှေတို့လင်မယားနှစ်ယောက် မောင်သန်းစိန်လေးအား ခါးထစ်ခွင်ချီ၍ လိုက်ပို့ရသည်။

ဦးစအုန်းမောင်တို့ အိမ်နားရောက်တော့ ခွေးဟောင်ပြီး ကိုက်ရန်ပြေးလာသည်။ မောင်သန်းစိန်က "ဟဲ့. . ရန်လုံ။ ဟဲ့. . ရန်လုံ"ဟု နာမည်ခေါ်ပြီး တောက်ခေါက်လိုက်သည်နှင့် ခွေးကြီးရန်လုံသည် အမြီးနှန့်ပြီး ငြိမ်ကုပ်၍ကြည့်နေသည်။

ထိုအခြင်းအရာကိုမြင်သွားသော ဦးစအုန်းမောင်တစ်ယောက် အံ့ဩလွန်းမက အံ့ဩသွားသည်။ သူ၏ခွေးသည် ဘယ်လူစိမ်းမဆို ဟောင်သည်။ ပြေးကိုက်သည်။ အခုတော့ ကလေးက နာမည်ခေါ်ရုံနှင့် ငြိမ်ကုပ်သွားရသည်။ ဘယ်လိုပါလိမ့်ဟု စဉ်းစားမရဖြစ်နေသည်။



"ကိုသောင်းဟန်တို့ပါလား။ လာ. . အိမ်ပေါ်တက်ထိုင်လေဗျာ"

"ဒေါ်နန့်သဲမူကော ရှိသလား"

"ရှိပါ့ဗျာ။ မီးဖိုချောင်ထဲမှာ ထမင်းဟင်းချက်နေတယ်"

"ဒေါ်နန့်သဲမူ. . လာပါဦး။ သောင်းဟန်ပါဗျ။ ကျွန်တော့်ကလေးလည်း ပါတယ်"

"ဟုတ်ကဲ့. . လာပါပြီ ကိုသောင်းဟန်"

အိမ်ရှေ့ဧည့်ခန်းရောက်သည်နှင့် မောင်သန်းစိန်အား ချီထားရာမှ ချပေးလိုက်သည်။ မောင်သန်းစိန်လေးသည် မပြောမဆို ဒေါ်နန့်သဲမူရင်ခွင်ထဲသွားထိုင်ပြီး ပါးကိုင်လိုက်၊ မော့ကြည့်လိုက်နှင့် လုပ်နေသည်။ ဒေါ်နန့်သဲမူက အံ့ဩသောမျက်နှာနှင့် ကိုသောင်းဟန်တို့လင်မယားနှစ်ယောက်ကို ကြည့်လိုက်သည်။

ခဏကြာတော့ မောင်သန်းစိန်သည် ဦးစအုန်းမောင်ရင်ခွင်ထဲသို့ ပြောင်းထိုင်သည်။ ထို့နောက် ဦးစအုန်းမောင်ကို နောက်ပြန်လှည့်၍ ဖက်တွယ်ထားသည်။ ဦးစအုန်းမောင်ကလည်း ဒီကလေးလူမကြောက်ပါလားဆိုသည့်အသွင်နှင့် ကြည့်နေသည်။

ဦးသောင်းဟန်အကျိုးအကြောင်းပြောပြလိုက်တော့မှ လင်မယားနှစ်ယောက်စလုံး ဝမ်းသာ၊ ဝမ်းနည်းဖြစ်ပြီး မျက်ရည်လေးတစမ်းစမ်းနှင့် မောင်သန်းစိန်အား တစ်ယောက်တစ်လှည့် ပွေ့ဖက်၍ နမ်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းစိန်အား တိုးကြီး၊ တိုးလေးနွားနှစ်ကောင်နှား သွားပြီးပြတော့ "ဟော့. . တိုးကြီး၊ ဟော့. . တိုးလေး"ဟု ပါးစပ်က ပြောပြီး လက်နှင့် နွားနှစ်ကောင်ခေါင်းကို ပွတ်ပေးနေသည်။ တိုးကြီးနှင့်တိုးလေးက သိသည့်အလား ငြိမ်၍နေသည်။

"ဟုတ်တယ် ဦးသောင်းဟန်၊ ဒီနွားနှစ်ကောင်နဲ့ ခွေးကြီး ရန်လုံက လူစိမ်းသူစိမ်းဆို အနားကပ်လို့မရဘူး၊ ရန်လုံက အိမ်နား ဖြတ်လျှောက်တဲ့ လူစိမ်းမှန်သမျှ ကိုက်တာ၊ တိုးကြီးနဲ့ တိုးလေးက လည်း လူစိမ်းအနားကပ်ရင် လိုက်ဝှေ့တယ်"

"ငါ့သမီးလေးနန့်စိန်တင်မှ နန့်စိန်တင်အစစ်ပဲ"

ဟု ကိုစအုန်းမောင်တို့လင်မယားနှစ်ယောက် ရေရွတ်ရင်း အကြွင်းမဲ့ယုံကြည်နေတော့သည်။

▸▸ ◂◂

ပို၍အံ့သြစရာကောင်းသည်က မောင်သန်းစိန်(၄)နှစ်သား ခန့်တွင် စာမသင်ရသေးဘဲ တတိယတန်းဖတ်စာအား တစ်လုံးစ နှစ်လုံးစ ဖတ်တတ်နေခြင်းပင်ဖြစ်သည်၊ တစ်၊ နှစ်၊ သုံး၊ လေးကို လည်း နှစ်ဆယ်အထိ ရေတွက်တတ်သည်၊

နန့်စိန်တင်ဘဝက တတ်ထားသောစာများ၊ ယခုမောင် သန်းစိန်ဘဝတွင် တချို့တစ်ဝက်မှတ်မိနေသည်ဟု ယူဆရသည်၊ အပေါင်းအနုတ်အား တစ်ဆယ်ဂဏန်းအထိ မေးကြည့်လျှင် ဖြေ တတ်သည်။

မောင်သန်းစိန်အား ဦးစအုန်းမောင်တို့လင်မယားနှစ်





ယောက်က မွေးစားပါရစေဟု တောင်းသော်လည်း ဦးသောင်းဟန် နှင့် ဒေါ်တင်ရွှေတို့က "မပေးပါရစေနဲ့၊ ကျွန်တော်၊ ကျွန်မတို့မှာ လည်း ဒီသားလေးတစ်ယောက်ပဲရှိတယ်၊ ဒီသားကိုပဲ ချစ်နေရတာ၊ မကြာခဏလာကြည့်ပေါ့"ဟုသာပြောနိုင်သည်။

ယခင်ဘဝက ကျောင်းစာတော်တော်များများ မေ့သွားပြီ ဖြစ်သော်လည်း ကရင်စကားက ကြာလေတတ်လာလေပင် ဖြစ် သည်၊ မသိသူများက ကိုသန်းစိန်က ကရင်လားဟု မေးယူရသည်၊

မောင်သန်းစိန်သည် ယခုဘဝက မိဘနှစ်ပါးကို 'အဖေ. . အမေ'ဟု ခေါ်ပြီး ယခင်ဘဝက မိဘနှစ်ပါးလာလျှင် 'ဖထီး. . . အမိုး'ဟု ခေါ်ခဲ့သည်။

ယခင်က ခွေးလေးရွာဟုခေါ်သောရွာသည် ယခုအခါ ကန်သာကုန်းရွာဟု ခေါ်တွင်နေပြီဖြစ်သလို ယခင်က လူဝင်စား မောင်သန်းစိန်သည်လည်း ယခုအခါ အသက်(၈၀)ကျော် ဦးသန်း စိန်ဖြစ်နေပေပြီ၊ ရွာနီးချုပ်စပ်က လူများအား လူဝင်စားဦးသန်းစိန် ဟုမေးလျှင် အားလုံးက သိကြသည်။

▸▸ ◂◂

ဦးသန်းစိန်၏ စကားအဆုံး၌ ၎င်းဘဝဖြစ်စဉ်များအား ရုပ်ရှင်အနေးပြကွက်တစ်ခုကို ပြန်မြင်တွေ့ရသလို လူ့လောကတွင် ဆန်းကြယ်သောဖြစ်ရပ်ဆန်းများ အမှန်တကယ်ရှိနေပါကလားဟု ကျွန်ုပ်မှတ်ချက်ချလိုက်မိပါတော့သည်။ ။

လှလေး (မြစ်ဝကျွန်းပေါ်)



www.burmeseclassic.com